# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၈)


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၅)**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတက်ရောက်

# အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး တက်ရောက်စဉ်။ သတင်းစဉ်

**စင်ကာပူ ဧပြီ ၂၇**

(၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူမြို့ရှိ Gardens by the Bay ဉယျာဉ်သို့ သွားရောက်လေ့လာသည်။

**ရှင်းလင်းပြသ**

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် Gardens by the Bay သို့ ရောက်ရှိပြီး ဉယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ Chief Executive Officer Mr. Felix Loh က လိုက်လံရှင်းလင်းပြသသည်။

**လက်ဆောင်ပစ္စည်း ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် Gardens by the Bay ဉယျာဉ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး Mr. Felix Loh အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP တို့ တွေ့ဆုံဆွေးနွေးမှု အောင်မြင်စွာပြီးစီး နှစ်ဖက်သဘောတူညီချက်များရရှိပြီး ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့

စာ ၇



## ကိုရီးယားကျွန်းဆွယ်ပေါ် နျူကလီးယားလက်နက်ပပျောက်ရေး ရည်မှန်းချက်ပန်းတိုင်တစ်ရပ်ကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားခေါင်းဆောင်နှစ်ဦးတို့ အတည်ပြု

စာ ၁၄

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့တို့၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။


Myanmar's Largest Food & Hospitality Trade Exhibition



FHMM FOOD & HOTEL MYANMAR

Including: MCAC 2018 | Coffee & Tea Myanmar 2018 | MNBC 2018

6-8 June 2018 MEP at Mindama, Yangon

Register at www.foodandhotelmyanmar.com

Info Hotline : +951 378 975 Ext. 103

Officially Supported by: | Organised by: UBM

Admission - Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

မြန်မာ့အလင်း

# အမျိုးသားပညာရေးမြှင့်တင်ရေးဆိုင်ရာ ခြေလှမ်းတစ်လှမ်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်အရ နိုင်ငံခြားသားလုပ်ငန်းရှင်များသည် ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၌ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့်ရရှိတော့မည်ဖြစ်ပါသည်။ ဤကြေညာချက်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများနှင့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအပါအဝင် တိုင်းပြည်၏ ပညာရေးအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက် အားသစ်လောင်း တွန်းအားပေးလိုက်ခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သော သတင်းကြေညာချက်အရ အခြေခံပုဂ္ဂလိကကျောင်း၊ နည်းပညာနှင့်သက်မွေးဆိုင်ရာပညာရေးအပါအဝင် လေ့ကျင့်ရေးပုဂ္ဂလိကကျောင်း၊ အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းနှင့် ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ရသော ပုဂ္ဂလိကကျောင်းတို့ကို ရာနှုန်းပြည့်နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်ခွင့်ပြုသွားမည် ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းအပိုင်း၌ ပညာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားနိုင်သကဲ့သို့ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့်လည်း သင်ကြားနိုင်ပါသည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသော ပစ္စုပ္ပန်ကာလ၌ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းသည် လုပ်ငန်းလိုအပ်ချက် ကျယ်ပြန့်ကြီးမားသောကြောင့် ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံခြားသားလုပ်ငန်းရှင်တို့အတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါသည်။ တိုင်းပြည်၏အရွယ်အမျိုးမျိုးသော မျိုးဆက်သစ်တို့အတွက်လည်း ၎င်းတို့၏ပညာရေးအတွက် ရွေးချယ်စရာအခွင့်အလမ်းတို့ကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ ဤအချက်က တိုင်းပြည်၏ပညာရေးအဆင့်အတန်းကို ပိုမိုမြင့်မားစေပြီး ကျွမ်းကျင်လုပ်သားအပါအဝင် အဆင့်မြင့်ပညာရှင်တို့ကို ပိုမိုမွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိကကျောင်းဆိုင်ရာ ဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာအပါအဝင် လေ့ကျင့်ရေးဆိုင်ရာဥပဒေ၊ အဆင့်မြင့်ပညာရေးဆိုင်ရာ ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း ဥပဒေမူကြမ်းအဆင့်၌သာ ရှိပါသေးသည်။ သို့သော် အချိန်နှင့် အပြိုင်ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးဖော်ဆောင်နေရသော ပစ္စုပ္ပန်ကာလ၌ ပညာရေးအဆင့်မြှင့်တင်ရေးကို တည်ဆဲဥပဒေများဘောင်အတွင်းမှ ဖြစ်နိုင်သမျှ အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်ပဖက်စပ် (သို့မဟုတ်) ရာနှုန်းပြည့် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင်မည့်ကျောင်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ဤကော်မရှင်၏အမိန့်ကြေညာစာနှင့် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။ မည်သည့်ကိစ္စရပ်၌မဆို အခွင့်အလမ်းနှင့် စိန်ခေါ်မှုသည် ယှဉ်တွဲတည်ရှိပါသည်။ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထူထောင်မည့် ပုဂ္ဂလိကကျောင်းတို့အတွက် ဥပဒေဆိုင်ရာ လိုအပ်ချက်တို့ကို ခြွင်းချက်မရှိ ဖြည့်ဆည်းပြီးဟု မဆိုနိုင်သော်လည်း လက်တွေ့လုပ်ငန်း လည်ပတ်နိုင်သော အဆင့်အတွက်မှာမူ ဥပဒေတို့ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း၌ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းအပေါ် လေးနက်စွာ ကြိုဆိုဂုဏ်ပြုပါကြောင်း တင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ရန်နှင့် ကျုံးပတ်လမ်းဖောက်ရန် ဆွေးနွေး



**ပဲခူး ဧပြီ ၂၇**
ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ခြင်းနှင့် ကျုံးပတ်လမ်းဖောက်လုပ်ခြင်း ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၆ ရက်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ရှေးဟောင်းကျုံးပြန်လည်တူးဖော်ခြင်း၊ မြို့တံခါးများနှင့် ကျုံးပတ်လမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ ပြင်ပအင်ဂျင်နီယာပညာရှင် ဦးဇင်မျိုးလင်းနှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Sika Group မှ ရှေးဟောင်းသုတေသန ထိန်းသိမ်းရေးပညာရှင်တို့က ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည် တူးဖော်ခြင်း၊ ကျုံးပတ်လမ်းဖောက်လုပ်ခြင်းနှင့် နိုင်ငံတကာ ဧည့်သည်များအား ပြသနိုင်ရန် မြို့ရိုးဟောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို လည်းကောင်း၊ ကျုံး၏ ရေဝင်၊ ရေထွက်ပေါက်များ စနစ်တကျ ပြန်လည်ဖော်ထုတ်သွားရန်နှင့် လုပ်ငန်းစီမံချက် အသေးစိတ်ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အခြေအနေများအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးခဲ့ကြသည်။

ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်းသည် ဒုတိယ မြန်မာနိုင်ငံတော်တည်ထောင်ခဲ့သော စစ်နိုင်ဘုရင် နန်းစိုက်ခဲ့သည့် မြို့တော်ဟောင်းတစ်ခုဖြစ်၍ ကျုံးနှင့်ကျုံးပတ်လမ်းများ ပြန်လည်တူးဖော်ဖောက်လုပ်ခြင်းအားဖြင့် ပြည်ပခရီးသွားများအပြင် ပဲခူးတိုင်းဒေသကြီးအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည့် ပြယုဂ်တစ်ခု ဖြစ်လာနိုင်မည်ဖြစ်သည်။ ဟံသာဝတီမြို့ဟောင်းကျုံးသည် အရှေ့ဘက်နှင့် အနောက်ဘက်ကျုံး အရှည် ပေ ၇၉၂၀၊ တောင်ဘက်နှင့် မြောက်ဘက်ကျုံးအရှည် ပေ ၆၆၀၀၊ ကျုံးအကျယ် ပေ ၂၁၀ နှင့် ကျုံးအနက် ၂၂ ဒသမ ၅ ပေတို့ ရှိပြီး ကျုံးပတ်လမ်း အကျယ်အား ၂၅ ပေမှ ပေ ၃၀ အတွင်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်(ပြန်/ဆက်)**

# ဥက္ကံမြို့နယ် ကျေးရွာအုပ်စု လေးအုပ်စုမှ ဒေသခံများ ဥက္ကံမြို့နှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေ

**ဥက္ကံ ဧပြီ ၂၇**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့နယ် အိုင့်ကြီး၊ ရေတွင်းကုန်း၊ ကြီးပင်လဟာ၊ ရင်းတိုက်လေးပင်ကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ဒေသခံများ ဥက္ကံမြို့သို့ နေ့စဉ်သွားလာရာတွင် ဥက္ကံချောင်းကို ဖြတ်သန်းဖောက်လုပ်ထားသော မီးရထားသံလမ်းပေါ်မှ ဖြတ်သန်းသွားလာနေရသည်။ မီးရထားဖြတ်သန်းမောင်းနှင်ချိန်နှင့် ကြုံပါက တိမ်းရှောင်ရန်နေရာလွတ်မရှိဘဲ ဥက္ကံချောင်းအတွင်းခုန်ချမှသာ အသက်ဘေးမှ လွတ်မြောက်ကြောင်း ဒေသခံများက ပြောသည်။

"ပြီခဲ့တဲ့နှစ်ကဆို ကျောင်းသွားတဲ့ ဆရာနှစ်ဦး ရထားလာနေတဲ့အချိန်နဲ့ ဆုံနေတော့ ချောင်းထဲခုန်ချခဲ့ရတာ ဒဏ်ရာတွေရသွားတယ်၊ အရင်နှစ်တွေကလည်း သေဆုံး၊ ကျိုးပဲ့ခဲ့တာတွေ ရှိခဲ့တယ်၊ တစ်နှစ်ကို နှစ်ကြိမ်လောက် ကြုံတွေ့နေရတယ်" ဟု မူလတန်းကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးမောင်မောင်က ပြောသည်။

အဆိုပါ ကျေးရွာများသည် ဥက္ကံချောင်းခြားနေပြီး ရန်ကုန်- ပြည်လမ်းဘက်ထွက်မည်ဆိုလျှင်လည်း လမ်းကောင်းမရှိခြင်း၊ လယ်ကွင်းများကို ဖြတ်သန်းသွားရခြင်း၊ အချိန်ပို၍ ကုန်ခြင်းတို့ကြောင့် ဒေသခံများအနေဖြင့် အခက်အခဲဖြစ်နေပြီး အန္တရာယ်ရှိသည်ကို သိသော်လည်း ယင်းလမ်းကို အသုံးပြုနေရခြင်းဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ အဆိုပါမီးရထားလမ်းတွင် မီးရထားဆိုင်ရာအချက်ပြသင်္ကေတများ မရှိခြင်း၊ မီးရထားလမ်းအနေထားအရ အကွေ့ဖြစ်နေခြင်းကြောင့် မီးရထားနှင့်



ပေ ၃၀၀ အကွာမှ ရုတ်တရက်မြင်တွေ့ရကြောင်း၊ ဥက္ကံချောင်းဖြတ် မီးရထားလမ်းအရှည်မှာ ပေ ၁၀၀ ခန့်ရှိပြီး အမြင့် ၁၈ ပေခန့်ရှိသောကြောင့် မီးရထားနှင့်ထိပ်တိုက်တွေ့ပါက အန္တရာယ်အလွန်ရှိကြောင်း သိရသည်။

ထို့ကြောင့် ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ အချိန်တိုအတွင်းသွားလာမှုအဆင်ပြေနိုင်ရန် ၊ ဘေးကင်းစွာသွားနိုင်ရန် စီစဉ်ပေးခြင်း၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ဥက္ကံချောင်းကို လူ၊ စက်ဘီး၊ ဆိုင်ကယ်သွားလမ်းတစ်ခု ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ရေး ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၅/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ | · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၈ | · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၆ | · ၈ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၂၀ | · ၈ |
| ထိုင်း | တစ်ဘတ် | ၄၂ | · ၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | · ၀ |
| တရုတ် | တစ်ယွမ် | ၂၁၁ | · ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | · ၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စင်ကာပူမြို့ရှိ Gardens by the Bay ဥယျာဉ်သို့ သွားရောက်လေ့လာစဉ်။ သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

**ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး ဆွေးနွေး**

နိုင်ငံတော်သမ္မတသည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် စင်ကာပူမြို့ Istana Presidential Palace ၌ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး၊ စင်ကာပူနိုင်ငံက မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆက်လက်အကူအညီပေးအပ်သွားရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကိစ္စများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေး ဆွေးနွေး**

လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် စင်ကာပူမြို့ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်နိုင်ရေးနှင့် နိုင်ငံတော်သမ္မတအား လာအိုနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတမစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေး၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ လတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည် အစည်းအဝေးများနှင့် ဆက်စပ်ကျင်းပပြုလုပ်မည့် အာဆီယံခေါင်းဆောင်များ၏ တွေ့ဆုံပွဲ (ASEAN Leaders gathering) သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ညစာစားပွဲ တက်ရောက်**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စင်ကာပူမြို့ Istana Presidential Palace ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး (Plenary Session)သို့ တက်ရောက်သည်။

**ပါဝင်ဆွေးနွေး**

မျက်နှာစုံညီ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ကြံ့ခိုင်နိုင်စွမ်းရှိ၍ တီထွင်ဆန်းသစ်သည့် အာဆီယံတည်ဆောက်ခြင်း (Building a "Resilient and Innovative" ASEAN)ခေါင်းစဉ်အောက်တွင် ပါဝင်ဆွေးနွေးခဲ့သည်။

**တက်ရောက်**

ညစာစားပွဲနှင့် မျက်နှာစုံညီ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

- **စင်ကာပူနိုင်ငံက မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆက်လက်အကူအညီပေးအပ်သွားရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးကိစ္စများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**
- **၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည် အစည်းအဝေးများနှင့် ဆက်စပ်ကျင်းပပြုလုပ်မည့် အာဆီယံခေါင်းဆောင်များ၏ တွေ့ဆုံပွဲ (ASEAN Leaders gathering) သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရေး ကိစ္စရပ်များကို ဆွေးနွေး**

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။ **(ယာပုံ)**

**ကြည့်ရှုစစ်ဆေး**

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယာဉ်ပြင်သင်တန်းလက်တွေ့သရုပ်ပြခန်းအတွင်းရှိ သရုပ်ပြမော်တော်ယာဉ်အစိတ်အပိုင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အနီးစခန်း တောင်စလင်းဓာတ်တော်ကျောင်းတိုက်သို့ရောက်ရှိကြပြီး ဒုတိယတိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒအား ဖူးမြော်ကြည်ညို၍ မဟာဓာတုစေတီတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ရွှေပုဇွန်ကော်ဖီခြံ၌ တွေ့ဆုံသည်။

**အကြံပြုချက်များအား ရှင်းလင်းတင်ပြ**

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတစ်ခု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတကာ ဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းရှိရန်လိုကြောင်း၊ ယင်းတို့အနက် ကော်ဖီစိုက်ပျိုး၍ ထုတ်လုပ်ရောင်းချခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့်ကော်ဖီများ ထုတ်လုပ်နိုင်ရေး လိုအပ်သည့် သတင်းအချက်အလက်များရရှိနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အကြံပြုဆွေးနွေးကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ကော်ဖီအသင်းဥက္ကဋ္ဌနှင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းရှင်များက ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဆောင်ရွက်ပေးစေလိုသည့် အကြံပြုချက်များအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ပြင်ဦးလွင် နန်းမြိုင်ကော်ဖီစက်ရုံသို့သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**




# သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နှစ် (၂၀)ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နှစ်(၂၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သတင်းဆောင်းပါးထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် (မောင်စာဂ)နှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွှန့် (ဦးဟန်ညွှန့်ဥပဒေ)တို့က သတင်းထူးချွန်ဆုရရှိကြသူများကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက သတင်းဓာတ်ပုံ ထူးချွန်ဆုရရှိကြသူများကို လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ထူးချွန်စွာတာဝန်ထမ်းဆောင်မှုဆုနှင့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ကြော်ငြာထည့်သွင်းဖော်ပြမှု အများဆုံးသူများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အထွေထွေမန်နေဂျာ ဦးသက်ဆွေက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၉၈၅ ဦးအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဟန်ညွှန့်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဝါရင့်သတင်းစာဆရာကြီး ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)၊ ဆောင်းပါးရှင် ဒေါက်တာ မောင်ဖြေ နှင့် သိပ္ပံစာရေးဆရာ ကိုကိုအောင်တို့က မုဒိတာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နှစ်ပတ်လည်နေ့အခမ်းအနားသို့ ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ စာပေပညာရှင်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုရရှိကြသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် မေ ၂၇**- နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

❀ ကျောဖုံးမှ

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ငါးရပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ Ease of Doing Business Ranking တိုးတက်ရေး လုပ်ငန်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ တစ်နှစ်ခွဲကျော်ခန့် ရှိပြီဖြစ်ရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထိုက်အလျောက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကော်မတီ စတင်ဖွဲ့စည်းစဉ်ကတည်းက လုပ်ငန်းတာဝန် ငါးရပ်ချမှတ်ခဲ့ပြီး ကော်မတီ လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ ငါးရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများ သိသိသာသာ တိုးတက်လာနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီများ၏ ကဏ္ဍသည် အရေးကြီးသည်ကို တွေ့ရှိရပါကြောင်း၊ ပြီးခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးအထိ ဆုံးဖြတ်ချက် စုစုပေါင်း ၄၅ ချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၄၂ ချက်နှင့် ဆောင်ရွက်ဆဲ သုံးချက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ကျန်ရှိနေသည့် ဆောင်ရွက်ဆဲလုပ်ငန်း သုံးချက်တွင် ချေးငွေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းသည့်အဖွဲ့အစည်း (Credit Bureau) သည် မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ကျန်နှစ်ခုဖြစ်သည့် Ease of Doing Business အဆင့် တိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် မှတ်ပုံတင်ရာတွင် ဝန်ကြီးဌာနအသီးသီး၌ သီးခြားစီဆောင်ရွက်နေခြင်းကို ဝန်ကြီးဌာနတစ်ခု၊ တစ်နေရာတည်းတွင် မှတ်ပုံတင်ခြင်းစနစ်(Single Registration System )ကျင့်သုံးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ၎င်းအချက် နှစ်ချက်သည် အချိန်ယူ၍ ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်ပါကြောင်း။

**နှစ်ဆင့်သုံးဆင့်ဖြေရှင်းဆောင်ရွက်**

ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး အစုအဖွဲ့အလိုက်၊ လုပ်ငန်းကဏ္ဍများအလိုက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ပြီးခဲ့သည့် ဧပြီလအထိ တွေ့ဆုံဆွေးနွေးမှု အကြိမ်ပေါင်း (၁၆)ကြိမ် ဆောင်ရွက်ခဲ့ပြီး အကြံပြုတင်ပြချက်စုစုပေါင်း ၂၄၅ ချက် ရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များအားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ပြန်ကြားပေးပြီး ဖြစ်ပါကြောင်း၊ အချို့ကိစ္စရပ်များမှာ နှစ်ဆင့်သုံးဆင့် ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်နေသဖြင့် လုပ်ငန်းကော်မတီ ငါးရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Private-Public Dialogue) များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ပြီးပြတ်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ရည်မှန်းချက်ထားဆောင်ရွက်**

၂၀၁၈ ခုနှစ် Doing Business နှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၁ ၌ ရောက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ သုံးနှစ်အတွင်း အဆင့် ၁၀၀ အောက်ရောက်ရှိရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်အောင်မြင်စေရန်အတွက် Ease of Doing Business Ranking တိုးတက်ရေး လုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ Ease of Doing Business Indicator များအလိုက် ညွှန်းကိန်း ၁၀ ခုကို လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ Ease of Doing Business အဆင့်ပိုမိုတိုးတက်မှု ရရှိစေရေးအတွက် ညွှန်းကိန်းတစ်ခုချင်းအလိုက် လုပ်ငန်းစီမံချက် (Work Plan) များကို စနစ်တကျချမှတ်ကာ ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားကြစေလိုပါကြောင်း။

စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ရာတွင် အာဆီယံနိုင်ငံများနည်းတူ One Stop Service ဖြင့် တစ်နေရာတည်းတွင် လုပ်ငန်းအားလုံး ပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားကြ စေလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှသာ Ease of Doing Business တွင် အဆင့်တိုးတက်လာရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

**စေ့စပ်သေချာစွာအလေးအနက်ထား**

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်မည့် Ease of Doing Business အစီရင်ခံစာနှင့် ပတ်သက်၍ စစ်တမ်းများကောက်ယူသည့် အချိန်တွင် ၂၀၁၉ ခုနှစ်အတွက် Survey Questionnaire များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်သည့် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှု၊ အထောက်အကူပြုအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စံပြုအဖြေလွှာများကို ပြုစု၍ဖြေဆိုရန် အလားအလာရှိသည့် ဖြေဆိုသူများ ကိုးကားနိုင်ရေးအတွက် အချိန်မီပေးပို့ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ကိုးကားချက်များကို အလေးထားဆောင်ရွက်မှသာ Ease of Doing Business Ranking တိုးတက်လာမည်ဖြစ်သဖြင့် ညွှန်းကိန်းများတိုးတက်စေရေး အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့၏ တာဝန်ခံအဖွဲ့ခေါင်းဆောင်များအနေဖြင့် စေ့စပ်သေချာစွာ အလေးအနက်ထား ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ယနေ့အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ ငါးရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက် စေရေး လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမည့် လုပ်ငန်းအခြေအနေများ၊ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေမှု အဆင့်တိုးတက်ရေး ဆောင်ရွက်မှုများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဥပဒေလုပ်ထုံးလုပ်နည်း**

ထို့နောက် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီနှင့် စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ချေးငွေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းသည့် အဖွဲ့အစည်း (Credit Bureau) ထူထောင်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Ease of Doing Business ကဏ္ဍ ၁၀ ခုမှ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် Ease of Doing Business Ranking တိုးတက်ရေး အထောက်အကူပြုအဖွဲ့များမှ တာဝန်ရှိသူများက Ease of Doing Business အစီရင်ခံစာနှင့် ပတ်သက်၍ လက်ရှိအခြေအနေနှင့် မျှော်မှန်းချက်များကို ညွှန်းကိန်းနယ်ပယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက Ease of Doing Business Ranking တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**စင်ကာပူ မေ ၂၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးများသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

အဖွင့်ပွဲတွင် ထိုင်းအသင်းအား သရေကျထားသောကြောင့် နိုင်ပွဲစရရန် အားကုန်ထုတ်ကစားခဲ့ပြီး နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းနှင့် သရေကျခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ကစားခဲ့ပြီး တီမောအသင်းကို ခြေအသာဖြင့်ကစားကာ ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုး သွင်းယူခဲ့သည်။

အဖွင့်ပွဲတွင် ဘရူနိုင်းအသင်းကို အနိုင်ကစားထားသည့် တီမောအသင်းသည် မြန်မာအသင်းကို အရေးနိမ့်ကာ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(က)တွင် မြန်မာအသင်းက လေးမှတ်ဖြင့် ဦးဆောင်နေပြီး ဘရူနိုင်းနှင့် တီမောအသင်းက သုံးမှတ်စီ၊ ထိုင်းအသင်းက တစ်မှတ်ရထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၃၀ ရက်တွင် အိမ်ရှင်ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒိန်းမတ်နိုင်ငံသံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးက ပါဝင်ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်ရှိ ဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအရာရှိများက နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါ ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရှင်းလင်းပြောကြားပြီး တရားမျှတမှုကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နွေစပါးစံကွက်ရိတ်သိမ်း

**ကဝ မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာတောင်သူ ဦးကုလား၏ လယ်မြေ ၅ ဒသမ ၀၀ ဧကတွင် မေ ၁၉ ရက် နွေစပါး (SRI) ဆင်းသုခစပါးမျိုးအား စံကွက်ရိတ်သိမ်းမှုပြုလုပ်သည်။

စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမိုးမြင့်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကြိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ ဖိတ်ကြားထားသော နွေစပါးစိုက်တောင်သူ ၈၅ ဦး တက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးက ၀ ဒသမ ၁၀ ဧက စံကွက် ရိတ်သိမ်းနေမှုအား ကြည့်ရှုပြီး တောင်သူများအား တစ်ဧကအထွက်နှုန်းရရှိရေး၊ နွေစပါးစိုက်ဧရိယာတိုးချဲ့ရေး၊ ပေါင်းစည်းလယ်ယာစနစ်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြီး ဒေသရှိတောင်သူများ လိုအပ်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

၀ ဒသမ ၁၀ စံကွက်ရိတ်သိမ်းမှုအား စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက လက်တွေ့ပြသရာ တစ်ဧက အစိုအထွက်နှုန်းမှာ ၁၄၇ တင်း ထွက်ရှိမှုကို မှတ်တမ်းတင်ခဲ့သည်။

**သတင်းစဉ်**



# နွေအပူဒဏ် သတိပြု

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)



ကမ္ဘာကြီး၏အပူချိန်များသည် တဖြည်းဖြည်း မြင့်တက်လာနေပါသည်။ နေ့ပိုင်းအပူချိန်များသည် အန္တရာယ်ဖြစ်လောက်အောင် ပြင်းထန်လွန်းနေပါသည်။ ထိုအပူချိန်ကြောင့် အသက်ကို အန္တရာယ်ဖြစ်စေနိုင်သည့် Heat stroke၊ အပူချိန်များလွန်းမှုကြောင့် ခန္ဓာကိုယ်ထိခိုက်ပျက်စီးခြင်းများ (heat syncope, heat exhaustation, heat cramps) စသည်များ၊ သွေးတိုး၊ ဆီးချိုရောဂါအခံရှိသူများမှာ ရောဂါပိုမိုပြင်းထန်လာရုံမက လေဖြတ်ခြင်းများ၊ Intracerebral haemorrhage (ICH)ခေါ် ဦးနှောက်အတွင်း သွေးကြောပေါက်ခြင်းများ ဖြစ်လာစေနိုင်ပါသည်။ ပတ်ဝန်းကျင်အပူချိန်မြင့်တက်လာသည်နှင့်အမျှ ခန္ဓာကိုယ်၏ အပူချိန်ကလည်းမြင့်တက်လာသည်။ ထိုသို့ပတ်ဝန်းကျင်အပူချိန်ကိုလိုက်ပြီး ခန္ဓာကိုယ်၏ အပူချိန်လိုက်ပါပြောင်းလဲခြင်းကို real feel temperature ဟု ခေါ်ပါသည်။ ခန္ဓာကိုယ်က ခံနိုင်သည့် ပတ်ဝန်းကျင်၏ အမြင့်ဆုံးအပူချိန်ဖြစ်သည့် 54 degrees centigrade(130 degrees Farenheit)ထက်ကျော်သည်နှင့် လူသားများအဖို့ အန္တရာယ်ကြုံရပြီဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတိပေးထားပါသည်။ Paralysis ခေါ် အာရုံကြော ကြွက်သားများ ထိခိုက်ကာ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့ ဖြစ်လာနိုင်ပါသည်။

### အပူဒဏ်သင့်မှုများ ကြုံလာနေရ

ယခုအခါ အလွန်မြင့်မားလာနေသော နွေအပူချိန်ကို အထူးသတိပြုသင့်ပါသည်။ ကျွန်တော်တို့ နိုင်ငံအနေဖြင့် မတ်၊ ဧပြီ၊ မေလတို့သည် အပူဆုံးလများဖြစ်သဖြင့် ထိုကာလများ၏ နေ့အပူချိန်များကို အထူးသတိပြုနေထိုင်ကြရန်လိုအပ်ပါသည်။ ထိုအပူချိန်များသည် လူများ၏ ကိုယ်တွင်းရေဓာတ်ဆုံးရှုံးစေခြင်း၊ ခန္ဓာကိုယ်တွင်းရှိ သွေးပျစ်စေးမှုနှင့် ဆားဓာတ်များ၏ အခြေအနေများကို ပြောင်းလဲစေပြီး လူ့အသက်ကိုပင် ထိခိုက်စေနိုင်၍ ဖြစ်သည်။ လေ့လာမှုများအရ Heat Waves ခေါ် အပူလှိုင်းများ ဖြစ်ပေါ်လာမှုဖြစ်စဉ်များစွာ ထပ်ကာဖြစ်ပေါ်လာနေပြီး ကမ္ဘာ့မြို့ကြီးများတွင် အအေးဓာတ်များလျော့နည်းလာနေသည်ကို လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်ကပင် တွေ့ရှိလာရသည်ဟု သိရပါသည်။ သာမန်တွေ့ကြုံနေကျ နွေရာသီအပူချိန်ထက် ပိုမို မြင့်မားပြင်းထန်သော အပူချိန်များကြောင့် Heat stroke,heat exhaustion ခေါ် အပူဒဏ်သင့်မှုများ ကြုံလာနေရပြီး သေဆုံးရမှု များစွာဖြစ်ပေါ်နေသည်ကို တွေ့လာရသဖြင့် အထူးသတိပြုဆင်ခြင်နေထိုင်ကြရန် ပညာရှင်များက သတိပေး တိုက်တွန်းကြပါသည်။ နေ့စဉ်အပူချိန် တိုးလာနေမှုများကြောင့် ခန္ဓာကိုယ်အတွင်း အပူဓာတ်များစုပ်ယူဝင်ရောက်ကာ အန္တရာယ်ပေးနိုင်ပါသည်။ အာရှတောင်ပိုင်းဒေသများတွင် နွေအပူချိန်များ မြင့်တက်နေပြီး ယင်းကြောင့် သေဆုံးနေရမှုများကိုတွေ့ရှိနေပါသည်။ ထိုသို့ နွေအပူချိန်မြင့်မားလာနေရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဖြစ်ပေါ်နေရပြီး ယင်းသည် Killerheat waves လူကိုသေစေနိုင်သည့် အပူလှိုင်းများဖြစ်ပေါ်လာစေပါသည်။ လေ့လာမှုများအရ နွေရာသီ၏ ပျမ်းမျှ လေထုအပူချိန်သည် ၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ် မြင့်တက်လာသည်နှင့် အိန္ဒိယနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးဆဲ အပူပိုင်းဒေသ နိုင်ငံတစ်ခုခုတွင် ထိုအပူဒဏ်ကြောင့် လူသေဆုံးရမှု ၁၄၆ ရာခိုင်နှုန်းခန့် တိုးပွားနေရသည်ဟု သိရပါသည်။ ယခု ဆယ်စုနှစ်ကုန်ခါနီး ကာလများမှစ၍ အာရှတိုက်တောင်ပိုင်း၊ ကမ္ဘာ့အရှေ့အလယ်ပိုင်း၊ အာဖရိကတိုက်ဒေသများတွင် အနည်းဆုံးပျမ်းမျှ ၂ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်ခန့် မြင့်တက်လာနေသည်ကိုတွေ့ရပြီး ယင်းသည် ၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိ ဖြစ်လာနိုင်သည်ဟု ယူဆကြသည်။ ထိုလေ့လာမှုတို့သည်၊ အိန္ဒိယနိုင်ငံကို ဗဟိုပြုလေ့လာထားသော်လည်း ရာစုနှစ်ဝက်ကျော် လေ့လာခဲ့မှုများကြောင့် ဖြစ်နိုင်ခြေအတော် နီးစပ်ပါသည်။

### နေအပူဒဏ်ပြင်းစွာခံစားရသူများ

နွေအပူချိန်များက တဖြည်းဖြည်းတိုးလာနိုင်သည်ဟု ဆိုရပါမည်။ ထိုသို့ နွေအပူချိန်မြင့်မားလာနေခြင်းသည် ဒေသခံ လူအပေါင်းတို့၏ ကျန်းမာရေး အခြေအနေများကို ထိခိုက်စေနိုင်ရုံမက သေဆုံးနိုင်သည်အထိ ဖြစ်စေနိုင်သည်ကို အထူးသတိပြုရပါမည်။ ထိခိုက် နစ်နာရမှုများ သေဆုံးရမှုများသည် အဆင်းရဲဆုံးသူများသာ ခံစားရလေ့ရှိသည်ကိုလည်း တွေ့ရသည်။ အိန္ဒိယနိုင်ငံ၏ သန်းပေါင်း ၃၀၀ ကျော်သော အဆင်းရဲဆုံးသော ပြည်သူတို့သည် လုပ်အားခ တစ်နေ့လျှင် ၁ ဒသမ ၂၅ဒေါ်လာ အောက်သာ ရကြသူများဖြစ်ကြပြီး ထိုသူများသည် နွေအပူဒဏ်ကြောင့် အများဆုံးထိခိုက်ခံစားကြရသူများ ဖြစ်ကြသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နွေအပူချိန်များ မြင့်တက်လာပြီး ပြဿနာများ ကြုံတွေ့လာနေရခြင်းများတွင် ကမ္ဘာ့လူသားများ ညီတူစွာ ခံစားကြရသည် မဟုတ်ဘဲ သူဆင်းရဲများစွာသည်သာ ပြင်းထန်စွာ ခံစားနေကြရလျက်ရှိပါသည်။ ဆင်းရဲသူများ၊ လုံခြုံသော အမိုးအကာအောက်တွင် မနေနိုင်ကြသူများ၊ အိမ်ရာမဲ့များ၊ လူမှုရေးအရ ပစ်ပယ်ခံထားရသူများ၊ အရက် ဆေးဝါးသုံးစွဲနေသူများ၊ နေပူထဲတွင် ပင်ပန်းစွာ အလုပ်ကြမ်းလုပ်နေရသည့် ကာယလုပ်သားများ စသည်တို့မှာ နွေအပူဒဏ်ကို ပြင်းစွာ ခံစားရဖွယ်ရှိသူများ ဖြစ်ကြပါသည်။

### ကလေးငယ်များကို ဂရုစိုက်ဖို့လို

ထို့အပြင် အသက် ၆၅ နှစ်ကျော်သူများ၊ ကိုယ်တိုင်မသွားမလာနိုင်သူများ၊ စိတ်ရောဂါခံစားနေရသူများ၊စိတ်ကျရောဂါ၊ သွေးတိုးရောဂါ၊ အိပ်မပျော်သည့် ကျန်းမာရေးပြဿနာ စသည်တို့ကို ခံစားနေကြရသူများသည်လည်း အလားတူ ခံစားရဖွယ် ထိခိုက်နစ်နာ ပျက်စီးလွယ်ကြသူများဖြစ်ကြပါသည်။ အထူးသဖြင့် အသက်တစ်နှစ်အောက် ကလေးငယ်များကို ဂရုစိုက်ကြဖို့လိုပါသည်။ ကလေးငယ်တို့သည် အပူဒဏ်ကို အရွယ်ရောက်ပြီးသူများလောက် မခံစားနိုင်ကြပါ။ နုနယ်လွန်းသည့် ကလေးငယ်များ၊ ဖျားနာကိုယ်ပူချိန်တက်ပါက ဆေးရုံဆေးခန်းများသို့ အမြန်ပြသရန် လိုအပ်ပါသည်။ ကလေးများနှင့် ပတ်သက်ပြီး သတိပြုရန်မှာ မော်တော်ယာဉ်များပေါ်တွင် ကလေးများကို မထားခဲ့ရန်ဖြစ်သည်။ အချို့က ကားရပ်နားထားခဲ့ရာတွင် ကလေးငယ်များ၊ အိမ်မွေးတိရစ္ဆာန်များကို ကားအတွင်းထားခဲ့လေ့ရှိပါသည်။ ကားမှန်ကို အလုံပိတ် လေအေးစက်ဖွင့်ပြီး ထားခဲ့တတ်ကြပါသည်။ နေပူထဲတွင် ကားရပ်နားထားသည်နှင့် ကားအတွင်းရှိ အနက်ရောင် (dashboard) ကားတွင်း သေတ္တာအိမ်၊ ထိုင်ခုံ၊ ယာဉ်မောင်းလက်ကိုင် (steering) စသည်တို့သည် အပူဓာတ်ကို ပြင်းစွာ စုပ်ယူထားတတ်ပါသည်။ ပြင်ပမှ အပူဓာတ်ကလည်း အပူဓာတ်ကူးမှုများ (heat conduction, heat convection) များကြောင့် ယာဉ်တွင်း အပူချိန်မြင့်တက် လာတတ်ပါသည်။ နေရောင်တွင်ပါဝင်သော (short wave radiation) လှိုင်းတိုရောင်စဉ်များက ထိုနေရာများကို ကောင်းစွာ ရိုက်ခတ်လေ့ရှိပါသည်။ ထိုအခါ ကား၏ dashboard များ၊ အတွင်း ထိုင်ခုံများ၏ အပူချိန်သည် ၁၈၀မှ ၂၀၀ ဒီဂရီ ဖာရင်ဟိုက်ကျော်အထိ မြင့်တက်သွားလေ့ရှိပါသည်။ ယာဉ်တံခါးကို အနည်းငယ်ဖွင့်ထားသည့်တိုင် ယာဉ်အတွင်းရှိ အပူချိန်က လျော့မသွားနိုင်ပါ။ ယာဉ်အတွင်း အပူချိန်ပြင်းစွာ မြင့်တက်ပြီး hyperthermia ခေါ် ကိုယ်အပူချိန်လွန်ကဲစွာ မြင့်တက်ကာ အသက်အန္တရာယ်ပေးနိုင်ပါသည်။ ထို့ကြောင့် ကလေးများ၊ သက်ကြီးသူများအပါအဝင် အများပြည်သူတို့ နေပူပူထဲရှိ ယာဉ်အတွင်း မနေသင့်ပါ။ ကလေးများကို ယာဉ်အနီးတွင်ပင် ဆော့ကစားခြင်း မပြုသင့်ပါ။ ယာဉ်ရပ်နားလိုက်သည်နှင့် ယာဉ်အတွင်း လူကျန်ခဲ့ခြင်း ရှိ၊ မရှိ ကိုလည်း သတိပြုစစ်ဆေးရန်လိုပါသည်။

### ရေကိုသာသောက်ပါ

အပူဒဏ်များမှကင်းဝေးစေရန်- ရေဆာလျှင် ရေကိုသာသောက်ပါ။ အချိုရည်များ၊ ကဖင်းဓာတ်ပါအရည်များ၊ အပူအစပ်စားစရာများ ရှောင်သင့်ပါသည်။ ယင်းတို့သည် ကိုယ်တွင်းမှ ရေနှင့် ဆားဓာတ်များ လျော့သွားစေတတ်၍ ဖြစ်သည်။ အသားစားများခြင်းကြောင့် Metabolic- heat production ခေါ် ဇီဝ ယန္တရားဖြစ်စဉ်များဖြစ်ပွားပြီး အပူဓာတ် ထွက်လာမှုများ နိုင်ပါသည်။ အသားလျှော့ စားသင့်ချိန်ဖြစ်သည်။

အရက်သောက်ခြင်းသည် ခန္ဓာကိုယ်က အပူဓာတ်ထုတ်ပေးနိုင်သဖြင့် ကိုယ်အပူချိန်ပိုမိုမြင့်တက်စေနိုင်ပါသည်။ ထို့ကြောင့် အရက်မသောက်သင့်ပါ။

### အရိပ်ရနေရာများမှာနေပါ

နေပူချိန်များနေချိန်တွင် အရိပ်ရနေရာများမှာ နေပါ။ နေအိမ်များအတွင်းနေထိုင်လျှင် လေအေးပေးစက် (Aircon) သို့မဟုတ် ပန်ကာဖွင့်နေနိုင်ပါသည်။ လေကောင်းလေသန့်၊ လေဝင်လေထွက် ကောင်းရာနေရာတွင် နေပါ။

ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှင်များကို အထူးဂရုစိုက်ပါ။ ပေါ့ပါးအေးမြသော အဝတ်များကိုသာ ဝတ်ဆင်ပါ။အဖြူရောင်အထည်များ ဝတ်ဆင်ပါ။ အနက်ရောင်များ ရှောင်သင့်ပါသည်။ အနက်ရောင်သည် အပူဓာတ်ကိုစုပ်ယူနိုင်သောကြောင့် ဖြစ်သည်။

### အထူးသတိပြုဆင်ခြင်ကြဖို့လို

နေပူထဲထွက်လျှင် ထီး၊ ဦးထုပ်၊ နေကာမျက်မှန်များ စသည်တို့ကို အသုံးပြုပါ။ နေရောင်ကာလိမ်းဆေးများသုံးနိုင်ပါသည်။ လတ်ဆတ်၍ အရည်ရွှမ်းသော သစ်သီးဝလံများ စားသုံးပါ။ ကောင်းစွာ အိပ်စက်အနားယူပါ။ နေပူချိန်များတွင် ပင်ပန်းစေသည့် လှုပ်ရှားမှုများ မလုပ်သင့်ပါ။ ဘေးပတ်ဝန်းကျင်အပူချိန်အေးသွားချိန်မှသာ ရေချိုးပါ။ ကိုယ်လက်လှုပ်ရှားမှု၊ ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများလုပ်ပါ။ နွေအပူချိန်တက်လာချိန်တို့တွင် လေထုအပူချိန်နှင့်အတူ လေ၏ စိုထိုင်းဆ (humidity) လည်း တက်လာလေ့ရှိပါသည်။ လေထု၏ အပူချိန်သည် ၉၆ ဒီဂရီဖြစ်ပြီး လေထု၏ စိုထိုင်းဆသည် ၆၅ ရာခိုင်နှုန်းဖြစ်ပါက လူအများခံစားရသည့်အပူချိန်မှာ ၁၂၁ ဒီဂရီ ဖာရင်ဟိုက်ဖြစ်သွားပါသည်။ ယင်းကို Heat Index Value အပူဒဏ်အညွှန်းကိန်းဟု ခေါ်ပါသည်။

ထိုအညွှန်းကိန်းသည် ၁၀၅ ဒီဂရီထက် နှစ်ရက်မျှကျော်ပါလာပါက အများ ပြည်သူတို့အား အပူဒဏ်ကို အထူးသတိပြုကာကွယ်ဆောင်ရွက်ကြရန် အမြန်သတိပေးခြင်း (Alerts) လုပ်ရကြောင်း သိရပါသည်။ အမေရိကန်နိုင်ငံတွင် The National Weather Service အမျိုးသားရာသီဥတု ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီးက အမြဲလေ့လာစောင့်ကြည့်ကာ သတိပေးနှိုးဆော်မှုများ လုပ်ရလေ့ရှိကြောင်း သိရပါသည်။

ထို့ကြောင့် ယခုကဲ့သို့ အလွန်ပူပြင်းလာနေသည့် နွေရာသီအပူဒဏ်ကို အများပြည်သူတို့ အထူးသတိပြု ဆင်ခြင်နေထိုင်ကြဖို့လိုသည် အမှန်ဖြစ်ပေသည်။ ။

“နေပူချိန်များနေချိန်တွင် အရိပ်ရနေရာများမှာ နေပါ။ နေအိမ်များအတွင်း နေထိုင်လျှင် လေအေးပေးစက် (Aircon) သို့မဟုတ် ပန်ကာဖွင့်နေနိုင်ပါသည်။ လေကောင်းလေသန့်၊ လေဝင်လေထွက် ကောင်းရာနေရာတွင် နေပါ။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှင်များကို အထူးဂရုစိုက်ပါ။ ပေါ့ပါးအေးမြသော အဝတ်များကိုသာ ဝတ်ဆင်ပါ။ အဖြူရောင်အထည်များ ဝတ်ဆင်ပါ။ အနက်ရောင်များ ရှောင်သင့်ပါသည်။ အနက်ရောင်သည် အပူဓာတ်ကို စုပ်ယူနိုင်သောကြောင့်ဖြစ်”



# NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် KNPP တို့ တွေ့ဆုံဆွေးနွေးမှု အောင်မြင်စွာပြီးစီး နှစ်ဖက်သဘောတူညီချက်များရရှိပြီး ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ခဲ့



လွိုင်ကော် ဧပြီ ၂၇

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ နှစ်ဖက်သဘောတူညီချက်များရရှိပြီး ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အစိုးရဌာနဆိုင်ရာအကြီးအကဲများ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီမှ အဖွဲ့ခေါင်းဆောင်နှင့် ကော်မတီဝင်များ၊ အစိုးရမှ ဖိတ်ကြားထားသော လေ့လာသူများနှင့် KNPP မှ ဖိတ်ကြားထားသောလေ့လာသူများ တက်ရောက်ကြသည်။

### နည်းလမ်းများကိုလည်း ရှာဖွေနိုင်ခဲ့

ဆွေးနွေးပွဲအစီအစဉ်အရ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ ဧပြီ ၂၆ ရက်တွင် ပြည်နယ်ခန်းမ၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းနောက် အလွတ်သဘောအစည်းအဝေးကို ညနေ ၃ နာရီမှ ည ၇ နာရီ ၁၅ မိနစ်အထိ ပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမတွင် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ ယနေ့တွင်လည်း အလွတ်သဘော အစည်းအဝေးကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်အထိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဆက်လက်ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးရန် သဘောတူထားသည့် ခေါင်းစဉ်၊ အကြောင်းအရာကိုးခုလုံးကို အကျေအလည်ဆွေးနွေးခဲ့ ပါကြောင်း၊ သဘောတူညီချက်အများစုရရှိခဲ့ပြီး နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားမည့် နည်းလမ်းများကိုလည်း ရှာဖွေနိုင်ခဲ့ကြပါကြောင်း ရှင်းလင်းတင်ပြသည်။

### သဘောတူညီချက်များရရှိပြီး

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အထွေထွေအတွင်းရေးမှူး ရွှေမျိုးသန့်က ဆွေးနွေးညှိနှိုင်းမှုများအပေါ် အားရကျေနပ်မှုရှိပါကြောင်း၊ ဆွေးနွေးမည့် ကိစ္စရပ်အားလုံးကို ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီးဆွေးနွေးနိုင်ခဲ့ကြပါကြောင်း၊ သဘောတူညီချက်များရရှိပြီး ပူးတွဲထုတ်ပြန် ကြေညာချက် ထုတ်ပြန်နိုင်ခဲ့သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦးနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးဘီထူးတို့က အစည်းအဝေးမှတ်တမ်းအား အတည်ပြုလက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

### ပူးတွဲထုတ်ပြန်ကြေညာချက် ဖတ်ကြားရှင်းလင်း

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက နှစ်ဖက်တွေ့ဆုံ ဆွေးနွေးမှု၏ရလဒ်ဖြစ်သည့် ပူးတွဲထုတ်ပြန်ကြေညာချက်ကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်

ထို့နောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီမှ အဖွဲ့ခေါင်းဆောင် ဦးဘီထူးက နှစ်ရက်တာအစည်းအဝေးသို့ အင်တိုက်အားတိုက် တက်ရောက်ခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို လိုလားတောင့်တပြီး ယခုတိုင် ငြိမ်းချမ်းရေးလမ်းတွင် လျှောက်လှမ်းနေဆဲဖြစ်ပါကြောင်း၊ နှစ်ရက်တာ အကျေအလည် ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များ ရရှိခဲ့ကြသည့်အတွက် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ဆွေးနွေးသူအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ ယခုအစည်းအဝေးဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသူများ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ပြည်သူများ တည်ငြိမ်အေးချမ်းမှုရရှိပြီးနောက် ပိုမိုတိုးတက်၊ ပိုမိုဖွံ့ဖြိုးလာရန် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ညီနောင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### နားလည်မှု၊ ယုံကြည်မှုများလည်း ရရှိလာ

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဧပြီ ၂၆ ရက် နှင့် ၂၇ ရက် နှစ်ရက်တာ တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီချက်အများအပြားရရှိခဲ့ကြောင်း၊ ပူးတွဲထုတ်ပြန်ကြေညာချက်ကိုလည်း ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် အပြုသဘောဆောင်သောအဖြေများ ထွက်ပေါ်လာနိုင်သည်ကို စောင့်ကြည့်နေကြသည့် ပြည်သူများကို သတင်းကောင်းပါးနိုင်ခဲ့ပါကြောင်း၊ နှစ်ဦးနှစ်ဖက် နားလည်မှု၊ ယုံကြည်မှုများလည်း ရရှိလာခဲ့ပါကြောင်း။

ကယားပြည်နယ်၏ ရှေ့ဆက်သွားမည့် ငြိမ်းချမ်းရေးလမ်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများတွင် လွန်စွာမှပင် အပေါင်းလက္ခဏာဆောင်သော ရလဒ်ဖြစ်ပါကြောင်း၊ နှစ်ဖက်သောခေါင်းဆောင်များအနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည် ဖြစ်ပါကြောင်း၊ ယခု နှစ်ရက်တာအတွင်း အားကြိုးမာန်တက်ဆွေးနွေးညှိနှိုင်းကြရာ၌ ညပိုင်းအထိ ဆွေးနွေးခဲ့ရခြင်းဖြစ်၍ ပါဝင်ဆွေးနွေးသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

### သမိုင်းဝင်မှတ်တမ်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် နှစ်ဦးနှစ်ဖက်စလုံးအတွက် ကောင်းမွန်သော လမ်းကြောင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို လာမည့် မေလနောက်ဆုံး ရက်သတ္တပတ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း၊ ယင်းညီလာခံတွင် KNPP ပါတီခေါင်းဆောင်များနှင့် ညီနောင်များက NCA လက်မှတ်ရေးထိုးနိုင်သည့် အခြေအနေတစ်ခုကို ဖန်တီးပေးနိုင်ရန် မျှော်လင့်ပါကြောင်း၊ နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံပြီး ၂၁ ရာစုပင်လုံညီလာခံတွင် လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက လွန်စွာအောင်မြင်သော သမိုင်းဝင်မှတ်တမ်းတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ရက်တာအတွင်း ဆွေးနွေးခဲ့ကြသူအားလုံး ပင်ပန်းခဲ့ကြသော်လည်း စေတနာထား၍ NCA လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေတစ်ခုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများ၊ နှစ်ဖက်မှ ဖိတ်ကြားထားသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

### ငြိမ်းချမ်းရေး ခြေလှမ်းတစ်ရပ်

ယခုအစည်းအဝေးမှ သဘောတူညီချက်များ ရယူနိုင်ခဲ့ခြင်း၊ ပူးတွဲထုတ်ပြန်ကြေညာချက် ထုတ်ပြန်နိုင်ခဲ့ခြင်းတို့သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကယားပြည်နယ်၏ အရေးကြီးလှသော ငြိမ်းချမ်းရေး ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။

**သတင်းစဉ်**

## NCA တွင် အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်

**ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏**
**ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီ**
**ပူးတွဲထုတ်ပြန်ကြေညာချက်**

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့)

၁။ ငြိမ်းချမ်းရေးကော်မရှင်နှင့်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေး ကော်မတီတို့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြရာ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။

၂။ ဆွေးနွေးရာတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်မရေးထိုးနိုင်မီ ရေတိုကာလအတွင်း အောက်ပါအတိုင်းဆောင်ရွက်ရန် သဘောတူသည်-

(က) **Local Monitoring Team & JMC ကိစ္စ၊ နှစ်ဖက်တပ်ဖွဲ့များသွားလာမှု၊ ဆက်သွယ်မှုပြည်နယ်အဆင့်တွင် ညှိနှိုင်းရေးကိစ္စ။** ပြည်နယ်အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အကြား နှစ်ဖက်သဘော တူညီထားသည့်အတိုင်း ပုံမှန်တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

(ခ) **ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်များတွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိရေးကိစ္စ။** ပြည်နယ်အဆင့်တွင်လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင်လည်းကောင်း နှစ်ဖက်ညှိနှိုင်းသဘောတူထားသော ဆက်ဆံရေး လမ်းကြောင်းများမှတစ်ဆင့် ဆောင်ရွက်ရန်။

(ဂ) တပ်ပိုင်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် တိုးတက်မှုများရရှိခဲ့ပြီး နှစ်ဖက်ညှိနှိုင်းသဘောတူညီသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါအချက်များကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးသဘောတူညီမှုရရှိခဲ့သဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ငြိမ်းချမ်းရေးကော်မရှင်** **ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၇

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ ဘားအံမြို့တွင် ကျင်းပ

**ဘားအံ ဧပြီ ၂၇**

ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံကို **"တိုင်းရင်းမီဒီယာ ရေရှည်တည်တံ့ရေး မီဒီယာဆိုင်ရာ အသိမြှင့်တင်ပေး"** ခေါင်းစဉ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင် ခန်းမ၌ ကျင်းပသည်။




**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဖဒိုစောသမိန်ထွန်းတို့က တိုင်းရင်းမီဒီယာညီလာခံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်ပြီး တိုင်းရင်းမီဒီယာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ဒုံးယိမ်းအကဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

**ကျင်းပရခြင်း ရည်ရွယ်ချက်**

ယင်းနောက် Burma News International (BNI) မှ အမှုဆောင်နိုင်ကဆော့မွန်က ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့် အစီအစဉ်များ၊ ယခင်က တိုင်းရင်းမီဒီယာညီလာခံများ ကျင်းပခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**အရေးကြီးကဏ္ဍမှ ပါဝင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု များပြားစွာရှိနေသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တိုင်းရင်းမီဒီယာများသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပါကြောင်း။

**အတည်ပြုပြီး ခွင့်ပြုပေးနေ**

တိုင်းရင်းသားလူမျိုးစုများ စာပေနှင့် အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကိုသိရှိပြီး တိုင်းရင်းမီဒီယာများအနေဖြင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်ကို စဉ်းစားဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားလိုပါကြောင်း၊ မီဒီယာလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက် ခွင့်ရရှိနိုင်ရန် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုံနှိပ်မီဒီယာကဏ္ဍတွင် ပုံနှိပ်ထုတ်ဝေခွင့်များ၊ မှတ်ပုံတင်အတည်ပြုပြီး ခွင့်ပြုပေးနေပါကြောင်း၊ ၎င်းတွင် တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေသည့် သတင်းဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်းများစွာ ပါဝင်ပါကြောင်း၊ ဆက်လက်ပြီးလည်း တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် ဂျာနယ်၊ မဂ္ဂဇင်းများအပြင် စာအုပ်စာစောင်များ ထုတ်ဝေနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ဖြန့်ဝေပေးလျက်ရှိ**

နိုင်ငံပိုင်သတင်းစာများတွင်လည်း တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေသည့် အချပ်ပိုစာမျက်နှာများကို ကြားညှပ်ထည့်သွင်းပြီး ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ၎င်းတွင် ကရင်ပြည်နယ်အတွင်း ဖြန့်ဝေသည့် သတင်းစာများ၌ မွန်၊ ပိုးကရင်၊ စကောကရင်၊ ပအိုဝ်းဘာသာများဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်တွင် ဖြန့်ဝေသည့် သတင်းစာများတွင် ဂျိမ်းဖောဘာသာဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ဖြန့်ဝေသည့် သတင်းစာများတွင် မြန်မာဘာသာနှင့် ရခိုင်ဘာသာတို့ဖြင့်လည်းကောင်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

**ဘာသာစကား ၁၁ မျိုးဖြင့်ထုတ်လွှင့်**

အလားတူ တိုင်းရင်းသားဘာသာများဖြင့် ဆက်လက်ထုတ်ဝေနိုင်ရေး၊ တိုင်းရင်းမီဒီယာများအနေဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားကဏ္ဍတွင် ရုပ်သံမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်သံလိုင်းအသစ်ငါးလိုင်းတိုးချဲ့လုပ်ကိုင်ခွင့်ပြုထားပါကြောင်း၊ မြန်မာ့အသံနှင့်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ရုပ်မြင်သံကြားသည် တိုင်းရင်းသားလူမျိုးစုများ ရုပ်သံလိုင်းတွင် ဘာသာစကား ၁၁ မျိုးဖြင့် ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း၊ ရေဒီယို အစီအစဉ်တွင် ဘာသာစကား ၁၇ မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

**စမ်းသပ်ပြီး ထုတ်လွှင့်နေ**

လက်ရှိ ထုတ်လွှင့်မှုများအပြင် ထပ်မံတိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် တိုင်းရင်းမီဒီယာများအနေဖြင့် ညှိနှိုင်းဆွေးနွေးပြီး လုပ်ကိုင်နိုင်ပါကြောင်း၊ ရေဒီယိုနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဒေသများ အပါအဝင် နိုင်ငံအနှံ့အပြားတွင် ရေဒီယိုလုပ်ငန်းလုပ်ကိုင်လိုမှုများ ရှိနေသည်ကို သိရှိရပါကြောင်း၊ ရပ်ရွာအလိုက် Community Radio များ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ခရေ FM အမည်ဖြင့် Community Radio အစီအစဉ်ကို စမ်းသပ်ပြီး ထုတ်လွှင့်နေပါကြောင်း၊ ရုပ်သံဥပဒေပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ အတည်ပြုပြီးပါက နည်းဥပဒေဆက်လက်ရေးဆွဲအတည်ပြုပြီး Community Radio လုပ်ကိုင်လိုသူများ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းရယူမှုနှင့်ပတ်သက်၍ တိုင်းရင်းသားမီဒီယာများအပြင် မြန်မာနိုင်ငံတွင် မီဒီယာလုပ်ငန်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ



**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်**

သတင်းရယူခွင့် တိုးတက်စေရန်အတွက် ဆောင်ရွက်ပေးနေပါကြောင်း။

**ပူးပေါင်း၍ ဆောင်ရွက်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အပါအဝင် မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း၊ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိရာတွင် မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာသမားများ ထိတွေ့သည့် အစီအစဉ်များလည်း ပူးတွဲပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စည်းမခြား သတင်းသမားများအဖွဲ့ (RSF)၏ ၂၀၁၈ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် Freedom of the Press Index တွင် မြန်မာနိုင်ငံကို အဆင့် ၁၃၇ ဖြင့် ထုတ်ပြန်ထားပါကြောင်း၊ ၎င်းမှာ ယခင်နှစ်သတ်မှတ်ချက်ထက် အနည်းငယ်ကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းမှာ နိုင်ငံတကာနှင့် ဆက်စပ်သည့် ပြဿနာတစ်ရပ်အပေါ် သက်ရောက်မှုကြောင့်ဟု ထင်မြင်ပါကြောင်း။

**အဆင့်အတန်းသတ်မှတ်ချက်များ**

သို့သော်လည်း ကမ္ဘာ့အကြီးမားဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယနိုင်ငံမှာ မိမိတို့နိုင်ငံ၏ နောက်တစ်ဆင့်တွင် ရှိနေပါကြောင်း၊ အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အဆင့်အတန်းသတ်မှတ်ချက်များမှာ မိမိတို့နိုင်ငံအား သတ်မှတ်ချက်ထက် အောက်ဘက်တွင် ရှိနေပါကြောင်း။



**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်**

**ပြုပြင်ပြောင်းလဲရမည်**

အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း မိမိတို့နိုင်ငံမှာ အဆင့်(၃)တွင် တွေ့ရှိရပြီး အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့မှာ မိမိတို့နိုင်ငံ၏ အဆင့်သတ်မှတ်ချက်အပေါ်တွင် ရှိနေကြပါကြောင်း၊ ၎င်းသတ်မှတ်ချက်များအပေါ် ကျေနပ်အားရမှုရှိ၍ ပြောဆိုနေခြင်းမျိုး မဟုတ်ပါကြောင်း၊ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းတစ်ခု၏ သတ်မှတ်ချက်တွင် မိမိတို့နိုင်ငံ၏ အဆင့်အတန်းသတ်မှတ်ချက် ကျဆင်းသွားခြင်းမျိုးကို မလိုလားမနှစ်သက်ပါကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံချိန်များတွင် မည်သည့်အချက်အလက်များအပေါ်မူတည်ပြီး မည်ကဲ့သို့အဆင့်သတ်မှတ်သည်ကို မေးမြန်းလေ့ရှိပါကြောင်း၊ မိမိတို့ဘက်က တိုးတက်မှုရှိအောင် မည်သည့်နေရာကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရမည်ဆို သည်ကိုလည်း မေးမြန်းလေ့ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည်ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲနိုင်ငံဖြစ်ပြီးဒီမိုကရေစီပြည့်ဝသည့် နိုင်ငံအဆင့်ကို မရောက်ရှိသေးပါကြောင်း။

**အမြင့်မားဆုံးအဆင့်မျှော်လင့်**

လွတ်လပ်ခွင့်များသည် ဒီမိုကရေစီ ပြည့်ဝခြင်းနှင့် မပြည့်ဝခြင်းတို့အပေါ်တွင် မူတည်ပြီး ဖြစ်ပေါ်လေ့ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းဆဲဖြစ်ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ရည်မှန်း၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြည့်ဝလာသည်နှင့်အမျှ လွတ်လပ်ခွင့်များသည်လည်း ယခုထက်မက ပိုမိုပီသစွာဖြင့် ပြည့်ဝလာမည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းအချိန်တွင် မီဒီယာ လွတ်လပ်ခွင့်သည်လည်း အမြင့်မားဆုံးအဆင့်ကို ရောက်ရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့် တိုးတက်ရေးအတွက် မိမိတို့အနေဖြင့် မီဒီယာသမားများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။

**ထိရောက်စွာ လုပ်ကိုင်**

မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများ တည်ဆောက်ပြီး သတင်းရယူမှုတိုးတက်စေရန် ဆက်လက်ဆောင်ရွက်သွားရမည်ဟု မြင်ပါကြောင်း၊ ၎င်းအတွက် ညှိနှိုင်းဆောင်ရွက်သည့် အလုပ်ကို ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည်ဟု မြင်ပါကြောင်း ပြောကြားသည်။

**ဆိုးကျိုးပြဿနာများစွာရှိ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးစုများ၏ နယ်မြေဒေသများတွင် မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးပြဿနာများစွာရှိနေရာ ၎င်းအတွက် တိုင်းရင်းသားမီဒီယာများက အသိပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း၊ တိုင်းရင်းသားမီဒီယာများ စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နည်းလမ်းရှာဖွေပြီး ကူညီဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ကရင်အမျိုးသား အစည်းအရုံး (KNU)မှ ဖဒိုစောသမိန်ထွန်း နှင့် တိုင်းရင်းမီဒီယာကျင်းပရေးကော်မတီ ဥက္ကဋ္ဌ နန်းဖော့ဂေတို့က အမှာစကားများ ပြောကြားကြပြီး နော်အဲ့ဖောဝါးက ကရင်ပြည်နယ်အကြောင်း မိတ်ဆက် ရှင်းလင်းတင်ပြသည်။

**စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သုံးရက်တာ ကျင်းပ**

ပထမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် လည်းကောင်း၊ တတိယအကြိမ်ကို ချင်းပြည်နယ် ဟားခါးမြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ရခိုင်ပြည်နယ် မြောက်ဦးမြို့နှင့် ပဉ္စမအကြိမ်ကို ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်းကျင်းပခဲ့ပြီး ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံကို Burma News International (BNI)နှင့် ကရင်သတင်းစဉ် (KIC) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကာ ကရင်ပြည်နယ်ဘားအံမြို့၌ ဧပြီ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

**အုပ်စုဖွဲ့ဆွေးနွေး**

ယင်းညီလာခံတွင် စာတမ်းများဖတ်ကြားခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အမေးအဖြေပြုလုပ်ခြင်းနှင့် အကြံပေးခြင်း၊ စားပွဲဝိုင်းဆွေးနွေးခြင်း၊ ရလဒ်များထုတ်ပြန်ကြေညာခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဘားအံမြို့၌ ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံမှ ပုံရိပ်များ




ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများကို တွေ့ရစဉ်။

**မိမိတို့နိုင်ငံ၌ တိုင်းရင်းသား လူမျိုးစု များပြားစွာရှိနေသဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တိုင်းရင်း မီဒီယာများသည် အရေးကြီး သည့် ကဏ္ဍမှ ပါဝင်နေ**




ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံ ကျင်းပစဉ်။




ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲအခမ်းအနားတွင် ကရင်တိုင်းရင်းသားတိုင်းရင်းသူလေးများက ကပြဖျော်ဖြေတင်ဆက်စဉ်။

# လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။

အမှိုက်ပုံမီးစတင်လောင်ကျွမ်းသည်မှ မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်၍ ဆေးဝါးကုသမှု ခံယူသူလူနာ ၂၄-၄-၂၀၁၈ ရက်နေ့မှ ၂၆-၄-၂၀၁၈ ရက်နေ့အထိ ၁၉ ဦးနှင့် ၂၇-၄-၂၀၁၈ ရက်နေ့တွင် ခုနစ်ဦး စုစုပေါင်း ၂၆ ဦးနှင့် ပြင်ပလူနာအဖြစ် ၂၄-၄-၂၀၁၈ ရက်နေ့မှ ၂၆-၄-၂၀၁၈ ရက်နေ့အထိ ၁၉ ဦးနှင့် ၂၇-၄-၂၀၁၈ ရက်နေ့တွင် နှစ်ဦး စုစုပေါင်း ၂၁ ဦး ရှိသည်။ ၂၇-၄-၂၀၁၈ ရက်နေ့တွင် ထပ်မံ၍ ဆေးရုံတက်ရောက်သူ အတွင်းလူနာများ၏ သွေးတွင်းရှိ Carboxyhaemoglobin ပမာဏကို စစ်ဆေးကြည့်ခဲ့ရာ ပုံမှန်ပမာဏအတွင်းသာရှိကြောင်း တွေ့ရသည်။ ဆေးရုံတက်ရောက်ကုသမှုခံယူသူများမှ ရောဂါသက်သာကောင်းမွန်သဖြင့် ၂၄-၄-၂၀၁၈ ရက်နေ့မှ ၂၆-၄-၂၀၁၈ ရက်နေ့အထိ စုစုပေါင်းလူနာခြောက်ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ကျန်ရှိသော အတွင်းလူနာ ၁၉ ဦး၏ ကျန်းမာရေးအခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၇-၄-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးတွင် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ လှိုင်သာယာပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဗဟိုကွင်းဆင်းအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် မီးခိုးငွေ့ဘေးအန္တရာယ်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲ၊ လိုအပ်ချက်များနှင့် ထပ်မံဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး နေ့စဉ်နံနက်တိုင်း တွေ့ဆုံဆွေးနွေး၍ လုပ်ငန်းကိစ္စရပ်များကို ခွဲဝေဆောင်ရွက်ကြမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် လေထုတိုင်းတာစစ်ဆေးမှုရလဒ်များ၊ လက်ရှိမီးခိုးမွှန်ခြင်းနှင့် ဆက်စပ်သောရောဂါများဖြင့် ကျန်းမာရေးဌာနများတွင် ကုသမှုခံယူခဲ့သော လူနာများ၏အခြေအနေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ နေ့စဉ် အစီရင်ခံတင်ပြလျက်ရှိပြီး မီးသတ်ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်စေရန်အတွက် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဌာနေကိုယ်စားလှယ်ရုံးနှင့် ဒေသဆိုင်ရာရုံးတို့နှင့်ဆက်သွယ်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ရယူပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မီးခိုးမွှန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လတ်တလော မီးလောင်ကျွမ်းလျက်ရှိသော ဧက ၃၀၀ ခန့်ရှိ ထိန်ပင်အမှိုက်ပုံကြီးအား အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရန်အတွက် အရေးပေါ်လိုအပ်နေသော Bio Foam မီးသတ်ဆေးဝယ်ယူရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ဦးဆောင်၍ ငွေကျပ်သိန်းပေါင်း ၃၄၀၀ လှူဒါန်း

**ရန်ကုန် မေ ၂၇**

လှိုင်သာယာမြို့နယ်ရှိ ဧက ၃၀၀ ခန့်ရှိသော ထိန်ပင်အမှိုက်ပုံကြီး မီးလောင်ကျွမ်းနေမှုကို အမြန်ဆုံးနှင့် အထိရောက်ဆုံး အပြီးသတ် မီးငြိမ်းပေးနိုင်သည့် Class A အမျိုးအစား Bio Foam မီးသတ်ဆေးရည် ဂါလန် ၅၀၀၀ ကို ပြည်ပမှ အလျင်အမြန်ဝယ်ယူ၍ ငြိမ်းသတ်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၃၄၀၀ အား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် ညီနောင်မိတ်ဖက်ကုမ္ပဏီများ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံသို့ မေ ၂၆ ရက်တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိန်ပင်အမှိုက်ပုံမှာ ဧက ၃၀၀ ခန့် ကျယ်ပြန့်ရုံသာမက အနက်ပေထုထည်ကြီးမားပြီး သာမန်ရေဖြင့် ငြိမ်းသတ်နိုင်ရန် မလွယ်ကူသည့်အပြင် အတွင်းမှ လိုက်စား၍ လောင်ကျွမ်းလျက်ရှိသည်။

ထို့အပြင် ကာလကြာရှည်လာပါက လေထုညစ်ညမ်းမှုဖြစ်ပွားကာ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေထိုင်သော ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှု မရှိစေရေးနှင့် အမြန်ဆုံး အပြီးသတ် မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်နေသည့် Class A အမျိုးအစား Bio Foam မီးသတ်ဆေး ဂါလန် ၅၀၀၀ ဝယ်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက လှူဒါန်းမယ်လို့ သိရတဲ့အချိန်မှာ လှိုင်သာယာမှာရှိတဲ့ ပြည်သူတွေကို ထုတ်ပြန်ပေးခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြည်သူလူထုကို ပိုပြီးပြည့်ပြည့်စုံစုံနဲ့ ကူညီပေးနိုင်ဖို့ အလှူရှင်တွေ ရှိနေတယ်ဆိုတာ ပြည်သူတွေကို အသိပေးခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



ယခု လှူဒါန်းမှုကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင် ဦးဆောင်၍ ညီနောင်မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက်၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance)၊ Jasmine Palace Hotel၊ အဏ္ဏဝါအောင် ဆောက်လုပ်ရေး၊ မြန်မာစည်းလုံးဆောက်လုပ်ရေး၊ Strong Source Group of Co.,Ltd နှင့် Famous Group တို့အတူ ပူးပေါင်း၍ အလျင်အမြန်လိုအပ်နေသော Class A အမျိုးအစား Bio Foam မီးသတ်ဆေးရည် ဂါလန် ၅၀၀၀ ဝယ်ယူရန်အတွက် ချက်ချင်းသွားရောက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုင်ငံအတွင်း လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် ပံ့ပိုးကူညီ လှူဒါန်းပေးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ စသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အထိ စုစုပေါင်း ငွေကျပ် ၁၃၈ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေးနှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများ ဒုတိယအခွင့်အရေးအဖြစ် ထိုးနှံပေးမည်

နေပြည်တော် မေ ၂၇

**တစ်နိုင်ငံလုံးတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့သော ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ၉၂ ဒသမ ၅ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မထိုးခဲ့ရသော အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေးတစ်သန်းကျော်သည် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လုံးဝမရရှိခဲ့သော ကလေးများဖြစ်ခဲ့သည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၎င်းကလေးများကို အသည်းရောင်အသားဝါ (ဘီ) နှင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးရရှိရန် ဒုတိယအခွင့်အရေးအနေဖြင့် ပြန်လည်ထိုးနှံပေးမည် ဖြစ်သည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းမွေးဖွားခဲ့သဖြင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးမထိုးရသေးသည့် ကလေးများကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှ ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်အတွင်း မွေးဖွားခဲ့ပြီး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေး မထိုးခဲ့ရသည့် ကလေးများကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း အောက်ပါကျန်းမာရေးဌာနများတွင် ထိုးနှံပေးသွားမည်ဖြစ်သည်။

(၁) ဗဟိုအဆင့်ဆေးရုံကြီးများရှိ ဆေးရုံအခြေပြုကာကွယ်ဆေးထိုးခန်းများ၊
(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ခုတင် ၁၀၀ နှင့် အထက်ဆေးရုံကြီးများ၊
(၃) မြို့နယ်ဆေးရုံများအားလုံး၊
(၄) ဒေသန္တရ၊ မိခင်ကလေးကျန်းမာရေးဌာနများအားလုံး၊
(၅) အအေးလမ်းကြောင်းရှိသော တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် မည်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အတွင်းနေထိုင်သည်ဖြစ်စေ လာရောက်ထိုးနှံသော မည်သည့်ကလေးကိုမဆို ထိုးနှံပေးသွားမည်ဖြစ်သည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို တစ်ကြိမ်ထိုးနှံပေးသွားမည်ဖြစ်ပြီး အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို တစ်လခြား၍ သုံးကြိမ် ထိုးနှံပေးသွားမည်ဖြစ်ရာ အကြိမ်ပြည့်ထိုးနှံနိုင်ရန်အတွက် ပထမအကြိမ် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို မေလတွင် နောက်ဆုံးထိုးရန် လိုအပ်ပါသည်။

ထိုသို့ ထိုးနှံပေးရာတွင် သက်ဆိုင်ရာကျန်းမာရေးဌာန၊ ဆေးရုံများတွင် သတ်မှတ်ထားသော ကာကွယ်ဆေးထိုးရက်တွင် ဝန်ထမ်းအင်အားဖြင့်သာ ထိုးနှံပေးမည်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများက ဘေးကင်းသော ကာကွယ်ဆေးထိုးလုပ်ငန်းကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် အသေးစိတ်မေးမြန်း၍ ချိန်းဆိုသည့်အတိုင်း သတ်မှတ်နေ့ရက်များတွင် လာရောက်ထိုးနှံခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံ မီးအပြီးသတ်ငြှိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်) ဖြင့် စတင်ငြှိမ်းသတ်

ရန်ကုန် ဧပြီ ၂၇

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြှိမ်းသတ်နိုင်ရန် ယနေ့ နံနက်ပိုင်းက Bio Foam (အမြှုပ်ဆေးရည်) ဖြင့် စတင်ငြှိမ်းသတ်လျက်ရှိကြောင်း သိရသည်။**

မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက "ဒီကနေ့မှာတော့ အပြီးသတ်မီးငြှိမ်းသတ်မှုကို ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ Bio Foam နဲ့ စတင်ငြှိမ်းသတ်နေပါပြီ၊ Bio Foam ကတော့ ရိုးရိုးသာမန်ရေထက် မီးငြှိမ်းတာပိုမြန်သလို မီးခိုးထွက်တာကိုလည်း လျော့နည်းစေပါတယ်၊ ပူပြင်းမှုနဲ့အတူ မီးလောင်မှု ဧရိယာကျယ်ပြန့်တဲ့အတွက်ကြောင့် အပြီးသတ်ငြှိမ်းသတ်မှုအပိုင်းကို အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

မီးငြှိမ်းသတ်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် အင်းစိန်မြို့နယ် မီးသတ်စခန်းမှ ဒုတိယတပ်ကြပ် ကျော်မင်းဦးက "လေတိုက်တော့ မီးခိုးတော်တော်များတယ်၊ အမှိုက်ပုံကို လောင်တာဆိုတော့ အထဲအထိရောက်အောင် ဆေးရည်နဲ့ သေချာငြှိမ်းသတ်ရတယ်၊ ဒီကနေ့ဆိုရင် ခြောက်ရက်လောက်ရှိပါပြီ၊ ညဘက်မှာလည်း ဆလိုက်မီးတွေထွန်းပြီး ငြှိမ်းသတ်နေကြတာပါ၊ နောက်ထပ် ဘယ်နှရက်လောက် ငြှိမ်းရမလဲဆိုတာတော့ မသိသေးပါဘူး" ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြှိမ်းသတ်လျက်ရှိရာ ယနေ့ နံနက်ပိုင်း ၉ နာရီခန့်မှ စတင်ကာ အပြီးသတ်မီးငြှိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြု၍ ငြှိမ်းသတ်လျက်ရှိသည်။

မီးစတင်လောင်ကျွမ်းစဉ်က လှိုင်သာယာမြို့နယ်အတွင်းနှင့် ဆက်စပ်မြို့နယ် တချို့ရှိ ပြည်သူများသာ မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများဒဏ်ကို ခံစားခဲ့ရသော်လည်း ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့တွင်း မြို့နယ်များသာမက ဆင်ခြေဖုံးမြို့နယ်များတွင်လည်း မီးခိုးမွှန်သည့်ဒဏ်ကို ခံစားခဲ့ရသည်။ ယခုအခါ အပြီးသတ်မီးငြှိမ်းသတ်မှုအဆင့်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် မီးခိုးထွက်ရှိမှုလည်း လျော့နည်းသွားပြီဖြစ်သည်။



လှိုင်သာယာမြို့နယ် အမှတ် ၁၀ ရပ်ကွက်မှ ဦးမြတ်သူနိုင်က "၂၄ ရက် ညနေပိုင်းက လှိုင်သာယာတစ်မြို့လုံးနီးပါး မီးခိုးတွေကြောင့် မှောင်သွားတယ်၊ နောက်ရက်တွေမှာတော့ တဖြည်းဖြည်း နည်းသွားပါတယ်၊ အခုဆိုရင် မီးခိုးမွှန်တဲ့အနံ့ မရှိသလောက်ပါပဲ" ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် မီးခိုးဒဏ်ကို အများဆုံးခံစားနေရသည့် ရပ်ကွက်များအတွင်းနှင့် မီးလောင်မှုအနီးတို့တွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ဒုတိယတိုင်း ဦးစီးမှူး ဒေါက်တာခင်နန်းလုံက "စတင်လောင်ကျွမ်းပြီး နောက်တစ်ရက်မှာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက နေရာခြောက်နေရာခွဲပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ စတင်ပေးထားပါတယ်၊ ဧပြီ ၂၄ ရက်လောက်မှာတော့ မီးလောင်မှုဖြစ်တဲ့ အနီးပတ်ဝန်းကျင်က မီးခိုးမွှန်တဲ့ဒဏ်ကို ခံစားရပြီး ဆေးရုံတက်ရောက်ကုသတာမျိုးတော့ရှိပါတယ်၊ စိုးရိမ်ရတဲ့ အခြေအနေမျိုးမဟုတ်ပါဘူး၊ မီးလောင်မှုကြောင့် မီးခိုးမွှန်ပြီး သေဆုံးတာမျိုးလည်း မရှိပါဘူး" ဟု ပြောသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်က စတင်ထားရှိခဲ့ကာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ နေ့စဉ် ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန် ၁၀၀၀ ကို ယင်းအမှိုက်ပုံတွင် နေ့စဉ် လာရောက်စွန့်ပစ်လျက်ရှိသည်။ အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့် မီးလောင်ကျွမ်းခြင်းဖြစ်ရာ အပြီးသတ်ငြှိမ်းသတ်မှုကို Bio Foam (အမြှုပ်ဆေးရည်) ဖြင့် ဆက်လက်ငြှိမ်းသတ်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး**

# အပန်းဖြေလေ့လာရေးစခန်းများသို့ သွားရောက်ကြမည့် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များ မန္တလေးမြို့စုရပ်သို့ ရောက်ရှိ

မန္တလေး ဧပြီ ၂၇

**တိုင်းဒေသကြီး၊ ပြည်နယ်များမှ ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်အဖြစ် ရွေးချယ်ခံထားရသော အခြေခံပညာကျောင်းသား ကျောင်းသူများသည် အပန်းဖြေလေ့လာရေးခရီးစဉ်များအဖြစ် ပုဂံ၊ အင်းလေး(တောင်ကြီး)နှင့် ငွေဆောင် (ပုသိမ်)ဒေသများသို့ ဧပြီ ၂၇ ရက်မှ မေ ၅ ရက်အထိ သွားရောက်ကြမည်ဖြစ်ရာ မန္တလေးမြို့စုရပ်သို့ ဧပြီ ၂၆ ရက်မှစတင်၍ ရောက်ရှိနေကြပြီဖြစ်သည်။**

ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးအသီးမှ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ရန်ကုန်နှင့် မန္တလေးမြို့စုရပ်များတွင် ရောက်ရှိကြသည်။ ၎င်းတို့အနက်မှ ရန်ကုန်စုရပ်မှ ပုဂံ၊ အင်းလေးသို့ သွားရောက်မည့် ကျောင်းသား ကျောင်းသူများအား မန္တလေးစုရပ်သို့ လည်းကောင်း၊ မန္တလေးစုရပ်မှ ငွေဆောင်သို့ သွားရောက်မည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်စုရပ်သို့ လည်းကောင်း ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်။

"ဘက်စုံပညာထူးချွန်လူငယ်တွေ ရောက်ရှိမှုအနေနဲ့ မန္တလေးတိုင်းဒေသကြီးမှာ အောင်မြေသာစံမြို့နယ် အထက (၁) နဲ့ အထက (၄) မှာ အင်းလေးစခန်းအတွက် စုရပ်ရှိပါတယ်၊ ငွေဆောင်နဲ့ ပုဂံကိုသွားမယ့် ကလေးတွေအတွက် ချမ်းအေးသာစံမြို့နယ်က အထက (၂၂) နဲ့ အထက (၁၄) မှာ စုရပ်စခန်းတွေ ထားရှိပါတယ်၊ ကလေးတွေကတော့ ဧပြီ ၂၆ ရက်ကနေ စပြီးတော့ရောက်ရှိတာမှာ ဒီနေ့ ဧပြီ ၂၇ ရက် နံနက်ပိုင်းအထိ စခန်းတစ်ခုချင်းစီမှာ ၃၈ ဦးစီ ရောက်ရှိနေပါပြီ၊ လူရည်ချွန်တွေကို ပုဂံနဲ့ အင်းလေးကို ၂၉ ရက်နေ့ မနက် ၇ နာရီကနေစပြီး သက်ဆိုင်ရာစခန်းအသီးသီးကို ပို့ဆောင်ပေးပါမယ်၊ အဲဒီမှာ စခန်းသွင်းလေ့လာရေးတွေ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်မွန်က ပြောသည်။

မန္တလေးမြို့ စုရပ်စခန်းအဖြစ် ဆောင်ရွက်သည့် အောင်မြေသာစံမြို့နယ် အထက (၁) ၊အထက (၄)နှင့် ချမ်းအေးသာစံမြို့နယ် အထက (၂၂) နှင့် အထက (၁၄) တို့ရှိ စုရပ်စခန်းများတွင် ဧပြီ ၂၇ ရက်နံနက်ပိုင်းမှ စတင်၍ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ နေထိုင်ရေးနှင့် စားသောက်မှု အဆင်ပြေစေရေး ပြင်ဆင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။ အလားတူ ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် စုရပ်စခန်းများထားရှိသောကျောင်းနှင့် ပတ်ဝန်းကျင်အား ရဲတပ်ဖွဲ့က လုံခြုံရေးစစ်ဆေးခြင်းများ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးစောင့်ရှောက်ရေးအတွက် စုရပ်စခန်း အသီးသီး၌ ကျန်းမာရေးဆေးခန်းများ ထားရှိကာ ဆရာဝန်နှင့် သူနာပြုများက ၂၄ နာရီ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများကို ဧပြီ ၂၈ ရက်တွင် အပန်းဖြေစခန်းအလိုက်စုဖွဲ့ကာ ဧပြီ ၂၉ ရက်တွင် လူရည်ချွန်အပန်းဖြေလေ့လာရေးစခန်း အသီးသီးသို့ ထွက်ခွာကြမည်ဖြစ်သည်။ ယင်းနေ့တွင် ပုဂံလူရည်ချွန် အပန်းဖြေစခန်းသို့သွားရောက်မည့် ဘက်စုံပညာထူးချွန်ကျောင်းသား ၈၈ ဦး၊ ကျောင်းသူ ၈၈ ဦး စုစုပေါင်း ၁၇၆ ဦးတို့သည် မန္တလေးမြို့ပေါ်ရှိ မြနန်းနန်းစံကျော်ရွှေနန်းတော်ကြီးအား လေ့လာခြင်းနှင့် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြပြီးနောက် မိတ္ထီလာမှတစ်ဆင့် နေ့လယ်ပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဘက်စုံပညာထူးချွန်လူငယ်လေ့လာရေးခရီးစဉ်အတွင်း စခန်းအသီးသီးမှ ဘက်စုံပညာထူးချွန်လူငယ်များသည် လူရည်ချွန်ဟောင်းကြီးများနှင့် တွေ့ဆုံခြင်း၊ ဘက်စုံပညာထူးချွန် ကျောင်းသားများက တစ်ဦးချင်းအလိုက် အတွေ့အကြုံများ မျှဝေခြင်း၊ မေ ၁ ရက်တွင် ပုဂံစခန်းဖွင့်ပွဲ ကျင်းပခြင်းနှင့် ပုဂံဘုရားများအား လှည့်လည်ဖူးမြော်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး မေ ၄ ရက်တွင် စခန်းသိမ်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မေ ၂ ရက်မှ ၅ ရက်အထိ ပုပ္ပားတောင်၊ ပခုက္ကူ၊ ပခန်းကြီးနှင့် ပုဂံဒေသအတွင်းရှိ အထင်ကရနေရာများအား လှည့်လည်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**



ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများအား ဝတ်စုံများ ထုတ်ပေးနေစဉ်။

**ဧပြီ ၂၆ ရက် နံနက် ၉ နာရီက သန်လျင်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဆန်းမြင့်ဦး ဦးဆောင်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းနိုင်ရေး၊ လူကုန်ကူးမှု တားဆီးနိုင်ရေးနှင့် ရဲလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို သိရှိနိုင်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပညာပေး ပြခန်းယာဉ်ကြီးဖြင့် မြို့နယ်အတွင်း လှည့်လည်ပြသ၊ ပညာပေးဟောပြောမှုများ ပြုလုပ်စဉ်။**

ကိုကြီးတင်



# အမှတ် (၇၀) အစုန် သာရဝေါ - ကြည့်မြင်တိုင်အမြန်ရထား လမ်းချော်မှုဖြစ်

**လက်ပံတန်း ဧပြီ ၂၇**

သာရဝေါဘူတာမှ ထွက်ခွာလာသော ရထားစက်ခေါင်း အမှတ် DF-1626 အမှတ် (၇၀) အစုန် သာရဝေါ-ကြည့်မြင်တိုင် အမြန်ရထားသည် ဧပြီ ၂၇ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်တွင် လက်ပံတန်းဘူတာအဝင် အမှတ်(၁) လမ်းနှင့် အမှတ်(၆)လမ်းသို့ ခွဲထွက်သည့် ရထားလမ်းခွဲပွိုင့် မိုင်တိုင်အမှတ် ၇၇/ ၉-၁၀ ကြားတွင် ရှေ့ဘီးလေးဘီး၊ အလယ်ဘီးလေးဘီး ချော်ကျမှု ဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် အစုန်၊ အဆန် ရထားလမ်းပိုင်းများ ခေတ္တပိတ်ဆို့မှုဖြစ်ခဲ့ပြီး ရထားစက်ခေါင်းအား အမြန်မတင်ရေးနှင့် လမ်းပိုင်းများ အမြန်ပွင့်စေနိုင်ရေးအတွက် မြန်မာ့မီးရထား လက်ပံတန်းဘူတာ ရထားထိန်းချုပ်ရေးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားစက်ခေါင်း ဘီးချော်ကျမှုကြောင့် ခရီးသည်နှင့် ရထားဝန်ထမ်းများ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲအရေးယူ

**နေပြည်တော်  မေ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ စီမံကိန်းများနှင့် ပတ်သက်၍ ဆေးရုံကြီးများ အရည်အသွေးပြည့်မီမှုမရှိခြင်း၊ FDA ရုံးများ၊ ဆေးရုံများ ဆောက်လုပ်ရာ၌ ဌာနအကြီးအကဲအချို့၏ ပြည်သူ့ဘဏ္ဍာများအပေါ် ကိုယ်ကျိုးပြု သုံးစွဲထားမှုများအား ဖော်ထုတ်စစ်ဆေးပေးနိုင်ပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်သည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ၂၀၁၇ ခုနှစ်အတွင်း ၎င်းပိုင်ဆိုင်သည့်မြေကွက်ပေါ်ရှိ နေအိမ်အတွက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အတွင်း အသုံးအဆောင်ပစ္စည်းများအားလည်းကောင်း၊ ၎င်းပိုင်ဆိုင်သည့် အခြားမြေကွက်ပေါ်တွင် ခြံစည်းရိုးကာရံခြင်း၊ တစ်ထပ်တိုက် နေအိမ်တစ်လုံး၊ ကားဂိုဒေါင်ပါ နှစ်ထပ်နေအိမ်တစ်လုံး၊ ဂိတ်တဲတစ်လုံး၊ ရေကူးကန်တစ်ခုနှင့် ရေပန်း တစ်ခုတို့အား လည်းကောင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၁၄၃၉၇၈၆ (သိန်းပေါင်း တစ်ထောင့် ငါးရာတစ်ဆယ့် လေးသိန်းသုံးသောင်းကိုးထောင် ခုနစ်ရာရှစ်ဆယ့်ခြောက် တိတိ)ကို အဆောက်အအုံများဆောက်လုပ်ရန် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီထံမှ တောင်းခံ ရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရဲစခန်းတွင် မေ ၂၀ ရက်၌ ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ် အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် မန္တလေး တိုင်းဒေသကြီး တရားလွှတ်တော်သို့ ယနေ့တွင် တရားစွဲဆိုတင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငဖဲမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူ ၁၄ ဦးအား ဖမ်းဆီးရမိ

**ငဖဲ  မေ ၂၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၂၅၃/၀ မိုင်အနီးတွင် မေ ၂၅ ရက် ညပိုင်းက တရားမဝင် ဝင်ရောက်လာသူ ၁၄ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ပဒါန်းရဲကင်းစခန်းမှူး ရဲအုပ်ကျော်ဇေယျနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ငဖဲမြို့နယ်သစ်တောဦးစီးဌာန၊ မီးသတ် ဦးစီးဌာနနှင့် စည်သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် ည ၈ နာရီခန့်မှစ၍ ပုသိမ်-မုံရွာ ကားလမ်းတစ်လျှောက် တရားမဝင် ဝင်ရောက်ဖြတ်သန်းသွားလာမှုမရှိစေရေး အတွက် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ည ၁၀ နာရီ ၁၀ မိနစ်ခန့်က ငဖဲမြို့နယ် စည်သာကျေးရွာ၏ အရှေ့ဘက် တစ်ဖာလုံခန့်အကွာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၂၅၃/၀ မိုင်အနီး ကားလမ်းဘေးတွင် ထိုင်နေသည့် လူများအား တွေ့ရှိရသဖြင့် စစ်ဆေးရာ ကျောက်တော်မြို့နယ် အင်ဘာရီကျေးရွာနေ မာမွတ်နော်စိမ်း(၂၉ နှစ်) ပါဝင်သော အမျိုးသား ကိုးဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၄ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသော တရားမဝင် ဝင်ရောက်လာသူ ၁၄ ဦးအား ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ ပုဒ်မ ၆(၃)ဖြင့် ငဖဲမြို့မ ရဲစခန်းတွင် တရားစွဲတင်နိုင်ရန် ငဖဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  မေ ၂၇**

မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် ညနေ ၃ နာရီက မြိတ်မြို့ မြိတ်တောင်နယ်မြေ ဘုရားကိုင်ရပ်ကွက် မီးသွေးဖောင်လမ်း၌ နေမျိုးပိုင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ အလားတူ မေ ၂၆ ရက် ညနေ ၄ နာရီက တပ်မတော်မှ သတင်းအရ မိုးကုတ်မြို့နယ် ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်(အတက်လမ်း) အထက်ညောင်ကုန်းကျေးရွာနှင့် အောက်ညောင် ကုန်းကျေးရွာကြားရှိ ကားလမ်းဘေးတွင် Crown Saloon အမျိုးအစား မော်တော်ယာဉ်ကို သွားရောက်စစ်ဆေးရာ ယာဉ်မောင်းနှင့် သော့မရှိ၍ မိုးကုတ်မြို့မရဲစခန်းသို့ သယ်ယူလာပြီး ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၁၈ ခွက်(အလေးချိန် ၂ ဒသမ ၃၉၈ ကီလို)ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ ည ၁၀ နာရီက မောင်တောခရိုင်ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောတို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဖေဇီကျေးရွာ အနောက်ဘက် သုသာန်သွားလမ်း၌ ဖေဇီကျေးရွာမှ သုသာန်သို့ လူတစ်ဦး အထုပ် တစ်ထုပ်ဆွဲ၍ လမ်းလျှောက်လာသည်ကို တွေ့ရှိ၍ ရပ်တန့်ခိုင်းရာ ၎င်းမှာ အထုပ်ကိုပစ်ချပြီး ထွက်ပြေးသွားသဖြင့် ကျန်ရှိသည့် အထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၂၀ ကို လည်းကောင်း၊ မေ ၂၅ ရက် ည ၉ နာရီခွဲက မန့်ဟီးရိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့ နောင်ခေါ်ကျေးရွာအုပ်စု နောင်ခေါ်ကျေးရွာရှိ ကျေးရွာနတ်နန်းကို ဖျက်ဆီးနေသူ တရုတ်နိုင်ငံသူ မယန်ရှင်ပိုအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ခေတ္တထိန်းသိမ်းထားကြောင်း အကြောင်းကြား၍ သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မိုးကုတ်မြို့နယ်တွင် ဖမ်းဆီးရမိသည့် ဘိန်းဖြူများကို တွေ့ရစဉ်။



မောင်တောမြို့နယ်တွင် ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

## ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ပိတောက်ခွားရွေတုံးများ ဖမ်းမိ





**နေပြည်တော် မေ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၆၈ စီး ၊ သွင်းကုန် ၁၀၀၂ စီး ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၈ စီး၊ သွင်းကုန် ၂၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၆ ဒသမ ၂၀၇ သန်းခန့် ၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၇၅၄ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၁ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃ ဒသမ ၉၆၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၆ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် နားဆော့ကျေးရွာအနီးတွင် တိုယိုတာဆက်စီဒ်ယာဉ်တစ်စီးနှင့် တိုယိုတာ ပရိုဘောက် ယာဉ်တစ်စီးတို့အား မသင်္ကာဖွယ် တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၃၁ တုံး၊ (၁ ဒသမ ၀၀၂၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၀၀၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပိုက်ဆံအိတ်လုယူထွက်ပြေးသူ နှစ်ဦးအား အချိန်တိုအတွင်းဖမ်းမိ

**တပ်ကုန်း  မေ ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မေ ၂၆ ရက် ည ၇ နာရီခွဲက အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ် လုယူထွက်ပြေးမှုဖြစ်ပွားခဲ့ရာ အဆိုပါ လုယူထွက်ပြေးသူများအား အချိန်ပိုင်းအတွင်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မခင်ဆွေသက်(ခ)မစပီကာ (၂၇ နှစ်) ဈေးရောင်း၊ နယ်မြေ-၁ ဆရာစံရပ်ကွက် တပ်ကုန်းမြို့နေသူသည် ဆံပင်ညှပ်ဆိုင်တွင် ခေါင်းလျှော်ပြီးနောက် နေအိမ်ရှိရာ ဆရာစံရပ်ကွက် MRTV သွား ကွန်ကရစ်လမ်း ဆည်မြောင်းဝန်ထမ်းအိမ်ရာအနီးရှိ လမ်းဘေးတွင် ၎င်း၏ ကွမ်းယာဆိုင်အနီးအရောက် ဆိုင်ကယ်အား အရှိန်လျှော့၍ ရပ်ရန်ပြုချိန်တွင် ဆိုင်ကယ်ဖြင့် လူငယ်နှစ်ဦး ရောက်ရှိလာပြီး ပိုက်ဆံအိတ်အား လုယူထွက်ပြေးခဲ့ရာ ပတ်ဝန်းကျင်ရှိ ပြည်သူများ၊ လှည့်ကင်း တာဝန်ဆောင်ရွက်နေသော ဒုရဲအုပ် သန့်ဇင်ဖြိုးနှင့်အဖွဲ့က ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ချဉ်ဖတ်(ခ)တရုတ်ကြီး(ခ)သီဟ (၁၇ နှစ်) နယ်မြေ-၁၃ ဘုရင့်နောင်ရပ်ကွက်နှင့် ထက်ဦးမောင်(ခ)ရဲရင့်သွေး(၁၇ နှစ်) နယ်မြေ-၁၁ မြဝတီရပ်ကွက် တပ်ကုန်းမြို့နေသူတို့ နှစ်ဦးကို အချိန်တိုအတွင်း ဖမ်းဆီးရမိ၍ ၎င်းတို့ကို တပ်ကုန်းမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီး

**ဒီးမော့ဆို**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပဒါန်းခိုကျေးရွာနှင့် ဒေါဆီးအီကျေးရွာတို့တွင် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးခဲ့ကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ် ဝါဘန်းပလိုကျေးရွာအုပ်စု ပဒါန်းခိုကျေးရွာတွင် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဦးထူးဘာ၏ နေအိမ်ယိုင်လဲခြင်း၊ ဦးအယ်ပလူမူးနှင့် ဦးလေးစာမူးတို့၏ နေအိမ် အမိုး လန်ခြင်းတို့ ဖြစ်ပွားခဲ့ပြီး အလားတူ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ဒေါတော်ကူး ကျေးရွာအုပ်စု ဒေါဆီး အီကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဦးဆာကွယ်ထူး၏ နေအိမ်အမိုးလန်ခြင်း ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နေပြည်တော်**

နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်တွင် ယနေ့မွန်းလွဲ ၁ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ နေအိမ်များနှင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီးခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇလောင်း ကျေးရွာအုပ်စု နန်ချွန်ကျေးရွာမှ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် နှစ်လုံး၊ ဇလောင်း(တောင်)ကျေးရွာမှ နေအိမ် တစ်လုံး၊ မောင်းရမ်းကျေးရွာအုပ်စု မောင်းရမ်း ကျေးရွာမှ လူနေအိမ် ရှစ်လုံး၊ ဝက်စုကျေးရွာမှ လူနေအိမ် ငါးလုံး၊ အောင်လံကျေးရွာမှ စာသင်ကျောင်း တစ်ကျောင်း၊ ကွမ်းခြံစုကျေးရွာမှ စာသင်ကျောင် တစ်ကျောင်း၊ မောင်းရမ်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်း စုစုပေါင်း ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ လူနေအိမ် ၁၆ လုံး အမိုးများ လန်ကာပျက်စီးခဲ့ကြောင်းနှင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်တိုင်များပေါ်သို့ သစ်ပင်များလဲကျခြင်းကြောင့် ဓာတ်အားကြိုးများပြတ်ခြင်းနှင့် ဓာတ်တိုင် နှစ်တိုင်လဲကာ၊ ရှစ်တိုင် ယိုင်သွားခြင်းများ ဖြစ်ခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လျှပ်စစ်ဝန်ထမ်းများက ကူညီကယ်ဆယ်ဆောင်ရွက်ခဲ့ပြီး လူ၊ တိရစ္ဆာန်ထိခိုက်မှုများမရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မေ ၂၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က လေပြင်းများတိုက်ခတ်မှုကြောင့် ရွာပုလဲကြီးကျေးရွာ၌ လူနေအိမ် လေးလုံး အိမ်အမိုး လန်ခြင်းနှင့် ဒိုင်း၊ မြားတန်းများပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရွာပုလဲကြီးကျေးရွာနေ ဦးထွန်းဝင်း၊ ဒေါ်တင်သန်းရီနှင့် ဦးဝင်းသောင်းတို့၏ နေအိမ်များ ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း သိသည်။

**မြို့နယ် (ပြန်/ဆက်)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်ဖွဲ့များ ကင်းလှည့်ပျံသန်းလေ့ကျင့်မှု ပြုလုပ်



**ဖူကျို့ ဧပြီ ၂၇**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်ဖွဲ့သည် ကြာသပတေးနေ့ နံနက်ပိုင်းက လေ့ကျင့်ပျံသန်းမှု ပြုလုပ်ခဲ့စဉ်အတွင်း ကျွန်းပေါ်ကင်းလှည့်သည့်ပျံသန်းမှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပုံစံတကျဖွဲ့စည်းပျံသန်းမှုကို တိုက်ခိုက်ရေးလေယာဉ်များ၊ ကြိုတင်သတိပေး ထောက်လှမ်းရေး လေယာဉ်နှင့် H6K ဗုံးကြဲလေယာဉ်များဖြင့် ဖွဲ့စည်းခဲ့ပြီး စစ်ဘက်လေယာဉ်ကွင်းများစွာတို့ဆီမှ ပျံသန်းထွက်ခွာခဲ့ခြင်း ဖြစ်သည်။

အုပ်ဖွဲ့ပျံသန်းမှုကို မီမာကိုရေလက်ကြားနှင့် ဘာရှီရေလမ်းကြောင်းများပေါ် လုပ်ဆောင်ခဲ့ပြီး လေ့ကျင့်မှု၏ အဓိကအကြောင်းအရာဖြစ်သည့် ကျွန်းပေါ်ကင်းလှည့်မှုကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လေတပ်ဖွဲ့သည် အမျိုးသားအချုပ်အခြာအာဏာနှင့် နယ်နိမိတ်ဆိုင်ရာ ပေါင်းစည်းညီညွတ်ရေး လုံခြုံစိတ်ချမှုရှိစေရန်အတွက် လေတပ်ဖွဲ့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် လေ့ကျင့်သားပြည့်ဝစေရန် ပြီးခဲ့သည့် ဧပြီ ၁၈ ရက်ကတည်းက စတင်ကာ ကျွန်းပေါ်ကင်းလှည့်ပျံသန်းမှု အမြောက်အမြားကို ဆောင်ရွက်ခဲ့သည်။

ပင်လယ်ပြင်၌ အမှန်တကယ်ရင်ဆိုင်တိုက်ခိုက်သည့် လေ့ကျင့်မှုမှတစ်ဆင့် လေကြောင်းအင်အားစု၏ တိုက်ခိုက်ရေးဆိုင်ရာ ပြင်ဆင်မှုသည် သမိုင်းဝင်အပြောင်းအလဲများကို ဖြစ်လာစေကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူ ရှန်ဂျင်ကီက ဖူကျန်းပြည်နယ်ရှိ စစ်အခြေစိုက်စခန်း၌ ပြောကြားခဲ့သည်။

ကြာသပတေးနေ့က အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝူကျီအန်သည် သတင်းစာရှင်းလင်းပွဲ၌ ကျွန်းပေါ်ကင်းလှည့်သည့် ပျံသန်းလေ့ကျင့်မှုနှင့် ပတ်သက်၍ မေးခွန်းထုတ်ခဲ့သည်။

ဆင်ဟွာ

# အမေရိကန်ဆီးနိတ်လွှတ်တော်က မိုက်ပွမ်ပီအိုအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် အတည်ပြု

**ဝါရှင်တန် ဧပြီ ၂၇**

အမေရိကန်ဆီးနိတ်လွှတ်တော်သည် ကြာသပတေးနေ့တွင် စီအိုင်အေဒါရိုက်တာ မိုက်ပွမ်ပီအိုအား နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် အတည်ပြုခန့်အပ်လိုက်ကြောင်း သိရသည်။

ဗဟိုထောက်လှမ်းရေးအေဂျင်စီ (CIA) မှ အကြီးအကဲဟောင်း ပွမ်ပီအိုသည် ဆီးနိတ်လွှတ်တော်၌ ကန့်ကွက်မဲ ၄၂ မဲကို ထောက်ခံမဲ ၅၇ မဲဖြင့် အနိုင်ရရှိခဲ့သည်။ ဆီးနိတ်ဒီမိုကရက်တစ်အများစုသည် လက်နက်ဖြင့် ဖြေရှင်းရေးကိုသာ လိုလားသည့် ၎င်း၏ မူဝါဒသဘောထားသည် အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားကို ဘေးအန္တရာယ်ကျရောက်စေလိမ့်မည်ဟုဆိုကာ ၎င်းအား ကန့်ကွက်မဲပေးခဲ့ကြသည်။




နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၎င်းအား အတည်ပြုနိုင်ခဲ့မှုက ပွမ်ပီအိုအား ဘရပ်ဆဲလ်၌ ကျင်းပမည့် နေတိုးအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အမေရိကန်ကိုယ်စားပြု တက်ရောက်နိုင်စေလိမ့်မည်ဖြစ်ပြီး သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဆွေးနွေးပွဲများအတွက် အခြေခံကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် မြောက်ကိုရီးယားနှင့် ဆက်သွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၎င်းအားအတည်ပြုပြီးနောက် ထရန့်က ၎င်းအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ အယောက် ၇၀ မြောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ပွမ်ပီအိုအား ဆီးနိတ်လွှတ်တော်က အတည်ပြုခန့်အပ်လိုက်ခြင်းကို နှစ်သက်ဝမ်းမြောက်မိကြောင်း ပြောကြားခဲ့သည်။

အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်၌ ထရန့်က ပွမ်ပီအို၏ ပါရမီကြီးမားပုံ၊ စွမ်းဆောင်ရည်ရှိမှုနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိပုံတို့ကို အမွှမ်းတင်ခဲ့ပြီး ယင်းအရည်အချင်းများသည် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါမျိုးတွင် အမေရိကန်ပြည်ထောင်စုအတွက် အံ့မခန်းအဖိုးတန်သည့် ကျွမ်းကျင်ပါးနပ်လိမ္မာမှုတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်၏ အကျိုးစီးပွားကိုသာ အမြဲရှေ့တန်းတင်သွားမည်ဖြစ်ကြောင်းကိုလည်း ထရန့်က ပြောကြားခဲ့သည်။ မိုက်ပွမ်ပီအိုအပေါ်တွင် ယုံကြည်ကြောင်းနှင့် အပြည့်အဝထောက်ခံကြောင်းကိုလည်း ထရန့်က ပြောခဲ့သည်။

ဆင်ဟွာ

# ရေကြီးရေလျှံမှုအတွင်း အစ္စရေးလူငယ် ၁၀ ဦး သေဆုံးခဲ့ပြီးနောက် သံသယရှိသူ သုံးဦးကို ဖမ်းဆီး

**ဂျေရုဆလင် ဧပြီ ၂၇**

အစ္စရေး၌ ရုတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့စဉ်အတွင်း ခြေလျင်ခရီး သွားသည့် အစ္စရေးလူငယ် ၁၀ ဦးသေဆုံးခဲ့မှုနှင့် ဆက်နွှယ်နေသည်ဟုဆိုကာ လူသုံးဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးကျောင်းသားလူငယ် ၁၀ ဦးတို့သည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အတွင်း ရှိကြပြီး ၎င်းတို့သည် အစ္စရေးတောင်ပိုင်းရှိ အာဖရာဘာကန္တာရတွင် ခြေလျင်ခရီး သွားလာနေကြစဉ် မမျှော်လင့်ဘဲ ရုတ်တရက်မိုးအကြီးအကျယ်ရွာချခဲ့မှုကြောင့် သေဆုံးသွားခဲ့ကြကြောင်း သိရသည်။

၎င်းတို့သည် လေ့ကျင့်မှုအတွင်း၌ ပါဝင်ခဲ့ကြသည့် ခြေလျင်ခရီးသွားသူ ၂၅ ယောက်အုပ်စုမှ ဖြစ်သည်။ ခရီးစဉ်ကို စီစဉ်ခဲ့သည့် အဖွဲ့အစည်းမှ ဝန်ထမ်းအဖွဲ့ဝင် သုံးဦးကို ရဲတပ်ဖွဲ့က မေးခွန်းများ မေးမြန်းခဲ့ကြကြောင်း သိရသည်။ နှစ်ဦးကို ဖမ်းဆီး ထိန်းသိမ်းထားပြီး တတိယမြောက်တစ်ဦးကို နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားသည်။

ခြေလျင်ခရီးစဉ်ကို တယ်လ်အာဗစ်အခြေစိုက် အဖွဲ့အစည်းတစ်ခုက စီစဉ်ခဲ့ခြင်းဖြစ်ပြီး စစ်မှုထမ်းခြင်းကို ရွေ့ဆိုင်းလိုသူလူငယ်များအတွက် တစ်နှစ်စာစီမံချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အေအက်ဖ်ပီ

# ကိုရီးယားကျွန်းဆွယ်ပေါ် နျူကလီးယားလက်နက်ပပျောက်ရေး ရည်မှန်းချက်ပန်းတိုင်တစ်ရပ်ကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားခေါင်းဆောင်နှစ်ဦးတို့ အတည်ပြု

**ဆိုးလ် ဧပြီ ၂၇**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားသမ္မတ ကင်ဂျုံအန်းတို့သည် ကိုရီးယားကျွန်းဆွယ်ပေါ်၌ ပြီးပြည့်စုံသည့် နျူကလီးယားလက်နက်ပပျောက်ရေး ဘုံရည်မှန်းချက်တစ်ရပ်ကို အတည်ပြုသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို သောကြာနေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။



သမ္မတ မွန်နှင့် ကင်တို့သည် တောင်ကိုရီးယားဘက်အခြမ်းရှိ ပန်မွန်ဂျွန်နယ်စပ်ကျေးရွာပေါ်ရှိ ငြိမ်းချမ်းရေးအိမ်တော်၌ လက်မှတ်ရေးထိုးသည့် အခမ်းအနားကျင်းပခဲ့ပြီး ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေး၊ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ပန်မွန်ဂျွန်ကြေညာချက်ဟု ခေါင်းစဉ်တပ်ခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် ပြီးပြည့်စုံသော နျူကလီးယားပပျောက်ရေး ဆောင်ရွက်မှုမှတစ်ဆင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဘုံရည်မှန်းချက်ကို အတည်ပြုခဲ့ကြသည်။ ၎င်းတို့သည် လက်ရှိ စစ်ရပ်ဆိုင်းရေး သဘောတူညီမှုမှတစ်ဆင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်သို့ ရောက်ရှိလာစေခြင်းအားဖြင့် ရှည်ကြာခိုင်မာသည့် ငြိမ်းချမ်းသော အုပ်ချုပ်မှုစနစ်တစ်ရပ် ထူထောင်ရန်နှင့် ၂၀၁၈ ကိုရီးယားစစ်ပွဲအဆုံးသတ်ကြောင်း ကြေညာနိုင်ရန်အတွက် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်နှင့် အမေရိကန်တို့ ပါဝင်မည့် ဆွေးနွေးပွဲများဖြစ်မြောက်ရေးအတွက် တက်ကြွစွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရေးကိုလည်း သဘောတူခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## နိုင်ငံတကာ သတင်းတိုထွာ

### ဖိလစ်ပိုင်အပန်းဖြေကျွန်းကို ရှင်းလင်းရေး ပြုလုပ်ရန်အတွက် ခေတ္တပိတ်ထား

**မနီလာ ဧပြီ ၂၇**

ဖိလစ်ပိုင်အစိုးရသည် အထင်ကရ အပန်းဖြေကျွန်းဖြစ်သည့် ဘိုရာကေကျွန်းကို ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ရှင်းလင်းရေးပြုလုပ်သွားရန်အတွက် ခြောက်လခန့် ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ရဲအရာရှိများသည် ကြာသပတေးနေ့က ကျွန်းပေါ်မှ ခရီးသွားဧည့်သည်များအား ကျွန်းမှ ထွက်ခွာသွားကြရန်အတွက် ကမ်းခြေများတွင် ကင်းလှည့်ခဲ့ကြသည်။

နောက်ထပ် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဘိုရာကေကျွန်းသို့ လာရောက်ရန် လှေစီးကြမည့် ကမ္ဘာလှည့်ခရီးသွားများ ရှိ မရှိ စောင့်ကြည့်ရန်အတွက် အနီးအနား ဆိပ်ကမ်းမြို့များတွင်လည်း လုံခြုံရေးရဲအဖွဲ့များကို ချထားခဲ့သည်။

အပန်းဖြေကျွန်းကို နှစ်တစ်ဝက်ကြာ ပိတ်ထားမှုအတွင်း အစိုးရသည် ရှင်းလင်းရေးကို အပြင်းအထန်ဆောင်ရွက်သွားမည်ဖြစ်ကာ မိလ္လာအညစ်အကြေးစနစ်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အိန္ဒိယမြောက်ပိုင်း၌ ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် လူ ၂၄ ဦး ဒဏ်ရာရ

**နယူးဒေလီ ဧပြီ ၂၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ကြာသပတေးနေ့က အလုပ်သမားအိမ်ရာ၌ ဓာတ်ငွေ့အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၄ ဦးထက်မနည်း ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုသည် အလုပ်သမားအချို့တို့က လပ်ဟီရာနာမြို့ ဂီရာစပူရာရေိယာအတွင်းရှိ နယူးစမတ် ကိုလိုနီယာယီနေအိမ်တစ်လုံးတွင် ချက်ပြုတ်နေကြစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်က ပြောကြားခဲ့သည်။

ဓာတ်ငွေ့အိုးသည် ဦးစွာမီးစွဲလောင်ပြီးနောက် အလုပ်သမားများက ရေဖြင့် ငြိမ်းသတ်ရန် ကြိုးပမ်းရာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အခင်းဖြစ်ပွားရာ နေအိမ်အနီး၌ စုဝေးရောက်ရှိနေကြသူများက ပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရသူများ၏ အခြေအနေမှာ ပြင်းထန်သည့်အတွက် စိုးရိမ်ရကြောင်း သိရသည်။

ဓာတ်ငွေ့အိုးပေါက်ကွဲမှုနှင့် ပတ်သက်၍ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တစ်ဦးတစ်ယောက်၊ တစ်နိုင်ငံတည်းနဲ့ ဆုံးဖြတ်လို့မရတဲ့ နျူကလီးယားသဘောတူစာချုပ်

● ကလျာမိုးမြင့် ●



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ၂၀၁၅ ခုနှစ်မှာ အီရန်နဲ့နျူကလီးယား အင်အားကြီးနိုင်ငံတွေအကြား ချုပ်ဆိုခဲ့တဲ့ နျူကလီးယားစာချုပ်ကို အဆိုးရွားဆုံးစာချုပ်တစ်ခုအဖြစ် ကြိမ်ဖန်များစွာပြောဆိုခဲ့ပြီး ဒါကို စွန့်လွှတ်ဖို့ကိုလည်း မရပ်မနား ခြိမ်းခြောက်နေခဲ့ပါတယ်။

ထရန့်လက်ထက်မတိုင်မီ သမ္မတ အိုဘားမား တာဝန်ယူဆောင်ရွက်ချိန်က ညှိနှိုင်းမှုပြုလုပ်ခဲ့တဲ့ ဒီသဘောတူစာချုပ်က အီရန်ဟာ နိုင်ငံတကာရဲ့ အရေးယူပိတ်ဆို့မှုတွေကနေ သက်သာရာရစေဖို့အတွက် အလဲအလှယ်အနေနဲ့ ၎င်းရဲ့အကဲဆတ်တဲ့ နျူကလီးယားဆောင်ရွက်မှုတွေကို ကန့်သတ်နေတာကို တွေ့မြင်ရစေပါတယ်။

**နျူကလီးယားစာချုပ်ကို ထရန့်ဘာကြောင့် ကန့်ကွက်နေသလဲ**

နျူကလီးယား သဘောတူစာချုပ်ကို အီရန်က လိုက်နာဆောင်ရွက်နေပါတယ်ဆိုတဲ့အချက်ကို ကွန်ဂရက်လွှတ်တော်ဆီကိုမှန်ကန်ကြောင်း တရားဝင်ဖော်ပြဖို့ကို ထရန့်က နှစ်ကြိမ်တိုင်တိုင် ငြင်းဆန်ခဲ့ပါတယ်။

ပြီးတော့ နျူကလီးယားနဲ့ ဆက်နွယ်တဲ့ အရေးယူပိတ်ဆို့မှုတွေကို အချိန်ကာလခြားပြီးမှ ပြန်လည်ချမှတ်ဖို့ကိုလည်း ငြင်းဆန်ထားပါတယ်။

သို့သော်လည်း ဇန်နဝါရီလမှာ ထရန့်က အကယ်၍ ကွန်ဂရက်လွှတ်တော်နဲ့ ဥရောပအင်အားကြီး နိုင်ငံတွေက စာချုပ်ရဲ့ ပျက်စီးကိန်းဆိုက်ရောက်စေမယ့် အပြစ်အနာအဆာတွေ၊ အားနည်းချက်တွေကို မပြင်ဆင်ဘူးဆိုရင် အမေရိကန်ဟာ မေ ၁၂ ရက်မှာ စာချုပ်ကနေ နုတ်ထွက်တော့မယ်လို့ သတိပေးခဲ့ပါတယ်။

ထရန့်က ဒီစာချုပ်ဟာ အီရန်ရဲ့ နျူကလီးယားဆိုင်ရာ လှုပ်ရှားမှုတွေကို အချိန်အတိုင်းအတာတစ်ခုအထိပဲ ကန့်သတ်နိုင်စွမ်းရှိတယ်။

တိုက်ချင်းပစ် ဒုံးကျည်တွေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုတွေကို ရပ်တန့်သွားအောင်မလုပ်နိုင်ဘူး။ ပြီးတော့ အရှေ့အလယ်ပိုင်း ဒေသတစ်လွှားမှာ လက်နက်တွေ၊ အကြမ်းဖက်မှုတွေနဲ့ ဖိနှိပ်မှုတွေလုပ်ဆောင်ဖို့အတွက် လာဘ်ပေးဖို့သီးသန့်ထားတဲ့ ရန်ပုံငွေတွေကို အသုံးပြုနေတဲ့ အီရန်ကို အမေရိကန်ဒေါ်လာ ၁၀၀ဘီလီယံ (ဥရောပငွေ ၇၂ ဘီလီယံ)ကို မိုးပေါ်က ကျလာသလိုမျိုး ပေးအပ်နေတယ်။

အလုံးစုံပါဝင်သော ပူးတွဲလုပ်ရှားမှု အစီအစဉ်ကို အီရန်နဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင်တွေဖြစ်ကြတဲ့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်နဲ့ ရုရှားအပြင် အပေါင်းတစ်အနေနဲ့ဂျာမနီနိုင်ငံတို့က သဘောတူညီခဲ့ကြ ပါတယ်။

ဒီစာချုပ်ဟာ အီရန်က ဓာတ်ပေါင်းဖိုလောင်စာအတွက်သာမက နျူကလီးယားလက်နက်တွေပြုလုပ်ဖို့အတွက်ပါ အသုံးပြုတဲ့ ၎င်းရဲ့သန့်စင်တဲ့ ယူရေနီယံပမာဏကို ၁၅ နှစ်ကြာအောင် ကန့်သတ်လိုက်ဖို့နဲ့ ယူရေနီယံသန့်စင်စေဖို့အတွက် စက်ဒလက်တွေတပ်ဆင်မှု အရေအတွက်ကို ၁၀ နှစ်ကြာအောင် ကန့်သတ်လိုက်ဖို့ အီရန်က သဘောတူညီလိုက်တဲ့စာချုပ် အမြင်တွေမြင်ရပြီး ဖြစ်ပါတယ်။

ပြီးတော့လည်း အီရန်ဟာအမြောက်အမြားရေပေးဝေမှုကို မွမ်းမံဖို့အတွက်လည်း သဘောတူထားပြီဖြစ်တဲ့အတွက် နျူကလီးယားဗုံးအတွက် သင့်လျော်တဲ့ ပလူတိုနီယံကို ထုတ်လုပ်နိုင်တော့မှာ မဟုတ်ပါဘူး။

ဒီစာချုပ်ကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က အီရန်ဟာ ၎င်းရဲ့အဓိကကျတဲ့ ကတိပေးအပ်မှုတွေကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ခဲ့တယ်လို့ အရည်အချင်းသတ်မှတ်လိုက်ပြီးနောက်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အရေးယူဆောင်ရွက်မှု ၂၂၃၁ နဲ့၂၀၁၆ ဇန်နဝါရီလက စတင်ခဲ့တဲ့ ၎င်းရဲ့ အကောင်အထည်ဖော်ဆောင်မှုတွေအားဖြင့် အတည်ပြုထောက်ခံချက်ရရှိခဲ့တာပါ။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာ ထရန့်က ကွန်ဂရက်လွှတ်တော်ဟာ နျူကလီးယားသဘောတူစာချုပ်ကို လွှမ်းခြုံနိုင်တဲ့ ပြင်ဆင်ဖြည့်စွက်ချက်တွေကို အတည်ပြုထောက်ခံချက် မပေးဘူးဆိုရင် အရေးယူပိတ်ဆို့မှုတွေကို လျှော့ပေါ့သက်ညှာပေးတော့မှာ မဟုတ်ဘူးလို့ လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

**အီရန်နဲ့ တခြားအဖွဲ့ဝင်နိုင်ငံတွေ ဘာပြောကြသလဲ**

အီရန်ကတော့ ၎င်းရဲ့နျူကလီးယားအစီအစဉ်ဟာ လုံးဝငြိမ်းချမ်းရေးသက်သက်ဖြစ်ပြီး JCPOA ကို လုံးဝပြန်ပြီး ညှိနှိုင်းစရာမလိုဘူးလို့ စဉ်းစားပါတယ်။

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက အကယ်၍အမေရိကန်က အရေးယူ ပိတ်ဆို့မှုတွေ ထပ်ပြီးချမှတ်လာဦးမယ်ဆိုရင် အကျိုးဆက်တွေ ပိုပြီးပြင်းထန်လာဖို့ပဲ ရှိတယ်လို့ ပြောခဲ့ပါတယ်။

အသေးစိတ်ကိုတော့ ရိုဟာနီက ပြောကြားခြင်း မရှိဘူး။ သို့သော် အီရန်အာဏာပိုင်တွေက ယူရေနီယံသန့်စင်ရေးကို ရက်ပိုင်းအတွင်း အရှိန်မြှင့်ဆောင်ရွက်သွားမှာဖြစ်ပြီး အီရန်ဟာ နျူကလီးယား မပြန့်ပွားရေး သဘောတူစာချုပ် (NPT)ကနေ နုတ်ထွက်သွားနိုင်တယ်လို့ ပြောဆိုခဲ့ကြပါတယ်။

ဥရောပအင်အားကြီး နိုင်ငံတွေက စာချုပ်ကိုဆက်လက်ထိန်းချုပ်ထားနိုင်ရေး ဆောင်ရွက်နေတယ်လို့ ဆိုထားသော်လည်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အင်္ဂါနေ့က ဝါရှင်တန်ကို အလည်အပတ်ရောက်ရှိစဉ်မှာ ဘာပြောခဲ့သလဲဆိုတော့ ဒါဟာ လုံလောက်မှု မရှိဘူး။ ပြီးတော့ ၎င်းအနေနဲ့ နောက်ထပ် သဘောတူစာချုပ် အသစ်တစ်ရပ်နဲ့ အလုပ်လုပ်သွားဖို့ လိုလားနေတယ်လို့ ဆိုပါတယ်။

မက်ခရွန်က ရေရှည်မှာ အီရန်ရဲ့ နျူကလီးယားလှုပ်ရှားဆောင်ရွက်မှု လုံးဝမရှိတော့ဘူးဆိုတာကို သေချာအောင် လုပ်ဖို့လိုအပ်ပြီး အီရန်ရဲ့တိုက်ချင်းပစ်ဒုံးကျည်ဆောင်ရွက်မှုကိုလည်း ရပ်တန့်ပစ်ရမှာဖြစ်သလို အရှေ့အလယ်ပိုင်းရဲ့ ပဋိပက္ခများစွာမှာ အီရန်ပါဝင်နေမှုကို ထိန်းချုပ်ဟန့်တားဖို့ နိုင်ငံရေးအရ ဖြေရှင်းမှုတစ်ရပ်ကို ရှာဖွေရမယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။



အိုင်အေအီးအေ အကြီးအကဲ ယူကီယာအမာနိက နျူကလီးယားသဘောတူစာချုပ် ပြိုလဲမှုဟာ ကြီးမားတဲ့ဆုံးရှုံးမှုတစ်ရပ်ဖြစ်လာနိုင်တယ်လို့ ပြောနေချိန်မှာ ရုရှားနဲ့ တရုတ်နိုင်ငံကတော့ JCPOA နဲ့ ပတ်သက်ပြီး တွေဝေယိမ်းယိုင်ခြင်းမရှိတဲ့ ထောက်ခံမှုတွေကို ပြသနေကြပါတယ်။

**အမေရိကန်က အရေးယူပိတ်ဆို့မှုတွေ ဆက်လက်ချမှတ်နေမယ်ဆိုရင် နျူကလီးယားသဘောတူညီမှု ပြိုလဲမှာလား**

အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်ဖ်က အရေးယူပိတ်ဆို့မှုတွေ ထပ်လုပ်နေဦးမယ်ဆိုရင် ဒါဟာ သဘောတူစာချုပ်ကို တမင်ဖျက်ဆီးနေသလိုဖြစ်လာနိုင်ပြီး အီရန်က ဒီသဘောတူညီမှုကို ကျောခိုင်းစွန့်လွှတ်လိုက်ဖို့ ပိုပြီးဖြစ်လာနိုင်တယ်။

ဒါပေမယ့် သီအိုရီအရဆိုရင် အကယ်၍ အီရန်နဲ့ အခြားသောအဖွဲ့ဝင်နိုင်ငံတွေက ၎င်းတို့ ကတိကဝတ်ပြုခဲ့တာတွေကို ဆက်လက်ပြီး လေးစားလိုက်နာသွားကြမယ်ဆိုရင်တော့ နျူကလီးယား သဘောတူစာချုပ်က ဆက်ပြီး ရှင်သန်ကျန်ရှိနေနိုင်မယ်လို့ ပြောကြားခဲ့ပါတယ်။

ဥရောပအင်အားကြီး နိုင်ငံတွေနဲ့ တခြားသက်ဆိုင်ရာ နိုင်ငံတွေဟာ အမေရိကန်ရဲ့အရေးယူပိတ်ဆို့မှုတွေကို လိုက်နာဆောင်ရွက်ဖို့ ငြင်းဆန်နိုင်ပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကသာ အီရန်ကို ညှိနှိုင်းရေး စားပွဲပေါ်ရောက်အောင် အပါခေါ်နိုင်မယ့် အဓိကအချက်ဖြစ်လာနိုင်ပါတယ်။ အမေရိကန်အနေနဲ့ JCPOA ကနေ အမှန်တကယ်နုတ်ထွက်သွားနိုင်သလားဆိုတဲ့ မေးခွန်းတွေ ပလူပျံ အောင်ထွက်ပေါ်နေပါသေးတယ်။

အိုဘားမားအစိုးရအဖွဲ့ လက်ထက်တုန်းက JCPOA ဟာ သဘောတူစာချုပ်တစ်ခုမဟုတ်ဘူး။ ဒါပေမယ့် အီရန်နဲ့ P5+1 ခေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံဖြစ်တဲ့ တရုတ်၊ ပြင်သစ်၊ ရုရှား၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုနဲ့ ဂျာမနီနိုင်ငံတွေကနိုင်ငံရေးအရ ကတိကဝတ်တွေ ပြုလုပ်ခဲ့ကြတာတွေရဲ့ ရောင်ပြန်ထင်ဟပ်မှုတစ်ခုထက်တော့ပိုတယ်လို့ အခိုင်အမာဆိုခဲ့ဖူးပါတယ်။

ဥရောပနိုင်ငံခြားရေး မူဝါဒဆိုင်ရာ အကြီးအကဲ ဖက်ဒီရီကာ မိုဂီရီနီက ဘယ်ပါတီမှစာချုပ်ကနေ ထွက်မသွားဘူးလို့ ၂၀၁၇ အောက်တိုဘာလမှာ ပြောခဲ့ဖူးပါတယ်။ ဒါဟာ နှစ်နိုင်ငံ သဘောတူစာချုပ်တစ်ခုလည်း မဟုတ်ဘူး။ ဘယ်နိုင်ငံ တစ်ခုတည်းကမှ ဒီစာချုပ်ကိုပိုင်ဆိုင်တာ မဟုတ်သလိုဒါကို အဆုံးသတ်ဖို့ ဆိုတာဟာလည်း နိုင်ငံတစ်ခုတည်းနဲ့သက်ဆိုင်နေတာမဟုတ်ဘူးလို့ ၎င်းက ပြောခဲ့တာပါ။

အီရန်နျူကလီးယား သဘောတူစာချုပ်ဟာ နိုင်ငံတွေအားလုံး ခြုံငုံပါဝင်နေသော၊ အများနဲ့ သက်ဆိုင်သော သဘောတူစာချုပ်တစ်ခုသာဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်နဲ့ တညီတညွတ်တည်း အတည်ပြုထောက်ခံခဲ့ကြတဲ့ သဘောတူညီမှုဖြစ်လို့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ကိုယ့်သဘောနဲ့ကိုယ် စီရင်ဆုံးဖြတ်ခွင့်မရှိဘူးလို့ ဖက်ဒီရီကာ မိုဂီရီနီက အလေးအနက်ပြောခဲ့ပါတယ်။ ။

**ကိုးကား-အေအက်ပီ၊ဘီဘီစီ**

**"မက်ခရွန်က ရေရှည်မှာ အီရန်ရဲ့ နျူကလီးယားလှုပ်ရှားဆောင်ရွက်မှု လုံးဝမရှိတော့ဘူးဆိုတာကို သေချာအောင်လုပ်ဖို့ လိုအပ်ပြီး အီရန်ရဲ့ တိုက်ချင်းပစ်ဒုံးကျည်ဆောင်ရွက်မှုကိုလည်း ရပ်တန့်ပစ်ရမှာဖြစ်သလို အရှေ့အလယ်ပိုင်းရဲ့ ပဋိပက္ခများစွာမှာ အီရန်ပါဝင်နေမှုကို ထိန်းချုပ်ဟန့်တားဖို့ နိုင်ငံရေးအရ ဖြေရှင်းမှုတစ်ရပ်ကို ရှာဖွေရမယ်လို့ ပြောခဲ့"**

# မြစ်ကြီးနားမြို့တွင် ၁၃ တန်အထက် ယာဉ်ကြီးများရပ်နားရန် ကုန်တင်ကုန်ချစခန်းတစ်ခု တည်ဆောက်မည်



**မြစ်ကြီးနား ဧပြီ ၂၇**

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ကွင်းအမှတ် ၁၂/၂-(က) စီတာပူတောင် ဦးပိုင်အမှတ် (၁၈၅/၁၈၆/၁၈၇) ဆိမ်ဆလမ်း (ငြိမ်းချမ်းရေး) လမ်းမကြီးပေါ်၌ ၁၃ တန်အထက် ယာဉ်ကြီးများ ရပ်နားရန် ကုန်တင်ကုန်ချစခန်းတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့သည် ယခုအစိုးရသစ်လက်ထက်တွင် လမ်းများ ဖွံ့ဖြိုးတိုးတက်ကာ အဆင့်မြင့်လာခြင်းနှင့်အတူ တန်ပိုယာဉ်ကြီးများ ဝင်ရောက်မှုကြောင့် မြို့တွင်းလမ်းများ ပျက်စီးခြင်း၊ ပြည်သူများ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်နေခြင်း၊ ယာဉ်အန္တရာယ်များ ပိုမိုဖြစ်ပွားလာနိုင်သောကြောင့် အဆိုပါ ကုန်တင်ကုန်ချစခန်းအား မဖြစ်မနေ တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

"မြစ်ကြီးနားမြို့ထဲက အိမ်ဆောက် ပစ္စည်းကုန်မာဆိုင်ပိုင်ရှင်တွေနဲ့ အကြမ်းဖျင်း တွေ့ဆုံဆွေးနွေးတယ်၊ ဒီကားတွေ ကုန်သည်တွေအတွက် ကုန်ချတဲ့နေရာကလည်း လိုကိုလိုအပ်တယ်၊ ဒီကုန်တင်ကုန်ချစခန်းကို သတ်မှတ်တဲ့ပုံစံအတိုင်း လုပ်မလား၊ သူတို့ဟာသူတို့ ကော်မတီဖွဲ့ပြီး ဆောက်မလား၊ တင်ဒါပေးမလားပေါ့ အဲ့ဒီအပိုင်းကိုပဲ ညှိနှိုင်းနေတာ၊ ညှိနှိုင်းတဲ့အဖြေကိုတော့ နောက်တစ်ပတ်လောက်ထဲမှာ သိရပါမယ်"ဟု ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက ပြောသည်။

အဆိုပါ ကုန်တင်ကုန်ချစခန်းတည်ဆောက်မည့်ပုံစံ ကုန်ကျငွေနှင့် စတင်ဆောက်လုပ်မည့်ကိစ္စနှင့်ပတ်သက်ပြီး ပြည်နယ်စည်ပင်ယာရေးအဖွဲ့နှင့် ကုန်မာဆိုင်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်တင်ကုန်ချစခန်းတည်ဆောက်မည့် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနေရာသည် ခုနစ်ဧကခန့် ကျယ်ဝန်းပြီး ယခင်က အဆင့်မြင့်ဈေးနှင့် ပျံကျဈေးတည်ဆောက်ရန် လျာထားခဲ့ပြီး ပြီးစီးအောင် ဆောက်လုပ်ခြင်း မရှိခဲ့သည့် မြေနေရာဖြစ်ကြောင်း စီတာပူရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ မှတ်တမ်းများအရ သိရသည်။

မြစ်ကြီးနားမြို့တွင်းသို့ ၁၃ တန်အထက် ယာဉ်မဝင်ရ လမ်းကြောင်းများကို အသိပေးဆိုင်းဘုတ်များ စိုက်ထူ၍ အသိပေးထားမည်ဖြစ်ပြီး ဝင်ရောက်မှုရှိခဲ့ပါက ယာဉ်ထိန်းရဲများ မှတစ်ဆင့် အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်သွားရန်လည်း ရှိကြောင်း စည်ပင်သာယာရေးအဖွဲ့၏ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ထံမှ သိရသည်။

**မင်းမင်းဦး**

# ဒဂုံမြို့သစ်၌ ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဖြူးပေးလျက်ရှိ

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ၉၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော်တွင် (အေ၊ ဘီ၊ စီ) ဘလောက်အလိုက် တိုက်ခန်းပေါင်း ၉၀၀၀ကျော်ရှိရာ ဒေသခံပြည်သူများ နေ့စဉ်နှင့်အမျှ သုံးစွဲနိုင်ရန်အတွက် ရေကို ၉၄ ရပ်ကွက်ရှိ ဂါလန်ခြောက်သိန်းဆံ့ ရေသိုလှောင်ကန်မှတစ်ဆင့် ရပ်ကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိသည်။

အကြောင်းအမျိုးမျိုးကြောင့် ဘလောက်အလိုက် တိုက်ခန်းများသို့ ရေကိုဖြန့်ဖြူးပေးရန်အတွက် နောက်ကျလျက်ရှိရာ လတ်တလောဒေသခံပြည်သူများ၏ တိုက်ခန်းများသို့လိုအပ်နေသည့် ရေသုံးစွဲနိုင်ရန်အတွက် ဧပြီ ၂၅ ရက်က ကောင်းစေချင်ပရဟိတအဖွဲ့နှင့် ယုဇနအိမ်ရာကော်မတီအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ ရေပြတ်လပ်လျက်ရှိသည့် တိုက်ခန်းများသို့ ၉၄ရပ်ကွက် ကန္တီဘုန်းတော်ကြီးကျောင်းတိုက်အနီးရှိ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရေတွင်းတူးထားလျက်ရှိသည့် အရန်ရေတွင်းမှ ရေကိုယူသုံးစွဲ၍ ရေသယ်ယာဉ်ဖြင့် တစ်နေ့လျှင် အခေါက်ရေ ခြောက်ခေါက်ဖြင့် စည်ပေါင်း ၃၀၀ ခန့်ကို လိုက်လံဖြန့်ဖြူးပေးလျက်ရှိကြောင်း ယုဇနအိမ်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်ထံမှ သိရသည်။

**ကျင်မောင်**

# ကူးတို့ဆိပ် ရေကြောင်းပိတ်ဆို့နေမှု အမြန်ဆုံးဆောင်ရွက်ပေးရန် ဒေသခံများ လိုလား

**ရေစကြို ဧပြီ ၂၇**

ရေစကြိုမြို့မှ ဆင်ခြေယာကူးတို့လုပ်ငန်းသည် အခွန်ငွေကျပ် သိန်းရာချီပြီး ပေးသွင်းလုပ်ကိုင်နေသော လုပ်ငန်းဖြစ်သည်။ ယခုအခါ ချင်းတွင်းမြစ်ရေကျချိန်တွင် သောင်ခုံများဖြစ်ထွန်းမှုကြောင့် ရေကြောင်းပိတ်နေသည့်အတွက် စက်လှေများသွားလာမှု အခက်အခဲဖြစ်ကာ ကုန်စည်စီးဆင်းမှု နှေးကွေးလျက် သွားလာရေးအဆင်မပြေသည့်အတွက် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးရန် ဒေသခံများမှ လိုလားလျက်ရှိကြောင်း သိရသည်။



ဆင်ခြေယာကူးတို့က ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းမှာရှိသည့် တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပြီး ယခင်နှစ်များနှင့်မတူဘဲ ချင်းတွင်းမြစ်ရေကျဆင်းမှုကြောင့် သဲသောင်များပိတ်ကာ စက်လှေများသွားလာရေး အဆင်မပြေဖြစ်နေကြောင်း ဆင်ခြေယာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

"ဒီ ဆင်ခြေယာကူးတို့လုပ်ငန်းက အခွန်ငွေသိန်းရာချီပြီး ပေးဆောင်လုပ်ကိုင်နေတဲ့လုပ်ငန်းဖြစ်ပါတယ်၊ အခု မြစ်ရေကျလို့ သဲသောင်တွေထွန်းပြီး စက်လှေတွေသွားလို့မရဖြစ်နေပါတယ်၊ အဲဒီတော့ မြစ်အရှေ့ဘက်က ဒေသခံပြည်သူတွေ အစစအရာရာ ဒုက္ခရောက်နေရတယ်၊ ကျွန်တော်တို့က လုပ်မှစားရတာဆိုတော့ စက်လှေတစ်စင်း ငွေကျပ် ၁၀၀၀၀ နှုန်းစုပြီး ရေကြောင်း ဖောက်တယ်၊ ပထမဖောက်တဲ့နေရာက ရေထပ်ကျတော့ ကျောက်ပုံတွေပေါ်လာတယ်၊ ကုန်နဲ့ မော်တော်တစ်စင်း ကျောက်ပုံနဲ့ထိပြီး အခု လွန်းတင်ထားရတယ်၊ နောက်ထပ် ရေကြောင်းထပ်ဖောက်ရတယ်၊ လောလောဆယ် ငွေကျပ် သုံးသိန်းကျော်လောက်ကုန်နေပြီ၊ ဒါကြောင့်တာဝန်ရှိသူတွေက အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါတယ်"ဟု စက်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အာဟာရဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးလျက်ရှိကြသော ရဟန်း သံဃာတော်များကို တစ်ကိုယ်ရေသန့်ရှင်း ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဧပြီ ၂၇ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်တင်မြထွေး ဦးဆောင်၍ ဒေါက်တာဒေါ်ဖြူစင်နေမျိုး(အထွေထွေရောဂါကုသရေး)၊ ဒေါက်တာဦးဇော်ဇော်အောင်(သွား/ခံတွင်း)၊ သူနာပြုဆရာမ ဒေါ်ငြိမ်းငြိမ်းလှပါ ရှစ်ဦးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းနှင့်အဖွဲ့တို့သည် သိဒ္ဓိရတနာ(ကိုင်းလေး)ကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော သံဃာတော် ၁၄ ပါးနှင့် လူပုဂ္ဂိုလ် ၁၇ ဦးတို့ကို တစ်ကိုယ်ရေ သန့်ရှင်းကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ဘူးကွဲ ရွာဦးဘုန်းတော်ကြီးကျောင်းရှိ သံဃာတော် ၂၂ ပါး တို့ကို ဆေးကုသမှုများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# မော်လမြိုင်ကျွန်းမြို့နယ် ညီနောင်ကြီးကျေးရွာ၌ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

**မော်လမြိုင်ကျွန်း ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ညီနောင်ကြီးကျေးရွာလုံးကျွတ် ဒုတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဧပြီ ၂၉ ရက်တွင် ညီနောင်ကြီးကျေးရွာ သာသနာ့ပွင့်ဦးကျောင်းတိုက်ဝင်း အရှေ့ဘက်ရှိ ဗောဓိညောင်ပင်နှစ်ပင်၌ ကျင်းပမည်ဖြစ်ရာ ညီနောင်ကြီးကျေးရွာ ဆရာတော် ဘဒ္ဒန္တ ဓမ္မနန္ဒနှင့် ဂေါပကအဖွဲ့ဝင်များ၊ ကဆုန်ညောင်ရေ သွန်းပွဲတော်ကျင်းပရေးကော်မတီဝင်များက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည့်နေ့ နံနက် ၈နာရီခွဲတွင် ကျေးရွာအရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့မှ ညီနောင်ကြီး ကျေးရွာသူ ၇၂ဦးတို့သည် ကဆုန်ညောင်ရေအိုးငယ်များနှင့်အတူ ယောဂီတူညီဝတ်စုံများဝတ်ဆင်လျက် ကဆုန်ညောင်ရေ သွန်းလောင်းပွဲတော်ကျင်းပမည့် ညီနောင်ကြီးကျေးရွာဗောဓိညောင်ပင်နှစ်ပင်သို့လာရောက်ကြကာ နံနက် ၉ နာရီတွင် မြန်မာ့ရိုးရာ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပသည့် အစဉ်အလာအတိုင်း အခမ်းအနားဖြင့် ဗောဓိညောင်ပင်နှစ်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြမည်ဖြစ်သည်။

အဆိုပါဗောဓိညောင်ပင်နှစ်ပင်တွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပရခြင်းမှာ ၁၃၇၈ခုနှစ် တန်ခူးလဆန်း ၉ ရက်တွင် အလှူရှင်များက ဗုဒ္ဓဂါယာမှ ပင့်ဆောင်လာသောသဲမှ ဗောဓိညောင်ပင်တစ်ပင် ပေါ်ထွန်းပေါက်ရောက်လာသဖြင့် ညီနောင်ကြီးဆရာတော်အား လှူဒါန်းခဲ့ရာ ဆရာတော်က ဗောဓိပင်တစ်ပင်အား ကျောင်းအရှေ့ဘက်တွင် စိုက်ပျိုးခဲ့ပြီး ဗောဓိပင်တစ်ပင်မှ ထူးခြားစွာ ဗောဓိပင်နှစ်ပင်ပေါက်ရောက်လာသဖြင့် ဆရာတော်နှင့် ဂေါပကများက ကြီးမှူး၍ ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပထမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပခဲ့ပြီး ဒုတိယအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို ယခုကဆုန်လပြည့်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# မင်းပြား၌ ဆီမီးတစ်ထောင် ပန်းတစ်ထောင်ပူဇော်ပွဲ ကျင်းပ

**မင်းပြား ဧပြီ ၂၇**

ရခိုင်ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် ဆီမီး တစ်ထောင်၊ ပန်းတစ်ထောင် ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၂၅ ရက်က မင်းပြားမြို့၌ ကျင်းပသည်။

ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ဆက်ကပ်ကန်တော့ပွဲတွင် မင်းပြားမြို့ ပြည်လုံးချမ်းသာ ဓမ္မာရုံမှ ရခိုင်မင်္ဂလာစည်တော်များ တီးခတ်၍ ရခိုင်လုပျိုဖြူများက ဆီမီး၊ ပန်း၊ ဆွမ်း၊ ရေချမ်းများ ကိုယ်စီကိုင်ဆောင်ခြင်း၊ ရခိုင်လုပျိုများက ရခိုင်ရိုးရာ ရေနံဆီမီးခွက်၊ မီးတုတ်များကိုင်ဆောင်ကာ ရခိုင်ရိုးရာသီချင်းများဖြင့် မြို့တစ်ပတ် စီတန်း လှည့်လည်၍ အမြင့်ပေလေးရာကျော် မြင့်သည့် ကျိန်းတောင်ပေါ်သို့ တက်ရောက်ပြီး ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ရေချမ်း၊ ဆွမ်းများအား ဆက်ကပ်ပူဇော်ကန်တော့ကြသည်။

ဧပြီ ၂၉ ရက်ထိ ကျိန်တောင်ဇီဝိခတ်တော်ဗုဒ္ဓပူဇနိယပွဲတော်ကို ရခိုင်ရိုးရာကျင်ပွဲ၊ ဇာတ်သဘင်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပကြရာ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးလာသူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးတင့်ဆွေဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ ဧပြီ ၂၄ ရက်က ရေလဲကြီးကျေးရွာ၊ ညောင်နီကုန်းကျေးရွာနှင့် လက်ပံကုန်းကျေးရွာများ၌ လျှပ်စစ်အသိပညာပေးဟောပြောစဉ်။

မြင့်နိုင်(ပြည်)

# လူငယ်များ၏ အင်္ဂလိပ်စာစွမ်းရည် တိုးတက်စေလိုလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် စတုတ္ထတန်းတက်မည့် သမီးအငယ်သည် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း သူ၏ဆရာမထံတွင် အင်္ဂလိပ်စာ Grammar တက်လိုသည်ဟုဆိုလာသည်။ မိခင်ဖြစ်သူကမူ စာရေးသူကိုယ်တိုင်သင်ပေးရန်ပြောလာသည်။ သမီးအငယ်ကသိပ်သဘောမကျပေ။ ထို့အပြင် ဇနီးဖြစ်သူ၏ မိတ်ဆွေအချို့ကလည်း နဝမတန်းတက်မည့်သူတို့၏ကလေးများကို အင်္ဂလိပ်စာသင်ပေးရန် မေတ္တာရပ်ခံလာကြသည်။ ဤသို့ဖြင့် မတ်လဆန်းမှစ၍ ရုံးချိန်ပြင်ပ ညပိုင်းအချိန်များနှင့် ရုံးပိတ်ရက်များတွင် ကလေးငယ်များကို အင်္ဂလိပ်စာသင်ပေးနေရသည်။ နားချိန်မရသော်လည်း ပညာဒါနဖြည့်ဆည်းပေးနေသလို သဘောထားလိုက်ပါသည်။**



**စဉ်ဆက်မပြတ်လေ့လာနေရန်လို**

လူတိုင်းအတွက် အရေးပါလာသည့် အင်္ဂလိပ်စာကို စာဖတ်သူများ လွယ်ကူစွာလေ့လာသင်ယူပြီး အချိန်တိုအတွင်း နားလည်တတ်မြောက်နိုင်စေရန်အတွက် စာရေးသူ၏အတွေ့အကြုံကို သတင်းစာအချို့မှ မျှဝေတင်ပြခဲ့ဖူးပါသည်။ ရိုးသားစွာ ဝန်ခံရလျှင် စာရေးသူသည် အင်္ဂလိပ်စာအထူးပြုဖြင့် ဘွဲ့ရခဲ့သူမဟုတ်ပါ။ သို့သော် အင်္ဂလိပ်စာကို စိတ်ပါဝင်စားခဲ့သဖြင့် ငယ်စဉ်ကတည်းက တတ်နိုင်သမျှလေ့လာဖြစ်ခဲ့သည်။ ဝန်ထမ်းဘဝတွင်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူခဲ့ရသည်။ အထူးသဖြင့် ၁၉၉၀ ပြည့်လွန် နှောင်းပိုင်းကာလများတွင် ရန်ကုန်မြို့လှည်းတန်း၌ ဆရာကြီး ဦးမြကြိုင်၏ အင်္ဂလိပ်စာသင်တန်းသို့ နှစ်နှစ်ကျော်၊ သုံးနှစ်နီးပါးခန့် လစာမဲ့တက်ရောက်ခွင့်ရရှိခဲ့သဖြင့် အင်္ဂလိပ်မှမြန်မာ၊ မြန်မာမှအင်္ဂလိပ်သို့ အတိုင်းအတာ တစ်ခုအထိ ဘာသာပြန်ဆို၊ ရေးသား၊ ပြောဆိုလာနိုင်ပါသည်။ လုပ်ငန်းသဘောသဘာဝအရ လက်ရှိအချိန်အထိလည်း စဉ်ဆက်မပြတ် လေ့လာနေရဆဲပင်ဖြစ်သည်။

**လိုချင်စိတ်ပြင်းပြ**

စာရေးသူသည် ၂၀၀၂ ခုနှစ် လောက်ကတည်းက သံတမန် မစ်ရှင် သွားရောက် တာဝန်ထမ်းဆောင်ကြမည့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကို အင်္ဂလိပ်စာသင်ပေးခဲ့ဖူးပါသည်။ ထိုစဉ်ကကျောင်းသားများသည် လိုချင်စိတ်ပြင်းပြခဲ့ကြသည်။ ရလဒ်အနေဖြင့် ထိုကျောင်းသားအားလုံးနီးပါးသည် သံတမန်မစ်ရှင်ကို အချိန်ပြည့် ထမ်းဆောင်ခွင့်ရခဲ့ပြီး ပြည်ပနိုင်ငံများမှပင် ပြန်လာကြပြီဖြစ်သည်။ သူတို့၏အောင်မြင်မှုများအတွက် ကြည်နူးပီတိဖြစ်ရပါသည်။ စာရေးသူကိုယ်တိုင်လည်း ၂၀၀၄ ခုနှစ်တွင် ပြည်ပသို့သွားရောက်ကာ သံတမန်မစ်ရှင်ထမ်းဆောင်ခဲ့ရသဖြင့် အင်္ဂလိပ်စာဆက်လက်သင်ကြားပေးရန် အခွင့်မသာတော့ပေ။

ထို့နောက် ၂၀၁၁ ခုနှစ်တွင် နေပြည်တော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရသည့်အခါ အင်္ဂလိပ်စာသင်ယူလိုသူအချို့သည် စာရေးသူထံ ရောက်လာခဲ့ကြသည်။ ယနေ့အချိန်အထိ ဇွဲရှိသူတစ်ယောက်ကိုမျှ မတွေ့ရသေးပါ။ အင်္ဂလိပ်စာသင်တန်းတက်ရာတွင် သုံးလပြည့်သည်အထိ ဆက်တိုက်တက်သူကိုပင် မတွေ့ရသေးပါ။ လုပ်ငန်းပင်ပန်းမှုကို အကြောင်းပြ၍ ဆက်လက် မသင်ကြတော့ပေ။ ကြိုးစားအားထုတ်မှုအပိုင်းတွင်လည်း လွန်စွာအားနည်းလာကြသည်။

သို့သော် လက်ရှိသင်ကြားပေးနေရသော ကလေးများသည် အဖြူထည်လေးများဖြစ်ကြသည်။ အင်္ဂလိပ်စာလိုချင်နေကြောင်းကို သူတို့၏မျက်လုံးများက သက်သေပြလျက်ရှိသည်။ ရှင်လန်းတက်ကြွလျက်ရှိကြသည်။ လေ့ကျင့်ခန်းမှန်မှန်လုပ်ကြသည်။ အင်္ဂလိပ်လို ပြောခိုင်းကြည့်ရာတွင် မရှက်မကြောက် ပြောဆိုကြသည်။ လေ့ကျင့်ခန်းများကို ပုံမှန်လုပ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ကလေးငယ်များကို အင်္ဂလိပ်စာသင်ကြားပေးရခြင်းသည် စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှပေသည်။

**အင်္ဂလိပ်စာအားနည်း**

အမှန်စင်စစ်မှာမူ မြန်မာအများစုသည် အင်္ဂလိပ်စာအားနည်းကြသည်။ အကြောင်းမူကား အခြေခံကျောင်းများတွင် အင်္ဂလိပ်စာဘာသာကို နားလည်အောင် သင်ကြားပေးနိုင်စွမ်းမရှိကြပေ။ ဆိုရလျှင် ဘွဲ့ရသည်အထိ အင်္ဂလိပ်စာကို အလွတ်ကျက်မှတ်၍သာ ဖြေဆိုခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့ငယ်စဉ်က ကျေးလက်နေ ကျောင်းသားအများစုသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာဖြင့် ကျရှုံးလေ့ရှိကြသည်။ ပြင်ပကျူရှင်တက်ရန် အခွင့်အလမ်းလည်းမရှိခဲ့ပါ။ ထိုစဉ်ကသင်ရိုးပြဋ္ဌာန်းချက်အတွက် ဘာသာပြန်စာအုပ်များကိုသာ အားကိုးခဲ့ရပါသည်။ သို့မှသာလျှင် စာမေးပွဲတွင် အင်္ဂလိပ်စာ အမှတ်ကောင်းကောင်းရနိုင်ပါသည်။ ထိုသို့မလေ့လာသူများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အင်္ဂလိပ်စာဖြင့် ကျရှုံးလေ့ရှိကြသည်။

**အလွတ်ကျက်ဖြေဆိုနေ**

အင်္ဂလိပ်စာကို နားမလည်ဘဲ အလွတ်ကျက်၍ ဖြေဆိုနေမည်ဆိုလျှင် အောင်မှတ်လောက်ပဲရနိုင်ပေသည်။ Grammar နားလည်ပြီး ပြဋ္ဌာန်းစာအုပ်ကို ကျေညက်စွာဖတ်ထားမည်ဆိုလျှင်၊ ဝေါဟာရကြွယ်ဝ နေမည်ဆိုလျှင် အမှတ်ကောင်းကောင်းရနိုင်ပေသည်။ မတ်လ ၈ ရက်နေ့ကလည်း အင်္ဂလိပ်စာမေးခွန်းမတိုးဟု ဆိုကြသည်။ ဆိုရလျှင် တက္ကသိုလ်ဝင်တန်းတက်သည့် တချို့သောကျောင်းသား ကျောင်းသူများသည် လက်ရှိအချိန်အထိ အင်္ဂလိပ်စာကိုအလွတ်ကျက်၍ ဖြေဆိုနေကြဆဲပင်ဖြစ်သည်။ ထို့အပြင် တချို့သောဆရာ ဆရာမများကလည်း သင်ရိုးကိုနားလည်အောင်မသင်ဘဲ စာမေးပွဲနီးမှသာ မှန်းဆမေးခွန်းများကို သင်ပေးလေ့ရှိကြသည်။ မှန်ကန်သော နည်းလမ်းမဟုတ်ပေ။ ထိုမေးခွန်းများမတိုးလျှင် ကလေးများသည် မဖြေတတ်သဖြင့်စာမေးပွဲ ကျရှုံးကြရသည်။ များစွာနစ်နာပါသည်။

**အခြေခံကျကျသင်ပေးထားသင့်**

ဆိုရလျှင် တချို့က ဘွဲ့ရထားသည့်တိုင်အောင် ဝါစင်္ဂရှစ်မျိုးကိုပင် မခွဲတတ်ကြပေ။ နာမ်၊ နာမ်စားတစ်ခုကို အနည်းမှအများသို့ပင် မပြောင်းတတ်ကြပေ။ ဝေါဟာရကို မသိသည့်အပြင် အသံထွက်ကိုလည်း မှန်ကန်စွာ မထွက်တတ်ကြပေ။ ထို့ကြောင့် ကလေးငယ်များကို အခြေခံပညာအဆင့်ကတည်းကပင် အင်္ဂလိပ်စာကို အခြေခံကျကျ သင်ပေးထားသင့်ပေသည်။ ဆိုလိုသည်မှာ ဝါစင်္ဂရှစ်မျိုး၊ Active ၊ Passive၊ Direct၊ Indirect၊ Tense၊ Phrase၊ Clause၊ Present Participle၊ Past Participle နှင့် မြန်မာမှ အင်္ဂလိပ်သို့ စာကြောင်း တည်ဆောက်ပုံလောက်တော့ အခြေခံကျကျ သင်ပေးထားသင့်သည်။

အထူးသဖြင့် Letter နှင့် Essay ကိုကျွမ်းကျင်စွာရေးတတ်ရန် အလယ်တန်းအဆင့်လောက်ကတည်းက လေ့ကျင့်ထားသင့်သည်။ အပတ်စဉ် ခေါင်းစဉ်တစ်မျိုးစီ ချပေးသင့်သည်။ ခေါင်းစဉ်ချပေးရုံမျှဖြင့် ဆရာ့တာဝန် ကျေပွန်မည် မဟုတ်ချေ။ အမှန်စင်စစ်မှာမူ ဆရာ ဆရာမများသည် ကျောင်းသားများကို တွေးနည်း၊ ရေးနည်းများ လမ်းညွှန်သင်ကြားလေ့ကျင့်ပေးရန် တာဝန်ရှိပေသည်။

ထို့အပြင် ဝေါဟာရစကားလုံးအရေအတွက် (Word Level) အလိုက်ရေးသားထားသော စိတ်ဝင်စားဖွယ်ကောင်းသည့် ပုံပြင်များ၊ ကာတွန်းများ၊ စုံထောက်ဝတ္ထုတိုလေးများကိုလည်း တစ်ဆင့်ချင်းဖတ်ခိုင်းသင့်သည်။ ဝေါဟာရ (Vocabulary)စကားလုံး ၂၀၀ မှသည် ၃၀၀၀ အထိ အသုံးပြုရေးသားထားသော စာအုပ်များစွာ ရှိပါသည်။ အခြေခံမှစ၍ ကလေးများကို စာဖတ်တတ်အောင် လေ့ကျင့်ပေးထားသင့်သည်။ ဆရာများသည် ကလေးများမသိနိုင်သည့် ယဉ်ကျေးမှုနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းပြပေးသင့်သည်။ ထိုသို့ စနစ်တကျ သင်ကြားပြသပေးသွားမည်ဆိုလျှင် မျိုးဆက်သစ်များ၏ အင်္ဂလိပ်စာစွမ်းရည်သည် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။

**ကမ္ဘာသုံးဘာသာစကား**

လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ အချိန်နှင့်တစ်ပြေးညီတိုးတက်ပြောင်းလဲမှုများ လွှမ်းခြုံဆက်စပ် ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ ဆက်စပ်ဖြစ်ပေါ်နေမှုသဘောတရားကြောင့် ကမ္ဘာ့အဖြစ်အပျက်အားလုံးသည် လူသားတိုင်းနှင့် သက်ဆိုင်လျက်ရှိသည်။ ထိုဖြစ်စဉ်ဖြစ်ရပ်များကို အချိန်မီ သိရှိနားလည်သဘောပေါက်နိုင်ရန်အတွက် ကမ္ဘာသုံးအင်္ဂလိပ်စာကို အခြေခံအားဖြင့် ပြောဆို၊ ရေးသားနိုင်အောင် လေ့လာသင်ယူထားသင့်ပေသည်။ အင်္ဂလိပ်စာမတတ်သူသည် အဘက်ဘက်မှ နောက်ကျကျန်နေမည်ဖြစ်သည်။ ထို့အပြင် အင်တာနက်စာမျက်နှာများတွင်လည်း သုတ၊ ရသနှင့် ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို အင်္ဂလိပ်ဘာသာဖြင့်သာ တင်ပေးထားကြသည်။ ဆိုရလျှင် ဘာသာပြန်ထားသည့် လက်ရာများသည် မူလစာရေးဆရာ၏အာဘော်ကို လုံးလုံးလျားလျား မီနိုင်မည် မဟုတ်ချေ။

ခြုံ၍တင်ပြရလျှင် လက်ရှိအချိန်တွင် အင်္ဂလိပ်စာသည် ကမ္ဘာသုံးဘာသာစကားဖြစ်လာပြီဖြစ်သည်။ အင်္ဂလိပ်စာမတတ်လျှင် အဘက်ဘက်မှ နောက်ကျကျန်နေရစ်မည်ဖြစ်သည်။ သာဓကအနေဖြင့် ရခိုင်အရေးတွင် မြန်မာပြည်သူများသည် ဖြစ်စဉ်အမှန်ကိုအင်္ဂလိပ်လိုရေးပြီး You Tube တွင်သာ တင်နိုင်ခဲ့မည်ဆိုလျှင် များစွာအကျိုးရှိစေမည်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းရှင်များကလည်း အင်္ဂလိပ်စာကျွမ်းကျင်သူများကိုသာ ဦးစားပေးလိုကြသည်။ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ကလေးများကို အင်္ဂလိပ်စာသင်ကြားရာ၌ အခြေခံကျကျ သင်ပေးသွားသင့်သည်။ အခြေခံရှိမှသာလျှင် အဆင့်မြင့်ပညာသင်ယူရာတွင် အခက်အခဲမရှိ ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထို့အပြင် လုပ်ငန်းခွင်နယ်ပယ်တွင်လည်း လက်မထောင်နိုင်ကြမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပညာရေးကဏ္ဍတွင်တာဝန်ယူထားသူများအနေဖြင့် မျိုးဆက်သစ်လူငယ်များ အင်္ဂလိပ်စာစွမ်းရည် တိုးတက်လာစေရေးအတွက် စနစ်တကျ သုတေသနပြုလုပ် သင်ကြားပြသပေးသွားနိုင်ကြပါစေ။ ။

> **“သို့သော် လက်ရှိသင်ကြားပေးနေရသော ကလေးများသည် အဖြူထည်လေးများဖြစ်ကြသည်။ အင်္ဂလိပ်စာလိုချင်နေကြောင်းကို သူတို့၏မျက်လုံးများက သက်သေပြလျက်ရှိသည်။ ရှင်လန်းတက်ကြွလျက်ရှိကြသည်။ လေ့ကျင့်ခန်းမှန်မှန် လုပ်ကြသည်။ အင်္ဂလိပ်လို ပြောခိုင်းကြည့်ရာတွင် မရှက်မကြောက် ပြောဆိုကြသည်။ လေ့ကျင့်ခန်းများကို ပုံမှန်လုပ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ကလေးငယ်များကို အင်္ဂလိပ်စာသင်ကြားပေးရခြင်းသည် စိတ်ချမ်းမြေ့ဖွယ်ရာ ကောင်းလှပေသည်”**


## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏ အနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဟာသဇာတ်လမ်းများ ရိုက်ကူးမှုမရှိသေးသည့် ရှိုင်းဇေ

ကိုလင်း




အနုပညာလောကသို့ အဆိုတော်အဖြစ် စတင်ဝင်ရောက်လာပြီး "အိမ်နီးချင်းကောင်မလေး" စီးရီးကို ပထမဆုံး ဖြန့်ချိခဲ့သည်။ တေးသံရှင် အိမ့်ချစ်နှင့် "အရိပ်" ဆိုသည့် သီချင်းဖြင့် တွဲဖက်သီဆိုမှုကြောင့် ပရိသတ်ပိုမိုသတိထားမိခဲ့ပြီး အဆိုပိုင်းသာမက သရုပ်ဆောင်အဖြစ်နှင့် ရပ်တည်ရန်ကြိုးစားခဲ့သည့် ရှိုင်းဇေက ဟာသဇာတ်ကားများ မရိုက်ကူးဖြစ်သေးကြောင်း ပြောပြသည်။

အနုပညာလုပ်ငန်းများ အတွက် ရွှေဧကရာဇ် ရုပ်ရှင်ထုတ်လုပ်ရေးကို တည်ထောင်ထားပြီး "ယောက်ဖကြီးကိုဝန်းရံကြ" ဇာတ်ကားတွင် ခန့်စည်သူ၊ အိချောပိုနှင့်လည်းကောင်း၊ "လိုတရ" တွင် ခန့်စည်သူ၊ ပိုင်ဖြိုးသုတို့နှင့်လည်းကောင်း၊ "ရှင်သန်ခွင့်ပေးပါ"တွင် လူမင်း၊ မို့မို့မြင့်အောင်တို့နှင့်လည်းကောင်း ရိုက်ကူးခဲ့ပြီး ဇာတ်ကားပေါင်း ခုနစ်ကားခန့် ရိုက်ကူးထားပြီးဖြစ်ကြောင်း ရှိုင်းဇေက ဆိုသည်။

"သီချင်းဆိုတာကတော့ လွန်ခဲ့တဲ့ သုံးနှစ်ကပါ၊ ပေါ့ပ် ပြန်ဆိုတေးလေးတွေ ဆိုထားတာပါ၊ ဇာတ်ကားရိုက်တာတော့ မကြာသေးဘူးဗျာ၊ ကျွန်တော်ကတော့ မိသားစုတွဲဇာတ်လမ်းလေးတွေပဲ ပိုကြိုက်တယ်၊ ကျွန်တော်က ဒရာမာပိုင်းကို ပိုကြိုက်တယ်၊ ဟာသကားတွေ မရိုက်ဖြစ်ဘူး၊ ကိုယ်ပိုင်တဲ့ ဇာတ်ရုပ်လည်း မဟုတ်လို့ပါ၊ သရုပ်ဆောင်အလုပ်ကို လုပ်ခဲ့တာကတော့ နှစ်နှစ် ရှိပါပြီ၊ ကျွန်တော် ဒီ အနုပညာအလုပ်ကို လုပ်ချင်တာ ကြာပါပြီ၊ ငယ်ငယ်ကတည်းက ဖြစ်ချင်တာပေါ့၊ အိမ်က ဦးစားမပေးဘူး၊ သဘောမကျဘူးလို့ ပြောလို့ရတယ်၊ ဒါပေမယ့် ကျွန်တော်က ဝါသနာကြီးတော့ အိမ်ကပေးတဲ့ မုန့်ဖိုးလေးတွေစုပြီး Stars & Models မှာ မော်ဒယ်သင်တန်းတက်ပြီး ဆရာဂျွန်လွင် အကူအညီနဲ့ ဆရာဦးစောနု ဆီမှာ သရုပ်ဆောင်သင်တန်းတက်ခဲ့ပါတယ်၊ ဆရာက အိမ်ကို ပြောပေးပါတယ်၊ အတွဲခွေစီးရီး ကိုနေထိုက်စိုး စီစဉ်တဲ့ အခွေလေးမှာ သရုပ်ဆောင်ခိုင်းတယ်၊ အိမ်ကိုလည်း ပြောပေးတယ်၊ အဲ့ဒါနဲ့ မိဘတွေကလည်း သဘောတူခဲ့တာပေါ့၊ နောက်ပိုင်း သရုပ်ဆောင်အလုပ်ကိုလုပ်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်၊ အဲ့ဒီတုန်းက ကိုဇော်ပိုင်တို့၊ မချမ်းချမ်းတို့ နဲ့အတူ ဂီတသမားတွေအများကြီးပါတဲ့ "နတ်သားရင်ခွင်နတ်သမီး အိပ်မက်" စီးရီးမှာ သရုပ်ဆောင်ခွင့်ရခဲ့တယ်၊ ကျွန်တော့်ကို ရွေးချယ်ခဲ့တာပေါ့" ဟု ပြောသည် ။

သရုပ်ဆောင် ရှိုင်းဇေက "အရင်က ရုပ်ရှင်ကားတွေ၊ ဗီဒီယိုကားတွေ ထွက်သမျှ တစ်ကားမှ မလွတ်ဘူး၊ အဲ့ဒီတော့ နောက်ပိုင်း ကိုယ့်ကိုယ်ကိုယ် ပိုသတိထားမိတာကတော့ သရုပ်ဆောင်ပိုင်းကို ပိုနှစ်သက်လာတယ်လို့ ဆိုနိုင်ပါတယ်၊ အနုပညာနဲ့ပတ်သက်ရင် အများကြီးတော့ အခက်မတွေ့ခဲ့ရပါဘူး၊ အဆိုပိုင်းနဲ့ ပတ်သက်ပြီး ပြောမယ်ဆို ကျွန်တော်က သီချင်းတွေကို သူများနဲ့ မတူအောင် ဖန်တီးမှုပိုင်းကို လုပ်ပြချင်ခဲ့တာပါ၊ ကျွန်တော်က POP ပိုင်းနဲ့ R & B ပုံစံလေးတွေပိုလုပ်ဖြစ်ခဲ့တယ်၊ ဂီတအလုပ်ကတော့ ကျွန်တော့်ကို သရုပ်ဆောင်အဖြစ် ရောက်စေဖို့ တွန်းအားဖြစ်ခဲ့တဲ့အလုပ်လေးပါ၊ ကျွန်တော် ပထမဆုံး စီးရီးလေးလုပ်နေတဲ့အခါ ကိုခန့်တို့ နဲ့ ဆုံပြီး သရုပ်ဆောင်အလုပ်ကို လုပ်ခွင့်ရလာခဲ့တာပါ၊ ဒါပေမယ့် အနုပညာအလုပ်ဆိုတာ ကံနဲ့စန်းက လုပ်ယူလို့ မရပါဘူး၊ ကျန်တာက ကိုယ့်ကြိုးစားမှုပေါ်မှာ မူတည်ပါတယ်၊ ကျွန်တော်ကတော့ သဘာဝဆန်တဲ့ဇာတ်ကောင်စရိုက်ကို ကြိုက်တယ်၊ သည်းထိတ်ရင်ဖို ဇာတ်လမ်းတွေကြိုက်တယ်၊ ကိုယ့်ဘက်က ပြည့်စုံဖို့လိုတယ်၊ ကိုယ့်ကိုချစ်ခင်လို့ ဝေဖန်ပေးတာ ဝေဖန်ပါ၊ အသစ်တစ်ယောက်အနေနဲ့ ချစ်ခင်အားပေးပါ" ဟု ပြောသည်။

သရုပ်ဆောင် အိန္ဒြာကျော်ဇင်၊ ဖွေးဖွေးတို့နှင့်အတူ ဇာတ်ကားများ ရိုက်ကူးလျက်ရှိပြီး ဆက်လက်၍ ရွှေမန်းသဘင်၏ ဝတ္ထုယူထားပြီး "မကြီး" ဟု အမည်ပေးထားသော ဇာတ်လမ်းဖြစ်ပြီး မိသားစု မောင်နှမဇာတ်ဖြစ်ကြောင်း၊ ဂီတအလုပ်ဖြင့် တေးသီချင်း ခြောက်ပုဒ်ခန့်ကိုလည်း ဖန်တီးထားကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ထွက်ရှိရန်ပြင်ဆင်နေကြောင်း သိရသည်။



# The Voice Myanmar ပြိုင်ပွဲအတွက် မဲပေးစနစ် ထုတ်ပြန်

**MRTV-4 Channel တွင် ထုတ်လွှင့်ပြသနေသော The Voice Myanmar သီချင်းဆိုပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသော ပြိုင်ပွဲဝင်များကို အားပေးသူပရိသတ်များအနေဖြင့် မိမိနှစ်သက်ရာ ပြိုင်ပွဲဝင်များကို အွန်လိုင်းကနေတစ်ဆင့် မဲပေးနိုင်ကြောင်း သိရပြီး မဲပေးရမည့် စနစ်သစ်ကို ထုတ်ပြန်ကြေညာလိုက်သည်။**

မဲပေးသူများသည် MPT ကို အသုံးပြုနေသူများသာ ပေးရမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် လာမည့် တိုက်ရိုက် သီဆိုယှဉ်ပြိုင်မှုပွဲစဉ်များကို အွန်လိုင်း Web Portal ဖြစ်သည့် thevoice.mptvote.com မှတစ်ဆင့် မဲပေးနိုင်ကြောင်း ယခုလ ၂၉ ရက်မှ ဇွန် ၃ ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် ကျင်းပသွားမည့် The Voice Myanmar ၏ တိုက်ရိုက်သီဆို ယှဉ်ပြိုင်မှုပွဲစဉ်တွင် ပြိုင်ပွဲဝင်၂၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

MPT သည် ပရိသတ်များက မိမိနှစ်သက်သဘောကျသည့် အဆိုတော်ကို thevoice.mptvote.com အွန်လိုင်း Web Portal မှ မဲပေးနိုင်ရန်အတွက် မိမိသုံးစွဲသလောက်သာ ကျသင့်မည့် Pay As You Go (PAYG) (သို့မဟုတ်) လွယ်ကူစွာအသုံးပြုနိုင်မည့် Voting Pack များကို ရွေးချယ်နိုင်ရန် ပြုလုပ်ပေးထားသည်။ PAYG ကို ရွေးချယ်ထားသည့် သုံးစွဲသူများအနေဖြင့် တစ်မဲလျှင် ၁၆ ကျပ်နှုန်းဖြင့် Live ပြိုင်ပွဲတစ်ခုလျှင် အများဆုံး သုံးကြိမ်အထိသာ မဲပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲတွင် မိမိကြိုက်နှစ်သက်သည့် အဆိုတော်ကို မဲပေးနိုင်ရန်အတွက် Voting Pack ကိုလည်း MPT မှ မိတ်ဆက်ပေးထားသည်။ ထို Voting Pack သည် သုံးစွဲသူများ စိတ်ကြိုက် မဲပေးနိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်ပြီး မဲ ၂၀ အတွက် ၃၁၅ ကျပ် (ကုန်သွယ်ခွန်ပါပြီး)သာ ကျသင့်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် Voting Pack များကို ပြိုင်ပွဲတစ်လျှောက်လုံး အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# ပရိသတ်တွေ အံ့ဩသွားစေရမည့် စိုးနန္ဒာကျော်၏ ဇာတ်ကောင်စရိုက်အသစ်

**သရုပ်ဆောင် စိုးနန္ဒာကျော်က အဆိုတော် ယုန်လေး၊ မြင့်မြတ်၊ နိုင်းဝမ်းတို့နှင့်အတူ "အန္တရာယ် ပြေးလမ်း" ဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးနေကြောင်း သိရသည်။**



"လတ်တလောအနေနဲ့တော့ ဒီဇာတ်ကားကြီး ရိုက်နေတာပေါ့၊ ပြီးတော့ ညီမနှစ်ယောက်ပေါင်းပြီး တေးစီးရီးတစ်ခွေ လုပ်နေပါတယ်၊ "အန္တရာယ် ပြေးလမ်း" ဇာတ်ကားထဲမှာ ဇာတ်ကောင် စရိုက်အတွက် သိပ်ကြီး ထူးထူးခြားခြား ပြင်ဆင်ရတာမျိုးတော့ မရှိပါဘူး၊ လူငယ်ဆန်ဆန် အက်ရှင်ဇာတ်ကား တစ်ကားပါပဲ၊ ဒါပေမယ့် အက်ရှင်ဆိုပြီး ပေါ့ပေါ့လေးတော့ မဟုတ်ပါဘူး၊ သိပ်ကိုခက်ခဲတဲ့ ဇာတ်ဝင်ခန်းတွေ ပါပါတယ်၊ ဇာတ်ကား ရိုက်ထားတဲ့ အတွေ့အကြုံကလည်း ရှေ့မှာရှိခဲ့တာဆိုတော့ နည်းနည်းတော့ ကွာခြားတာလေးတွေတော့ ရှိပါတယ်၊ ဇာတ်လမ်းတွဲကတော့ လနဲ့ချီပြီး ရိုက်ရတာလေ၊ အဲဒီတော့ ကိုယ့်ရဲ့ဇာတ်ရုပ်ကို မပျောက်အောင် ထိန်းရတယ်၊ ရိုးရိုးဗီဒီယိုဇာတ်ကားကျတော့ တစ်ပတ်၊ နှစ်ပတ်လောက်ပဲ ရိုက်ရတာလေ၊ ကိုယ်လုပ်တဲ့အလုပ်ထဲမှာ အာရုံပိုစိုက်လိုက်ရုံပါပဲ၊ ဇာတ်လမ်းတွဲကျတော့ လူကလည်းများတော့ ကိုယ့်ကြောင့် တစ်ဖက်လူတွေ အနှောင့်အယှက်မဖြစ်ဖို့ သိပ်အရေးကြီးတယ်လေ၊ ပိုပြီး အာရုံထားရပါတယ်" ဟု ဇာတ်လမ်းတွဲနှင့် ဗီဒီယိုရိုက်ကူးမှု ကွာခြားပုံကို ပြောသည်။

"အန္တရာယ် ပြေးလမ်း" ဇာတ်ကားတွင် သရုပ်ဆောင်သစ် ပန်းနုပြုံး၊ ခိုင်မြတ်သဇင်တို့နှင့်အတူ တွဲဖက်သရုပ်ဆောင်ထားပြီး သရုပ်ဆောင်မှုအပိုင်းနှင့် ပတ်သက်ကာ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ "သည်းထိတ်ရင်ဖို ဖြစ်ရမှာ သေချာပါတယ်၊ ဒီကားထဲမှာသုံးထားတဲ့ အသုံးအနှုန်း စက်ပစ္စည်းပိုင်းဆိုင်ရာ၊ လူအင်အားနဲ့ ရိုက်ထားတဲ့ ရိုက်ချက်တွေကအစ အားလုံး ရိုက်နေတုန်းမှာကို ဟာခနဲ၊ ဟင်ခနဲကိုဖြစ်ခဲ့ရတဲ့ ဇာတ်ဝင်ခန်းတွေ အများကြီးပါပါတယ်၊ နောက်တစ်ခုက ညီမအနေနဲ့ အခက်အခဲဖြစ်တယ်ဆိုတာထက် ညီမနဲ့အတူ သရုပ်ဆောင်ကြတဲ့သူတွေ အခက်အခဲဖြစ်မှာကိုပဲ ညီမ စိုးရိမ်ခဲ့တာ အမှန်ပါပဲ၊ ဒီဇာတ်ကားမှာက သုံးထားတဲ့ အရာတွေအားလုံးက တစ်ခါတည်းနဲ့ ပြီးအောင်ရိုက်ရမယ့် အရာတွေပါ၊ ထပ်ခါထပ်ခါ ရိုက်ရတဲ့ ပြကွက်တွေတော့ မဟုတ်ဘူး၊ အဲ့ဒီအတွက် တော်တော်ကို သတိထားရတဲ့ ကားတစ်ကားပါ၊ ညီမဆို အမြင့်တွေပေါ်ကနေ ခုန်ချရတဲ့အခန်းတွေ၊ ကုန်းပေါ်ကနေ လိမ့်ဆင်းရတာတွေ၊ သံဆူးကြိုးတွေနဲ့ လက်ကိုခြစ်မိတာမျိုးတွေ ဒဏ်ရာတွေလည်း အများကြီး ရခဲ့ပါတယ်၊ အားလုံး ခက်ခက်ခဲခဲနဲ့ ပင်ပင်ပန်းပန်း ကြိုးစားရိုက်ခဲ့ရတယ်" ဟု ပြောသည်။

အဆိုပါ ဇာတ်ကားကို ထပ်မံရိုက်ကူးရန်အတွက် ဧပြီ ၂၉ ရက်တွင် ရိုက်ကွင်းရှိကြောင်း၊ ရန်ကုန်မြို့တွင် ရိုက်ကူးရန်ရှိပြီး ဇာတ်ဝင်ခန်းအချို့ကို တရုတ်နိုင်ငံတွင် သွားရောက်ရိုက်ကူးခဲ့ကြောင်း၊ ဇာတ်ကားအမည်ကို "စပါယ်ရှယ် နိုင်း" ဟု လည်း ပေးထားကြောင်း အမည်နာမအနေဖြင့် နှစ်ခုထဲက မည်သည့်အမည်ကို သုံးစွဲမည်ဟု မသိရသေးကြောင်း ၊ လတ်တလောတွင် "အန္တရာယ်ပြေးလမ်း" ဟု သုံးစွဲထားကြောင်း သိရသည်။

**ကိုလင်း**

# မင်္ဂလာဆောင်ဝတ်စုံရှိုး ၂၀၁၈ ကျင်းပမည်

Rose Garden Hotel နှင့် Myanmar Wedding Talk တို့ပူးပေါင်း ပြုလုပ်မည့် Rose Garden Hotel Wedding 2018 ပွဲကို မေ ၁၂ ရက်မှ ၁၃ ရက်အထိ နာမည်ကြီး အနုပညာရှင်များဖြင့် ကျင်းပမည်ဖြစ်သည်။

" ဒီပွဲကြီးက ဒုတိယအကြိမ်မြောက် ကျင်းပတဲ့ပွဲပါ၊ မနှစ်ကတော့ အောင်မြင်မှုတွေ ရခဲ့တယ်၊ ဒါပေမယ့် ပွဲက တစ်ရက်တည်းပဲ ကျင်းပနိုင်ခဲ့တယ်၊ ဒီနှစ်မှာတော့ အားပေးတဲ့ မိတ်ဆွေတွေရဲ့ဆန္ဒအရ နှစ်ရက်တာ ကျင်းပမှာဖြစ်ပါတယ်၊ ဒီလိုပွဲလေးတွေကို ကျင်းပရတာကတော့ မြန်မာနိုင်ငံမှာရှိတဲ့ မင်္ဂလာမောင်နှံတွေ အနေနဲ့ တစ်နေရာတည်းမှာ စိတ်တိုင်းကျ မင်္ဂလာပွဲနဲ့ပတ်သက်တဲ့ လိုအပ်တာတွေကို အကုန်ရစေချင်တာရယ် ဝန်ဆောင်မှုတွေပေးချင်တာလည်း ပါပါတယ်" ဟု Myanmar Wedding Talk မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပွဲတွင် မြန်မာနိုင်ငံ၏ ထိပ်တန်း မင်္ဂလာဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ မော်ဒယ်များ၊ အဆိုတော်နှင့် အကပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများအပြင် နိုင်ငံကျော်မိတ်ကပ်ပညာ ရှင်များ၏ အကြံပေးဆွေးနွေးမှုများ၊ Wedding Adviser များ၏ မင်္ဂလာပွဲမတိုင်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အကြံပေးဆွေးနွေးမှုများနှင့် လာရောက်ကြသော ဧည့်သည်များကို ကံစမ်းမဲနှိုက်ပေးခြင်းများ ပြုလုပ်သွားမည်ဟု သိရသည်။

ယင်းပြပွဲတွင် ကျောက်မျက်ရတနာဆိုင်ခန်းများ၊ ဘဏ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ မင်္ဂလာအခမ်းအနားအတွက် လိုအပ်သော Wedding Dress & Photo Studio များ၊ ပန်းအလှဆင်လုပ်ငန်းများ၊ ဖိတ်စာနှင့် ပြန်ကမ်းပစ္စည်းဆိုင်များ ၊ Travel & Tour ၊ ပိုးထည်နှင့် ဇာအမျိုးမျိုး၊ Skin Care Clinic များကို ပြသမည်ဖြစ်သည်။ **ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### Suits ဇာတ်လမ်းတွဲကနေ ထွက်ခွာသွားပြီဖြစ်တဲ့ မီဂန်မာကယ်

မကြာခင်မှာ ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနဲ့ လက်ထပ်တော့မယ့် ရုပ်ရှင်မင်းသမီး မီဂန်မာကယ်ဟာ Suits ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တာဟာဆိုရင် အတွဲ ခုနစ်ထိ ရှိပါပြီ။ အခုအခါမှာတော့ သူ့ရဲ့ဇာတ်ကောင်ဖြစ်တဲ့ ရေချယ်ဇိန်းဟာလည်း အတွဲ ခုနစ်မှာပဲ အဆုံးသတ်သွားပြီဖြစ်တယ်။ အဲဒီအပိုင်းကိုတော့ အမေရိကန်မှာ ဗုဒ္ဓဟူးနေ့ကမှ ပြသခဲ့တာဖြစ်တယ်။ မီဂန်မာကယ်ဟာ မေ ၁၉ ရက်မှာပဲ ဝင်ဆာ ရဲတိုက်မှာ မင်းသားဟယ်ရီနဲ့ လက်ထပ်ပွဲကျင်းပမှာ ဖြစ်ပါတယ်။

ဧည့်သည်ပေါင်း ၆၀၀ ခန့်ကိုလည်း မင်္ဂလာဧည့်ခံပွဲတက်ရောက်ဖို့ ဖိတ်ကြားထားတယ်လို့ သိရပါတယ်။ သူတို့နှစ်ယောက် စေ့စပ်တဲ့သတင်း စတင်ကြေညာကတည်းက အသက် ၃၆ ရှိ မီဂန်မာကယ်ဟာ သူ့ရဲ့သရုပ်ဆောင်ဘဝကို စွန့်လွှတ်တော့မယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ သရုပ်ဆောင်ဘဝကို အဆုံးသတ်ပြီးတဲ့နောက်မှာတော့ မီဂန်မာကယ်ဟာ လူသားချင်းစာနာထောက်ထားတဲ့ ပရဟိတအလုပ်တွေကိုသာ ဆက်လက်လုပ်ကိုင်မှာ ဖြစ်တယ်လို့သိရပါတယ်။ Good Bye လို့အမည်ပေးထားတဲ့ အပိုင်းမှာတော့ မီဂန်မာကယ်ရဲ့ ဇာတ်ကောင်ဖြစ်တဲ့ ရေချယ်ဇိန်းဟာ သူ နှစ်ရှည်လများ တွဲလာတဲ့ ချစ်သူ မိုက်ရိုစ် (ပက်ထရစ်ဂျေအဒမ်) နဲ့ လက်ထပ်တဲ့အခန်းလည်း ပါပါတယ်။ တီဗွီထဲက လက်ထပ်ပွဲဟာ အပြင်က လက်ထပ်ပွဲလိုတော့ မခမ်းနားလောက်ဘူးလို့လည်း ပြောကြသူတွေရှိပါတယ်။

မီဂန်မာကယ်ရဲ့ တွဲဖက်သရုပ်ဆောင် ပက်ထရစ်ဂျေအဒမ် ကတော့ သူပါဝင်သရုပ်ဆောင်တဲ့ နောက်ဆုံးအပိုင်းကို ထုတ်လွှင့်တဲ့အခါမှာ ပရိသတ်တွေ စိတ်မပျက်ကြစေဖို့ နဲ့ ပရိသတ်အားလုံး နှစ်ခြိုက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့လည်းပြောခဲ့ပါတယ်။ **ဘီဘီစီ**



### အော်လန်ဒိုဘလွန်းနဲ့ စုံတွဲခုတ် အဆင်ပြေနေတာကို အတည်ပြုလိုက်တဲ့ ကေတီပယ်ရီ

အမေရိကန်အိုင်ဒေါက တွဲဖက်ဒိုင်တွေဖြစ်တဲ့ လီယိုနယ်ရစ်ချီ၊ လုခ်ဘရိုင်ယန် တို့နဲ့ အတူပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ ကေတီပယ်ရီက သူဟာ အလွန်ကို ကြည်နူးဖွယ်ကောင်းတဲ့ အချစ်ရေးကို ပိုင်ဆိုင်ထားတယ်လို့ ဖြေကြားခဲ့ပါတယ်။ အဲဒီအင်တာဗျူးမှာ ဒိုင်တွေကို ပြိုင်ပွဲဝင်တွေနဲ့အတူ အပြင်မထွက်ဘူးလားလို့ အရွှန်းဖောက်ပြီး မေးရာမှာတော့ သူအခု အလွန်ပျော်ရွှင်နေရပြီး အပြင်ထွက်ဖို့လည်း အဖော်ရှိတယ်လို့ ဆိုပါတယ်။ Lord of the Rings ဇာတ်ကားထဲက ကြယ်ပွင့်ဖြစ်သူ အော်လန်ဒိုဘလွန်းနဲ့ ကေတီပယ်ရီတို့ဟာ ပြတ်လိုက် တွဲလိုက်ဖြစ်နေပြီး အင်တာဗျူးမှာ ဖြေခဲ့တဲ့စကားတွေကိုကြည့်ရင် ဒီစုံတွဲရဲ့ဆက်ဆံရေးဟာ ပြန်လည်အဆင်ပြေနေပြန်ပြီ ဆိုတာ တွေးစရာရှိပါတယ်။ “ဖေဖော်ဝါရီလကတည်းက ပြန်လည်တွဲနေကြတဲ့ ဒီစုံတွဲဟာ ပိုမိုကောင်းမွန်တဲ့ အချစ်ရေးတစ်ခုဖြစ်အောင် ကြိုးစားတည်ဆောက်နေကြပြီး လူမြင်ကွင်းမှာ သဲသဲလှုပ်ချစ်ပြနေတာမျိုးတော့ မဟုတ်ပါဘူး၊ သူတို့နှစ်ဦးစလုံးဟာ အနုပညာအလုပ်တွေနဲ့ အလွန်ကိုအလုပ်များကြပြီး သူတို့ရဲ့အချစ်ကို ဒုတိယအကြိမ် အခွင့်အရေးပေးဖို့ သေချာလေးစီစဉ်ထားကြပါတယ်” လို့ သူတို့နှစ်ဦးစလုံးနဲ့ ရင်းနှီးတဲ့ လူတစ်ဦးက The Sun ကို ပြောပါတယ်။

ဒီစုံတွဲဟာ ၂၀၁၇ ခုနှစ် အစောပိုင်းက လမ်းခွဲခဲ့ကြတာဖြစ်ပြီး သူတို့ရဲ့ပြောရေးဆိုခွင့်ရှိသူတွေကတော့ ကောလာဟလတွေက မကြီးစိုးမီ အတည်ပြုပြောချင်တာကတော့ ကေတီရော အော်လန်ဒိုဘလွန်းပါ နှစ်ဦးစလုံးဟာ အပြန်အလှန်လေးစားမှုတွေ အသီးသီးရှိကြပါတယ်လို့ ပြောခဲ့ကြပါတယ်။ **ဟယ်လို**

**ခြူး**



## ကွန်ရက်အရည်အသွေး ပိုမိုပြည့်စုံကောင်းမွန်လာအောင် ပူးပေါင်းဆောင်ရွက်ရန် အူရီဒူးမြန်မာနှင့် နိုကီယာတို့ နားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံတွင် အင်တာနက်ကွန်ရက် အရည်အသွေးနှင့် သုံးစွဲသူအတွေ့အကြုံများ ပိုမိုပြည့်စုံကောင်းမွန်လာအောင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို အူရီဒူးမြန်မာနှင့် Nokia တို့ မေ ၂၅ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ငါးနှစ်မြောက် ပူးပေါင်းဆောင်ရွက်ခြင်း အောင်မြင်မှုအထိမ်းအမှတ်အဖြစ် သုံးစွဲသူအတွေ့အကြုံကောင်းများ ပေးအပ်နိုင်ရန် အစီအစဉ်ကို နိုကီယာနှင့် အူရီဒူးမြန်မာတို့ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လက်မှတ်ထိုးခြင်းဖြစ်ကာ ထိုအစီအစဉ်အရ အူရီဒူးမြန်မာအတွက် ပြည့်စုံကောင်းမွန်သည့် အရည်အသွေးမြင့် ကွန်ရက်အစီအစဉ်ကို နိုကီယာက အရည်အသွေးမြင့် လေ့လာဆန်းစစ်မှုများနှင့်အတူ 3D Geolocation ကိရိယာများဖြင့် အစမှအဆုံးအထိ အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် အူရီဒူးသုံးစွဲသူများအတွက် အတွေ့အကြုံကောင်းများ ရရှိစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်ကြောင့် အူရီဒူးဆင်းကတ် သုံးနေသူများအနေဖြင့် အရည်အသွေးမြင့် အင်တာနက်ကွန်ရက်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုကီယာက ကွန်ရက်အစီအစဉ် တစ်ခုလုံးကို အချိတ်အဆက်မိမိ ပြည့်စုံကောင်းမွန်သည့် ကွန်ရက်ဖြစ်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအစီအစဉ်အတွက် နိုကီယာမှ ကွန်ရက်နှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များက အဆင့်မြင့်ကိရိယာများ၊ အစီအစဉ်များနှင့် နည်းပညာများကို ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ထိုအစီအစဉ်အရ အဆောက်အအုံများ၏ အတွင်းပိုင်းကျသည့် နေရာများအထိ ကွန်ရက်အရည်အသွေး ကောင်းမွန်စေရန်အတွက် နိုကီယာက မူပိုင်ခွင့်မှတ်ပုံတင်ထားသော အယ်လ်ဂိုရီသမ် လုပ်နည်းစနစ်များနှင့်အတူ 3D Geolocation စီမံခြင်းနှင့် စက်ကိရိယာများကို အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။




အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Vikram Sinha က “နိုကီယာနဲ့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အူရီဒူးအနေနဲ့ သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ အဆင့်မြင့် ဒစ်ဂျစ်တယ်ဖျော်ဖြေရေးတွေနဲ့ တချို့သော ဗီဒီယိုတိုက်ရိုက်ကြည့်ရှုခြင်းနဲ့ ဂိမ်းကစားခြင်း အစရှိတဲ့ အတွေ့အကြုံကောင်းတွေကို ပေးစွမ်းနိုင်မယ်လို့ ယုံကြည်မှုအပြည့်အဝရှိပါတယ်”ဟု ပြောသည်။

ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်အရ နိုကီယာ၏ 3D Geolocation စနစ်ဖြင့် အဆောက်အအုံအမြင့်များ၏ အတွင်းနှင့်အပြင်တို့မှ ကွန်ရက်လွှမ်းခြုံမှုလစ်လပ်နေသည့်နေရာများနှင့် ဝန်ဆောင်မှု အရည်အသွေး ကျဆင်းခြင်းတို့အတွက် ခွဲခြမ်းစိတ်ဖြာပေးကာ ကောင်းမွန်သောကွန်ရက်ကို ရရှိစေခြင်း၊ အရည်အသွေးမြင့် လေ့လာဆန်းစစ်ချက်များကို အသုံးပြုပြီး စံပြကွန်ရက်လုပ်ဆောင်ချက်ကို ရရှိနိုင်ခြင်း၊ ကွန်ရက်လွှမ်းခြုံမှု ပြဿနာများ၊ လိုင်းကြပ်ခြင်းများကို လေ့လာဆန်းစစ်နိုင်ခြင်း၊ ကွန်ရက်ကို အချိန်နှင့်တစ်ပြေးညီ ပိုင်းခြားစိတ်ဖြာပေးသော ဆော့ဖ်ဝဲဖြစ်သည့် Nokia Traffica ဖြင့် ပြစ်ချက်များကို ရှာဖွေကြီးကြပ် စီမံပေးကာ သုံးစွဲသူများအတွက် လိုအပ်သည့်နေရာများတွင် ကွန်ရက်လိုင်း၊ ကွန်ရက်၊ နေရာများ၊ ဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကြောင့် သုံးစွဲသူများအား အဆင့်မြင့်သုံးစွဲသူအတွေ့အကြုံများ ပေးအပ်နိုင်ရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## ICT Development Expo 2018(Yangon)ပြပွဲ သုံးရက်ကြာ ကျင်းပမည်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ICT Development Expo 2018 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ပြည်တွင်း ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြခန်းတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေး ကိရိယာများ၊ မိုဘိုင်းဖုန်းများနှင့် နည်းပညာဆိုင်ရာပစ္စည်းများ၊ ကွန်ပျူတာဆော့ဖ်ဝဲများကို ခင်းကျင်းပြသသွားမည်ဖြစ်၍ တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်မည်ဖြစ်ကြောင်း ကွန်ပျူတာပညာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇင်ဦး**




ပြီးခဲ့သည့်နှစ်ကကျင်းပခဲ့သည့် ICT Development Expo ပြပွဲအခမ်းအနား

## တယ်လီနော်နှင့် Myanmar Net တို့ ပူးပေါင်း၍ အဝသုံးအင်တာနက် အစီအစဉ်သစ် မိတ်ဆက်

**ရန်ကုန် မေ ၂၇**

တယ်လီနော်ဆင်းကတ်များ သုံးစွဲနေသူများ အနေဖြင့် မိုဘိုင်းအင်တာနက်နှင့် ဝိုင်ဖိုင် နှစ်မျိုးစလုံးကို အသုံးပြု၍ အင်တာနက်ကို ဈေးနှုန်းသက်သာစွာဖြင့် စိတ်ကြိုက်သုံးစွဲနိုင်မည့် ‘အဝသုံးဒေတာ’ အမည်ဖြင့် အစီအစဉ်သစ်တစ်ခုကို တယ်လီနော်နှင့် Myanmar Net တို့ပူးပေါင်း၍ မေ ၂၆ ရက်က စတင်မိတ်ဆက်ထားကြောင်း သိရသည်။

အဝသုံးဒေတာအစီအစဉ်တွင် မတူညီသော ဒေတာနှင့် သက်တမ်းကာလများဖြင့် ပက်ကေ့ချ်သုံးမျိုး ပါဝင်ပြီး အသုံးပြုသူများအနေဖြင့် ကြိုက်နှစ်သက်သည့် ပက်ကေ့ချ်ကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။ ပက်ကေ့ချ်သတ်မှတ်ချက်များမှာ ၃၀၀ မဂ္ဂါဘိုက် အင်တာနက်ဒေတာနှင့် Myanmar Net ဝိုင်ဖိုင် သုံးရက် အသုံးပြုခွင့်အတွက် ၉၉၉ ကျပ်၊ ၅၀၀ မဂ္ဂါဘိုက် အင်တာနက်ဒေတာနှင့် Myanmar Net ဝိုင်ဖိုင် ခုနစ်ရက် အသုံးပြုခွင့်အတွက် ၁၄၉၉ ကျပ်နှင့် အင်တာနက်ဒေတာ ၂ ဂစ်ဂါဘိုက်နှင့် Myanmar Net ဝိုင်ဖိုင် တစ်လ အသုံးပြုခွင့်အတွက် ၆၉၉၉ ကျပ်တို့ဖြစ်သည်။ ဝယ်ယူလိုက်သည့် ပက်ကေ့ချ်များအရ ဒေတာပမာဏကို တယ်လီနော၏ မိုဘိုင်းအင်တာနက်ဖြင့် အသုံးပြုနိုင်မည့်အပြင် သတ်မှတ်ရက်အတွင်း Myanmar Net ၏ ဝိုင်ဖိုင်ရရှိသောနေရာများတွင် ထိုဝိုင်ဖိုင်ကွန်ရက်ကို Password မလိုဘဲ ချိတ်ဆက်ကာ အင်တာနက်ကို အကန့်အသတ်မရှိ စိတ်ကြိုက်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

“မိုဘိုင်းကွန်ရက်ရဲ့ စွမ်းအားနဲ့ ဝိုင်ဖိုင်နည်းပညာရဲ့ အကျိုးကျေးဇူးတွေကို အပြည့်အဝ ပေါင်းစပ်ထားတဲ့ ပထမဆုံး အစီအစဉ်တစ်ရပ်ကို Myanmar Net နဲ့ အတူ လက်တွဲပူးပေါင်းပြီး ဖန်တီးနိုင်ခဲ့တဲ့အတွက် တယ်လီနော်အနေနဲ့ အားရကျေနပ်မိပါတယ်။ အခုမိတ်ဆက်တဲ့ အဝသုံးဒေတာ အစီအစဉ်ကြောင့် တယ်လီနော်သုံးစွဲသူတွေအတွက် အင်တာနက်ကွန်ရက်ကတစ်ဆင့် အင်တာနက်သုံးစွဲနိုင်ရုံမျှမက ထပ်မံကုန်ကျစရာမလိုဘဲ Myanmar Net ရဲ့ ဝိုင်ဖိုင်ကွန်ရက်ကို ချိတ်ဆက်ပြီး အင်တာနက်ကို စိတ်ကြိုက်အသုံးပြုနိုင်မှာဖြစ်ပါတယ်”ဟု တယ်လီနော်မြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောသည်။

Myanmar Net မှ အရာရှိ ဦးကျော်မင်းထွန်းကလည်း “ဒေတာသုံးစွဲသူတွေအနေနဲ့ Myanmar Net ရဲ့ အတန်ဆုံး အဝသုံးအစီအစဉ်တွေကို တယ်လီနော်ကနေတစ်ဆင့် လွယ်လွယ်ကူကူ ဝယ်ယူအသုံးပြုနိုင်မှာဖြစ်ပါတယ်”ဟု ပြောသည်။

Myanmar Net ၏ ဝိုင်ဖိုင်ကွန်ရက်ဖြင့် အသုံးပြုရန်အတွက် Myanmar Net ကွန်ရက် ရရှိနေသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၁၈ ခုနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြို့နယ်သုံးခုတွင်သာ အသုံးပြုနိုင်မည်ဖြစ်ပြီး အဆိုပါ အဝသုံးအင်တာနက် အစီအစဉ်ကို ရယူရန်အတွက် တယ်လီနော်အသုံးပြုနေသူများသည် *979*18# ကို ဖုန်းခေါ်ဆိုကာ ပြသထားသည့် ပက်ကေ့ချ်သုံးမျိုးအနက်မှ နှစ်သက်သည့် အစီအစဉ်ကို ရွေးချယ်နိုင်မည်ဖြစ်သည်။ **သူရဖြိုး**

# မြိတ်မြို့၌ (၇၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် စတင်ကျင်းပ



**မြိတ် ဧပြီ ၂၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာလူငယ်များအသင်းက ကြီးမှူး၍ ဘုရားငါးဆူကွင်းအတွင်း၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၇၄)ကြိမ်မြောက် ပွဲတော်ကို ဧပြီ ၂၆ ရက်မှ စတင်ကျင်းပပြီး ဧပြီ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဗုဒ္ဓဘာသာလူငယ်များအသင်းမှ သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပရန် ဘုရားငါးဆူကွင်း၌ ယာယီစံကျောင်းတော်တွင် ပူဇော်မည့် ဒီပင်္ကရာမြတ်စွာဘုရား ရုပ်ပွားတော်ကို ဧပြီ ၂၆ ရက် နံနက်မှစ၍ မြို့တွင်းသို့ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ကျင်းပခဲ့ကြသည်။ မြို့တွင်းလှည့်လည်ပူဇော်ရာတွင် ရုပ်ပွားတော်အား ပြာသာဒ်မော်တော်ယာဉ်ဖြင့်ပင့်ဆောင်ကာ မင်္ဂလာစည်တော် ယာဉ်၊ သာသနာ့အလံကိုင်အဖွဲ့ ဥပါသကာများ၊ ဓမ္မစကြာအဖွဲ့များဖြင့် မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ပူဇော်ကြပြီး လမ်းတစ်လျှောက်တွင် ပြည်သူများက ပန်း၊ ရေချမ်းများ ကပ်လှူခြင်း၊ အလှူငွေများ လှူဒါန်းခြင်းဖြင့် ဖူးမြော်ကုသိုလ်ယူကြသည်။

ထို့နောက် ရုပ်ပွားတော်ကို ဘုရားငါးဆူ ကွင်းရှိ ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ကာ ငါးရက်တိုင်တိုင် အပူဇော်ခံထားရှိပြီး ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ရက်များအတွင်း မြိတ်မြို့ပေါ်ရှိ ပြည်သူများအနေဖြင့် မော်တော်ယာဉ်များဖြင့် ရေစည်များတင်ဆောင်ကာ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာဖြင့် ပူဇော်ခြင်း၊ ရေသွန်းလောင်းပူဇော်ခြင်း၊ စေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင် စိုက်ပျိုးပူဇော်ထားသော ဗောဓိပင်များတွင်လည်း ညောင်ရေသွန်းလောင်း ပူဇော်ခြင်းတို့ကို ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# အပန်းဖြေလေ့လာရေးခရီးသွားမည့် လူရည်ချွန် မောင်မယ်များအား ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

**လွိုင်ကော် ဧပြီ ၂၇**
ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် လူရည်ချွန် ရွေးချယ်ရေးလုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှ စတင်ပြီး ပြန်လည် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နှစ်စဉ် အဆင့်အလိုက် (ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်) လူရည်ချွန်လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်လည်း ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများကို အဆင့်ဆင့် ရွေးချယ်ခဲ့ပြီးနောက် နွေရာသီ အပန်းဖြေလေ့လာရေးခရီး စေလွှတ်ပေးမည်ဖြစ်ရာ ခရီးသွားမည့် လူရည်ချွန် မောင်မယ်များနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့ တွေ့ဆုံ၍ ဝန်ကြီးချုပ်ထံမှ ဩဝါဒ ခံယူပွဲကို ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ပညာဗိမာန် ခန်းမ၌ ဧပြီ ၂၅ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်ဆိုသည်မှာ လွယ်လွယ်နှင့် ဖြစ်မလာကြောင်း၊ အများကြီး ကြိုးစားခဲ့ရမည်ဖြစ်ကြောင်း၊ ထိုက်ထိုက်တန်တန် ရရှိထားသော လူရည်ချွန်ဆိုသည့်ဂုဏ်ကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ လူရည်ချွန်များအနေဖြင့် မိမိ၏ ဂုဏ်ကို ယခုအခြေအနေထက်ကောင်းအောင် ဆက်လက်ကြိုးပမ်းနေရန် လိုအပ်ကြောင်း၊ မိမိသာ လူရည်ချွန်ဖြစ်ရုံမက မိမိ သူငယ်ချင်းများကိုလည်း လက်တွဲခေါ်ဆောင်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့သားကောင်း ရတနာများ ဖြစ်လာအောင် ကြိုးပမ်းကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အပန်းဖြေလေ့လာရေးခရီး သွားရောက်မည့် လူရည်ချွန် မောင်မယ်များအား ကြီးကြပ်မည့် ဆရာ ဆရာမ သုံးဦးနှင့် လူရည်ချွန် ၁၂ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က ပေးအပ်ခဲ့သည်။ ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက တင်ပြရန်ရှိသည်များကို ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကဏ္ဍတစ်ခုချင်းအလိုက် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

လူရည်ချွန် ရွေးချယ်ခြင်း လုပ်ငန်းစဉ်များဖြစ်သော ကျောင်းအဆင့် ရွေးချယ်ခြင်းကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ပထမနှစ်ဝက်စာမေးပွဲ ရမှတ်များကို အခြေခံ၍လည်းကောင်း၊ နိုဝင်ဘာလတွင် မြို့နယ်အဆင့်တွင် ရေးဖြေနှင့် နှုတ်ဖြေ ဖြေဆို၍လည်းကောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် ခရိုင်အဆင့် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆို၍လည်းကောင်း ရွေးချယ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းတို့မှ လူရည်ချွန် စုစုပေါင်း ၁၂ ဦး ရွေးချယ်ခဲ့ရာ လွိုင်ကော်မြို့နယ်မှ ငါးဦး၊ ဒီးမော့ဆိုမြို့နယ်မှ တစ်ဦး၊ ဘော်လခဲမြို့နယ်မှ နှစ်ဦး၊ ဖားဆောင်းမြို့နယ်မှ လေးဦး ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါ လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ကြီးကြပ်သူ ဆရာ ဆရာမ သုံးဦးလိုက်ပါလျက် ဧပြီ ၂၆ ရက်တွင် စုရပ်ဖြစ်သော မန္တလေးမြို့သို့ ပို့ဆောင်ကာ ထိုမှတစ်ဆင့် လေ့လာရေးခရီးသွားပြီးနောက် မေ ၅ ရက်တွင် လူရည်ချွန် စခန်းအသိမ်းသီးမှ လူရည်ချွန်မောင်မယ်များအား တာဝန်ရှိသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အရောက် ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျေးလက်နေပြည်သူများတွေ့ဆုံ

**သရက်ချောင်း ဧပြီ ၂၇**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပဒတ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ ကထိဝ၊ လောင်းမင်းဘ၊ ကျောက်ဖြူ၊ တောင်ဇင်း၊ သပြေချောင်း ကျေးရွာငါးရွာမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်နှင့် တာဝန်ရှိသူများသည် ပဒတ်ချောင်းကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဧပြီ ၂၅ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ပြီး ကျေးရွာအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လိုအပ်ချက်များကို တင်ပြနိုင်ကြောင်း ပြောဆိုရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ဦးက ကျေးရွာအတွင်း လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဆောက်လုပ်ပေးရေး၊ ကွန်ကရစ်လမ်းဆောင်ရွက်ပေးရေး၊ ရွာချင်းဆက်တံတားများ ဆောက်လုပ်ပေးရန်တို့နှင့် ပတ်သက်၍ တင်ပြတောင်းဆိုခဲ့သည်။ ဝန်ကြီးချုပ်က ယခုနှစ်တွင် ပဒတ်ချောင်းကျေးရွာအုပ်စုအတွင်း တံတားလေးစင်းဆောက်လုပ်ပေးရန် စီမံထားရှိပြီးဖြစ်ကြောင်း၊ လျှပ်စစ်မီး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ကွန်ကရစ်လမ်းတို့နှင့်ပတ်သက်၍ အထက်သို့ ဆက်လက်တင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

လောင်းမင်းဘကျေးရွာမှ ဒေသခံပြည်သူတစ်ဦးကလည်း ကျေးရွာရှိ စာသင်ကျောင်းမှာ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော စာသင်ကျောင်းဖြစ်ပြီး လက်ရှိတွင် ယိုယွင်းပျက်စီးမှုများ ရှိလာပြီဖြစ်၍ အစိုးရအဖွဲ့က စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် တောင်းဆိုခဲ့ရာ ဝန်ကြီးချုပ်က ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

# ကျန်းမာရေးအတွက် ကောင်းမွန်သောနေကြာဆီများ မင်းဘူးမြို့နယ်၌ အရောင်းသွက်

**မင်းဘူး ဧပြီ ၂၇**
မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ယခုနှစ် နေကြာအထွက်နှုန်း ကောင်းမွန်ခဲ့သလို နေကြာဆီမှာ ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးသင့်သောဆီဖြစ်၍ ဝယ်လိုအားကောင်းလာသောကြောင့် ယခုရက်ပိုင်းတွင် မင်းဘူးမြို့နယ်၌ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ခန့်အထိ ရောင်းချနေရကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။

မင်းဘူးမြို့နယ်၌ ယခုရက်ပိုင်းတွင် နှမ်းဆီစစ်စစ် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ၊ပဲဆီစစ်စစ်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှင့် နေကြာဆီစစ်စစ် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ခန့် ဈေးရှိနေကြောင်း သိရသည်။ “နေကြာဆီကို နေကြာပေါ်ချိန်တွေမှာဝယ်ထားပြီး ဆီကြိတ်ပြီးမှ ပြန်လည်ရောင်းချတာပါ၊ နေကြာတစ်တင်းကို ငွေကျပ် ၂၀၀၀၀ ဝန်းကျင်ရှိပြီး ဆီကြိတ်ရင် တစ်တင်းကို နေကြာဆီ ငါးပိဿာလောက်ပဲ ထွက်ပါတယ်၊ စားသုံးသူတွေက နေကြာဆီကို ကျန်းမာရေးအတွက် ဝယ်ယူစားသုံးကြတာပါ၊ အခုလို နေကြာပေါ်ချိန်မှာပဲ နေကြာဆီစစ်စစ် ရတာပါ၊ ကျွန်တော့်ဆီစက်မှာတော့ နှမ်းဆီစစ်စစ်နဲ့ နေကြာဆီ စစ်စစ်ကိုသာ ကိုယ်တိုင်ကြိတ်ပြီး ပြန်လည်ရောင်းချပါတယ်”ဟု မင်းဘူးမြို့ရွှေဝါဝင်းဆီစက်ပိုင်ရှင်က ပြောသည်။

မင်းဘူးမြို့နယ်အတွင်း ယခုနှစ်တွင် နေကြာစိုက်ဧက ၃၁၇၅ ဧကရှိပြီး နေကြာကို ကြားသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နေကြာစိုက်တောင်သူများအား စိုက်ပျိုးရေးဌာနက အထွက်နှုန်းကောင်းသည့် ရေဆင်း (၁) စပ်မျိုးနေကြာများ ဖြန့်ဝေပေးသည့်အတွက် အပင်ကြီးထွားမှုနှုန်းကောင်းမွန်ပြီး ရက်ပေါင်း ၉၀ တွင် ရိတ်သိမ်းဆွတ်ခူးနိုင်ကြောင်း၊ နေကြာအထွက်နှုန်းမှာလည်း တစ်ဧကလျှင် တင်း ၄၀ မှ ၅၀ အထိ ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနတာဝန်ခံ ဦးသိန်းဝင်းထံမှ သိရသည်။

နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီစသည့် စားဆီများကို မင်းဘူးမြို့ပေါ်တွင် စက်ကြီးများနှင့် ကြိတ်ခွဲရောင်းချပြီး အချို့ဆီစက်များတွင် ဆီကြိတ်သည့်ဆုံထောင်ထားရှိကာ ဆီကြိတ်ဆုံကို အင်ဂျင်ဖြင့်ဖြစ်စေ၊ နွားဖြင့်ဖြစ်စေလည်စေ၍ ဆီကြိတ်ပြီးနောက် ရရှိလာသည့် ဆုံဆီများကို မြို့ပေါ်မှ မှာယူသည့်နေရာများသို့ အရောက်ပို့၍ ဖြန့်ဖြူးရောင်းချကြောင်း၊ စက်ဖြင့်ကြိတ်သည့်ဆီနှင့် ဆုံဖြင့်ကြိတ် သည့်ဆီမှာ ဈေးနှုန်းကွာခြားမှုရှိပြီး ဆုံဆီများက တစ်ပိဿာလျှင်ငွေကျပ် ၁၀၀၀မှ ၁၅၀၀ခန့်အထိ ဈေးပိုများလေ့ရှိသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီး တင်ဒါပိုလျှံငွေဖြင့် ဆောင်ရွက်သည့် သနပ်ပင်မြို့ဈေးအနောက်ဘက်ကမ်းနား ကုန်တင်ကုန်ချဆိပ်ကမ်း ရေထိန်းမြေကာနံရံ တည်ဆောက်နေမှုကို သနပ်ပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမျိုးမြင့်အောင်၊ စည်ပင်သာယာရေးကော်မတီဝင်ဦးစိုးသိဟ၊ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးတင်ဇော်လင်းနှင့် တာဝန်ရှိသူများအဖွဲ့ ဧပြီ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

# ကြို့ပင်ကောက်မြို့၌ မျိုးစေ့သန့်စင်စက်သစ် ဖွင့်လှစ်

**ကြို့ပင်ကောက် ဧပြီ ၂၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်အတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် မျိုးစေ့သန့်စင်စက် ဖွင့်ပွဲကို ဧပြီ ၂၆ ရက်က လက်ပံပင်စု Community Learning Centre ၌ ကျင်းပခဲ့သည်။

စက်ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွေမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်လွင်နှင့် ရပ်မိရပ်ဖ ဦးမြင့်ဌေးတို့က တောင်သူမျိုးစေ့သန့်စင်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားသည်။ ထို့နောက် တောင်သူများနှင့် ဧည့်သည်တော်များက မျိုးစေ့သန့်စင်စက် လည်ပတ်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းမြင့်မားလာရေးနှင့် မျိုးသန့်စိုက်ပျိုးနိုင်သော စိုက်ဧကများ တိုးတက်လာစေရေး ရည်ရွယ်လျက် တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၂၈ ခုတွင် မျိုးစေ့သန့်စင်စက်တစ်လုံးစီကို တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် တည်ဆောက် ပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် ကြို့ပင်ကောက်မြို့နယ် မျိုးစေ့သန့်စင်စက်သည်လည်း တစ်ခု အပါအဝင်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး၏ ပြောကြားချက်များအရ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



# လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ဂန့်ဂေါ ဧပြီ ၂၇**
ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုအခြေခံနည်းပညာပေးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက်က ဂန့်ဂေါမြို့နယ်သမဝါယမအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းလတ်က အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကိုတင့်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းထွေးနှင့် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်ထွေးတို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ အဆိုပါသင်တန်းသို့ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနေကြသည့် ရပ်ကွက်၊ ကျေးရွာ သမဝါယမအသင်းများမှ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်အတွင်း လယ်ယာသုံးစက်ကိရိယာ မောင်းနှင်နည်းနှင့် ပြုပြင်ထိန်းသိမ်းနည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နာဂစ်ဒဏ်ခံစားခဲ့ရသည့် ဆယ်စုနှစ် အထိမ်းအမှတ်အဖြစ် သက်တမ်းရင့်သစ်ပင်များကို ထိန်းသိမ်းပေးစေလို

**ခင်ဆိုင်**

လာမည့် မေ ၂ ရက်သည် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့သည်မှာ ၁၀ နှစ်တိတိပြည့်သည့်နှစ် ဖြစ်သည်။ မြန်မာနိုင်ငံ၏တောင်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ မြို့ရွာများနှင့် ရန်ကုန်မြို့တို့တွင် ခံစားခဲ့ရသော နာဂစ်မုန်တိုင်း ဒဏ်ရာဒဏ်ချက်များ ဆယ်စုနှစ်တစ်စုပြည့်သည့်ကာလဖြစ်သည့်အတွက် နာဂစ်မုန်တိုင်းကာလက ဆိုးရွားသောဖြစ်စဉ်များ ဖြစ်စေခဲ့သည့် သစ်ပင်များပြုန်းတီးလာခြင်းနှင့်ပတ်သက်၍ နောင်တွင် ထပ်မံမဖြစ်ရန် သစ်ပင်များအား ထိန်းသိမ်းကာကွယ်ပေးစေလိုကြောင်း ရေးသားလိုပါသည်။

**သစ်ပင်များကွယ်ပျောက်လာရသည့် အကြောင်းအရင်းများ**

ကားလမ်းမများကို အကျယ်ချဲ့ရာတွင် လမ်းဘေးနှစ်ဖက်ရှိ သက်တမ်းရင့် သစ်ပင်ကြီးအများအပြားကို ခုတ်လှဲဖယ်ရှားရခြင်းများ နိုင်ငံအနှံ့တွင် ရှိခဲ့သည်။ အချို့သောဒေသများတွင် ဒေသခံများ၏ တင်ပြပြောဆိုမှုများကြောင့် ယင်းသစ်ပင်ကြီးများ ခုတ်လှဲခံရမည့်အဖြစ်မှ ကင်းလွတ်ကြသော်လည်း ဒေသအများအပြားတွင်မူ လမ်းသားတိုးချဲ့ခြင်းကြောင့် အရိပ်ရသစ်ပင်ကြီးအများအပြား ပျောက်ကွယ်ခဲ့ရသည်။ သဘာဝအလျောက်ပေါက်နေသော လမ်းဘေးသစ်ပင်ကြီးများအပြင် ယခင်က ပြည်တွင်းကားလမ်းများဘေးတွင် စိုက်ပျိုးခဲ့သော အရိပ်ရ လေကာတန်း သစ်ပင်များသည်လည်း လမ်းအကျယ်တိုးချဲ့လာသည့်အခါ ခုတ်လှဲခံကြရသည်။

ရန်ကုန်အပါအဝင် ပြည်တွင်းရှိမြို့ကြီးများ၌ လမ်းချဲ့သည့်အခါတွင်သော်လည်းကောင်း၊ လျှပ်စစ်လိုင်းကြိုး၊ ဆက်သွယ်ရေးလိုင်းကြိုးများနှင့် မလွတ်ကင်းသည့်အခါတွင် လည်းကောင်း၊ လုပ်ငန်းအချို့၏ မျက်နှာစာများတွင် သစ်ပင်များကွယ်နေသည့်အခါတွင်လည်းကောင်း ရှိပြီးသား သစ်ပင်ကြီးများကို ခုတ်လှဲခြင်းများလည်း ရှိခဲ့သည်။ လမ်းလယ်နှင့် လမ်းဘေးများတွင်ရှိသော သစ်ပင်တန်းများသည်လည်း အချို့သည် ယာဉ်တိုက်မှုကြောင့် ပျောက်ကွယ်ခဲ့ကာ ထိုနေရာများတွင် သစ်ပင်အသစ် ပြန်စိုက်နိုင်မှုမှာလည်း နည်းပါးခဲ့သည်ကို တွေ့ရသည်။

သစ်တောဖုံးလွှမ်းမှုများခဲ့သော မြန်မာနိုင်ငံတွင် စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်းကြောင့်လည်းကောင်း၊ သစ်တောများကို ခုတ်ထွင်၍ ဆီအုန်း၊ ရော်ဘာ၊ ကလော စသည့်စိုက်ခင်းများ ထူထောင်လာခြင်းတို့ကြောင့်လည်းကောင်း၊ သစ်ခိုးထုတ်မှုများပြားခြင်းကြောင့်လည်းကောင်း တောများပြုန်းပြီး လွင်တီးခေါင်ဖြစ်ကာ သဘာဝ ဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်မှုတွင် အားနည်းလာသည်။

**အညာဒေသမှ ထန်းပင်များ**

အညာဒေသတွင်မူ ထန်းရည်ထုတ်လုပ်ခြင်း၊ ထန်းလျက်ချက်ချင်းများ လုပ်နိုင်သော ထန်းတောများ တဖြည်းဖြည်းနည်းပါးလာလျက်ရှိသည်။ သစ်အစားထိုးအသုံးပြုရန် ထန်းပင်များကို ခုတ်လှဲမှုမှာ များပြားလာခြင်းဖြစ်သည်။ ထန်းပင်တစ်ပင်အနေဖြင့် အပင်သက်တမ်း ဆယ်နှစ်ကျော်မှစတင်ကာ ထန်းတက်လုပ်ငန်း လုပ်ကိုင်၍ရသည်။ စီးပွားဖြစ် ထန်းတက်လုပ်ငန်း လုပ်ကိုင်နေကြသော ထန်းတောများမှာ ဆယ်စုနှစ်များစွာကြာသော သက်တမ်းရင့်အပင်ကြီးများ ဖြစ်သည်။ ၂၀၁၅ မတိုင်မီ ကာလများတွင် ထန်းလျက်ဈေး လျော့နည်းလာပြီး ထန်းတက်သမားများ ဝင်ငွေနည်းလာခြင်းနှင့် ဒေသခံလူငယ်အများစုမှာ ထန်းတက်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုနည်းခြင်းတို့ကြောင့်လည်းကောင်း၊ သစ်ဈေးနှုန်းများ ကောင်းလာခြင်းကြောင့်လည်းကောင်း သက်တမ်းရင့်ထန်းပင်များကို ခုတ်လှဲကာ သစ်အဖြစ်ရောင်းဝယ်ခြင်းများ ရှိလာခဲ့သည်။

၂၀၁၅ မှစ၍ နောက်ပိုင်းနှစ်များတွင်မူ သစ်အတွက် ထန်းပင်ခုတ်လှဲရောင်းချမှု များပြားလာခြင်းအပေါ် ကာကွယ်ထိန်းသိမ်းရန်အတွက် NGO အဖွဲ့တစ်ဖွဲ့က လုပ်ဆောင်လာပြီး ထိုအဖွဲ့အနေဖြင့် ထန်းတောများကို ကာကွယ်ထိန်းသိမ်းရန် စီစဉ်လုပ်ဆောင်နေသည်ဟု သိရသည်။

> **“သက်တမ်းရင့်မဟုတ်သော သစ်ပင်များ ခုတ်လှဲခံရသည့်အခါ ပြန်လည်စိုက်ပျိုးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း ပုံမှန်အနေအထားကို ပြန်မြင်တွေ့လာရနိုင်သည်။ သို့သော် သက်တမ်းရင့် အရိပ်ရအပင်ကြီးများ ခုတ်လှဲခံရပါက အလားတူအပင်ကြီးမျိုး ပြန်လည်အစားထိုးရနိုင်ရန်မှာ မလွယ်တော့ပေ။ သို့ဖြစ်ရာ အရိပ်ရသက်တမ်းရင့်အပင်ကြီးများ အများအပြားရှိသော အဝေးပြေးကားလမ်းများတွင် လမ်းသားတိုးချဲ့သည့်အခါ လမ်းဘေးရှိ မလွတ်ကင်းသောသစ်ပင်ကြီးများ ခုတ်လှဲခံရသည့်ဖြစ်စဉ်များ မဖြစ်စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက စဉ်းစားလုပ်ဆောင်ပေးသင့်သည်”**

**အစားထိုးရနိုင်ရန် မလွယ်သော သစ်ပင်ကြီးများ**

သက်တမ်းရင့်မဟုတ်သောသစ်ပင်များ ခုတ်လှဲခံရသည့်အခါ ပြန်လည်စိုက်ပျိုးခြင်းဖြင့် နှစ်အနည်းငယ်အတွင်း ပုံမှန်အနေအထားကို ပြန်မြင်တွေ့လာရနိုင်သည်။ သို့သော် သက်တမ်းရင့် အရိပ်ရအပင်ကြီးများ ခုတ်လှဲခံရပါက အလားတူအပင်ကြီးမျိုး ပြန်လည်အစားထိုးရနိုင်ရန်မှာ မလွယ်တော့ပေ။ သို့ဖြစ်ရာ အရိပ်ရ သက်တမ်းရင့်အပင်ကြီးများ အများအပြားရှိသော အဝေးပြေးကားလမ်းများတွင် လမ်းသားတိုးချဲ့သည့်အခါ လမ်းဘေးရှိ မလွတ်ကင်းသောသစ်ပင်ကြီးများ ခုတ်လှဲခံရသည့်ဖြစ်စဉ်များ မဖြစ်စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက စဉ်းစားလုပ်ဆောင်ပေးသင့်သည်။

လမ်းအရှည် ငါးမိုင်ဝန်းကျင်ရှိ ရန်ကုန်မြို့ကမ်းနားလမ်းတွင် ကွန်ကရစ်လမ်းသစ်ဖောက်လုပ်ခဲ့စဉ်က ကမ်းနားလမ်းမဟောင်းဘေးရှိ အရိပ်ရသက်တမ်းရင့်သစ်ပင်ကြီးအများစု ပျောက်ကွယ်ခဲ့ရသည်။ ထိုအပင်များကို အစားထိုးရန် သစ်ပင်အသစ်များ ပြန်လည်စိုက်ပျိုးထားသည်မှာ လေးနှစ်ဝန်းကျင်ရှိလာသော်လည်း အရိပ်ခိုနိုင်ခြင်းမရှိသေးသဖြင့် ကမ်းနားလမ်းဟောင်းနှင့် လမ်းသစ်လမ်းတို့၌ လမ်းသွားလမ်းလာများအနေဖြင့် အပူဒဏ်အောက်တွင် သွားလာနေကြရသည်။

ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်များကြောင့် ယခုအခါ တစ်နိုင်ငံလုံးတွင် နေ့အပူချိန်များ မြင့်တက်လာလျက်ရှိသည်။ ပြည်တွင်းရှိ မြို့ကြီးအချို့တွင် မေ ၁၈ ရက်က အမြင့်ဆုံး အပူချိန်အဖြစ် ၄၂ စင်တီဂရိတ်ရှိသည်ဟု သတင်းများမှ သိရသည်။

ရာသီဥတု ပူပြင်းခြောက်သွေ့သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆယ်စုနှစ်နှစ်ခုဝန်းကျင် လုပ်ဆောင်ခဲ့ပြီးဖြစ်ကာ ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း ထင်းအဖြစ်အသုံးပြုရန်နှင့် စီးပွားဖြစ်အသုံးပြုရန် ထန်းပင်များ၊ အရိပ်ရအပင်ကြီးများကို ခုတ်လှဲကြသည့်အတွက် အပင်ကြီးများ အများအပြား အချိန်တိုအတွင်း ပျောက်ကွယ်ခဲ့ရသည်။ ထိုအပင်ကြီးများအတွက် ပြန်လည်အစားထိုး စိုက်ပျိုးသည့်တိုင်အောင် ရှင်သန်ကြီးထွားလာအောင် နှစ်ကာလရှည်လျားစွာ အချိန်ပေး စောင့်ကြည့်ပေးရတော့မည်ဖြစ်သည်။

**ဒီရေတောများ**

သစ်ငုတ်ကျန်လျှင်ပင် အပင်ပြန်ပေါက်တတ်သော မြစ်ဝကျွန်းပေါ်ဒေသမှ ဒီရေတောများမှာလည်း မီးသွေးဖုတ်ရန်အတွက် အမြစ်ပါမကျန် ခုတ်လှဲထုတ်ယူခြင်း ခံရသောကြောင့် ဒီရေတာများ ကွယ်ပျောက်လာသလို လယ်အဖြစ် ပြောင်းလဲလုပ်ကိုင်လာခြင်းတို့ကြောင့်လည်း ဒီရေတောအများစု ပျောက်ကွယ်ခဲ့ရသည်။

ပင်လယ်ပြင်မှ ရေနှင့် လေဒဏ်ကို အကာအကွယ်ပေးထားသော သစ်တောများ မရှိတော့သဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်သော နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့် ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် လူအများအပြား ထိခိုက်သေဆုံးခြင်းနှင့်အတူ အိုးအိမ်များ၊ လုပ်ငန်းခွင်များပါ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ခဲ့ရသည်။ လက်ရှိအချိန်တွင်မူ ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်းကို လူမှုရေးအသင်းအဖွဲ့အချို့က ငွေကြေးအကုန်အကျခံကာ လုပ်ဆောင်မှုများ ရှိလာနေပြီဖြစ်သည်။

**ကာကွယ်ပေးကြရန် လိုအပ်မည်**

ကုက္ကို၊ ညောင်ပင် အစရှိသည့် သစ်ပင်ကြီးများမှာ ယခင်က မြန်မာနိုင်ငံ၏ မြို့တိုင်း ရွာတိုင်းနီးပါးတွင် မြင်တွေ့ခဲ့ရသော်လည်း ယခုအချိန်တွင်မူ အကြောင်းအမျိုးမျိုးကြောင့် ခုတ်လှဲခံရ၍ မြင်တွေ့ရန်ခဲယဉ်းသော သစ်ပင်များ ဖြစ်လာသည်။ အညာဒေသတွင်လည်း ထန်းတောများ ကွယ်ပျောက်မည့်အရေးကို တားဆီးကာကွယ်ရန်အတွက် လုပ်ဆောင်နေရသည်။

ထိုသို့သောအချိန်မျိုးတွင် ရောဝတီတိုင်းဒေသကြီးအတွင်း ဘိုကလေး-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မှူး-ဒလ ကားလမ်း၏ ဒေးဒရဲမြို့ဝန်းကျင်တွင် ကားလမ်းဘေးနှစ်ဖက်၌ စီတန်းနေသော ထန်းပင်တန်းအရွယ်စုံကို မြင်တွေ့နေရဆဲဖြစ်သည်။ မြင်ကွင်းလည်းလှ အရိပ်လည်းရနေသောကြောင့် ကားလမ်းချဲ့ချိန် ထိုထန်းပင်တန်းများ ခုတ်လှဲခံရကာ ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိသည်။ အကယ်၍ ထိုအပင်များကို ခုတ်လှဲမည့်အခြေအနေတစ်ခုခု ကြုံတွေ့လာရမည်ဆိုပါက ယင်းဒေသရှိ ဒေသခံများအနေဖြင့် ထိုထန်းတောများ မပျောက်ကွယ်စေရေး ကာကွယ်ပေးကြရန်လည်း လိုအပ်မည်ဖြစ်သည်။ သက်ဆိုင်ရာများအနေဖြင့်လည်း လမ်းတိုးချဲ့ရန်ရှိပါက သစ်ပင်များကို ခုတ်လှဲရခြင်းမရှိအောင် လုပ်ဆောင်ပေးစေလိုသည်။

အပူဒဏ်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းလာချိန်တွင် အရိပ်ရ သစ်ပင်ကြီးများ၏ အရိပ်နားခိုခွင့်သည် တန်ဖိုးကြီးလှသလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း သစ်ပင်ကြီးများက များစွာ အကျိုးပြုနေ၍ သက်တမ်းရင့် သစ်ပင်ကြီးများအား မည်သည့်အကြောင်းနှင့်မှ လွယ်လင့်တကူခုတ်လှဲခြင်း မပြုစေလိုပါဟု သစ်ပင်ချစ်မြတ်နိုးသူများက အကြံပြုပြောဆိုလျက်ရှိသည်။ ။

## ချောင်းဆုံမြို့နယ်မှ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၆၀၀ ကျော်ရရှိထား

**ချောင်းဆုံ မေ ၂၇**

ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာတွင် ပြီးခဲ့သည့် မေ ၁၃ ရက်က လူနေအိမ်များမီးလောင်မှု ဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် အိမ်ခြေ ၄၅ လုံး၊ အိမ်ထောင်စု ၄၅ စု လူဦးရေ ၂၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရသည်။ အဆိုပါ မီးဘေးသင့်ပြည်သူများအတွက် မွန်ပြည်နယ်အစိုးရနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ လှူဒါန်းငွေ ကျပ်သိန်း ၇၀ အပါအဝင် ရပ်ဝေးရပ်နီးမှ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများ ပေးအပ်လျက်ရှိရာ မေ ၂၄ ရက်အထိ စုစုပေါင်း အလှူငွေ ကျပ်သိန်း ၆၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အလှူငွေထဲမှ ငွေကျပ်သိန်း ၃၇၀ ကျော်ကို မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်သောအလှူငွေများအား ပြန်လည်ထူထောင်ရေးအတွက် နေအိမ်အဆောက်အအုံ ဆောက်လုပ်ရာတွင် ဆက်လက်ထောက်ပံ့ပေးသွားမည်ကြောင်း၊ မီးဘေးသင့်ခဲ့သည့်အိမ်များမှ သစ်သားအိမ်နှင့် တိုက်အိမ်များအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၈၆၉၀၀၀ စီကိုလည်းကောင်း၊ ဝါးအိမ်များအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၇၆၉၀၀၀ စီကိုလည်းကောင်း လှူဒါန်းပေးထားပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သုံးဆယ်မြို့၌ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေး

**သာယာဝတီ မေ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ ကျေးဇူးသစ္စာပရဟိတအဖွဲ့နှင့် ရန်ကုန်မြို့ရှိ စက္ခုအလင်း ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ အသက်အရွယ်အလိုက် မျက်မှန်လိုအပ်သူများအား မျက်စိအခမဲ့စမ်းသပ်ကုသမှုများကို မေ ၂၆ ရက်က ဓမ္မသုခကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လာရောက်ပြသ ကုသမှုခံယူသည့် မျက်စိဝေဒနာရှင်များထဲမှ ခွဲစိတ်ကုသမှုခံယူရန် လိုအပ်သော မျက်စိဝေဒနာရှင်များအား ရန်ကုန်မြို့ ကန်တော်လေးမျက်စိဆေးရုံတွင် အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး အတော်အသင့်မမြင်သော မျက်စိဝေဒနာရှင်များ တစ်နေရာတည်းမှာပင် အမြန်ဆုံး ကုသပေးခဲ့ကာ အခမဲ့ ကုသပေးရာတွင် မျက်စိဝေဒနာရှင်ပေါင်း ၇၀ ကျော် လာရောက်၍ ကုသမှုခံယူခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



## ကျုံပျော်မြို့၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်းဖွင့်

**ကျုံပျော် မေ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ သင်ကြားပေးမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်း ဖွင့်ပွဲကို မေ ၂၅ ရက်က အဆိုပါရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မန်းဇော်နီက သင်တန်းသားများအနေဖြင့် စက်ပြင်အတတ်ပညာကို ကြိုးစားသင်ယူကြပြီး မိမိတို့လယ်ယာလုပ်ငန်းခွင်နှင့် ဘဝရပ်တည်ရေးအတွက်အသုံးချရန် အမှာစကား ပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလိန်းကွီးနှင့် သင်တန်းဆရာများက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် သင်ကြားပေးမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတက်ရောက်သည့် သင်တန်းသားတစ်ဦးကလည်း ယခု ဒီဇယ်စက်ပြင်သင်တန်းတတ်မြောက်ပြီးပါက သင်တန်းသားများအနေဖြင့် မိမိတို့လယ်ယာလုပ်ငန်းခွင်မှ စက်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ ပြုပြင်ပေးနိုင်မည့်အပြင် ရပ်ရွာတွင်းမှ စက်ပစ္စည်းများကို ပြုပြင်ပေးခြင်းဖြင့် ရပ်ရွာအတွက်လည်း အားကိုးရကာ ဝင်ငွေလည်းရရှိလာမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယခုလို စက်မှုပညာ သင်ကြားပေးခြင်းသည် တိုင်းပြည်တိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သဖြင့် ကြိုးစားသင်ယူပြီး မိမိရပ်ရွာတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါသင်တန်းကို မေ ၂၅ ရက်မှ မေ ၂၄ ရက်အထိ တစ်လတာ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ၁၈ ကောင်၊ ၂၂ ကောင်နှင့် ၂၅ ကောင် ဒီဇယ်အင်ဂျင်များ တည်ဆောက်ပုံ၊ ဆီတွန်းပို့မှုနှင့် မီးလောင်ပေါက်ကွဲမှုအကြောင်း၊ နော်ဇယ်၊ ချောဆီ၊ ဘားများ အလုပ်လုပ်ပုံ၊ အင်ဂျင်အအေးပေးစနစ်နှင့် အင်ဂျင်ပြုပြင်နည်းစသည့် ဘာသာရပ်များကို သင်တန်းဆရာ သုံးဦးက စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# ထားဝယ်မြို့နယ်မှ ရဲတပ်ဖွဲ့စွန့်လွှတ်မြေများကို တောင်သူများထံ ပြန်လည်ပေးအပ်

**ထားဝယ် မေ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်လည် စွန့်လွှတ်သည့် ထားဝယ်မြို့နယ်အတွင်းမှ လယ်ယာမြေများကို မူလပိုင်ရှင် တောင်သူများထံသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မေ ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ထားဝယ်မြို့နယ်အတွင်း ယခင်အစိုးရအဆက်ဆက်က အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့သောမြေများကို ပြန်လည်စိစစ်ပြီး နိုင်ငံတော်ကအသုံးပြုရန်မလိုအပ်သည့် မြေယာများကို မူလပိုင်ရှင်(သို့)ပိုင်ဆိုင်ခွင့်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ဖြစ်ကြောင်း၊ ထားဝယ်မြို့နယ်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြန်လည်စွန့်လွှတ်သည့် မြေ ဧရိယာ ၂၄ ဒသမ ၄၁ ဧကရှိရာ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃) ဖြင့် မူလပိုင်ရှင်များနှင့် ပိုင်ဆိုင်ခွင့်ရှိသူ တောင်သူ ရှစ်ဦးထံ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသည့် စိစစ်ဖြေရှင်းရမည့်အမှု ၇၉ မှုရှိသည့်အနက် ၁၂ မှုကို ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းမြေများကို မှန်ကန်စွာဖြင့် အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် ရဲတပ်ဖွဲ့က ပြန်လည်စွန့်လွှတ်သည့် ထားဝယ်မြို့ဗျောတောဝရပ်ကွက်မှ မြေ ၂၄ ဒသမ ၄၁ ဧကအတွက် ယာယီပုံစံ(၃)များကို မူလပိုင်ရှင် တောင်သူရှစ်ဦးထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# မုန်တိုင်းကျလျှင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကြိုတင်သရုပ်ပြလေ့ကျင့်

**ပခုက္ကူ မေ ၂၄**

မုန်တိုင်းမကျရောက်မီအချိန်နှင့် မုန်တိုင်းကျရောက်စဉ်ကာလတွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် မည်သို့ပြုမူနေထိုင်ရမည်ကို သိရှိစေရန်ရည်ရွယ်ပြီး မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာ၌ မေ ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"သရုပ်ပြလေ့ကျင့်ခြင်းနှင့် ပတ်သက်၍ ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးနေဝင်းက သဘာဝဘေးအန္တရာယ်ကျရောက်လာတဲ့ အချိန်မှာ ပြည်သူတွေအနေနဲ့ ဘယ်လိုကြိုတင်ပြင်ဆင်ရမလဲ၊ ကြိုတင်ကာကွယ်ရမလဲဆိုတဲ့ အသိပညာတွေ၊ မုန်တိုင်းကျရောက်နေစဉ်မှာ ဘယ်လိုပြုမူနေထိုင်ရမလဲနဲ့ မုန်တိုင်းပြီးသွားတဲ့အချိန်မှာ ပြန်လည်ထူထောင်ရေး ကဏ္ဍတွေကို နားလည်သဘောပေါက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ ယခုလို သရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ် ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးတို့ကလည်း ယခုလို ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ ကြိုတင်သရုပ်ပြလေ့ကျင့်ထားခြင်းဖြင့် သဘာဝဘေးဖြစ်ပေါ်လာခဲ့ပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်နိုင်မည်ဖြစ်ကြောင်းနှင့် တစ်ပါးသူများအား အကူအညီများလည်း ပေးနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုအစီအစဉ်ကို ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူ ၅၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာအုပ်စုတွင် ပြီးခဲ့သည့်နှစ် မေလအတွင်းက လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၉၀ နီးပါး အမိုးလန်ပျက်စီးပြီး အိမ်ခြေ ၂၅ အိမ် ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**ကိုဇော်(မာတု)**

# ဟားခါးမြို့၌ သက်တမ်းလွန် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရန် လိုက်လံစစ်ဆေး



**ဟားခါး မေ ၂၄**

ချင်းပြည်နယ် ဟားခါးမြို့၌ ပြည်သူများအနေဖြင့် အစားအသောက်များကို ကျန်းမာရေးနှင့်အညီ ဘေးကင်းလုံခြုံစိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (FDA) ဦးဆောင်သည့် တာဝန်ရှိသူများအဖွဲ့က မြို့ပေါ်ရှိ စားသောက်ကုန်အရောင်းဆိုင်များကို မေ ၂၅ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်ပြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့ပေါ်ဈေးဆိုင်များကို လိုက်လံစစ်ဆေးကာ စစ်ဆေးတွေ့ရှိရသော သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများကို သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်မှ ရေကန်တူးဖော်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**သနပ်ပင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးရွာများ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ မေ ၂၅ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းများအနေဖြင့် အောက်သောင်ကျေးရွာတွင် မြေသား ရေကန်တစ်ကန် တူးဖော်ခြင်းနှင့် ညောင်ပင်စုကျေးရွာအုပ်စု၊ ညောင်ပင်စုကျေးရွာတွင် မြေသားရေကန် တစ်ကန်တူးဖော်ခဲ့ရာ လုပ်ငန်းပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ ရေပေးရေးလုပ်ငန်းများပြီးစီးသောကြောင့် အောက်သောင်ကျေးရွာရှိ အိမ်ခြေ ၉၀ မှ လူဦးရေ ၇၅၀ ခန့်နှင့် အညာစုကျေးရွာရှိ အိမ်ခြေ ၆၆ အိမ်မှ လူဦးရေ ၄၀၀ ခန့်အတွက် နွေရာသီတွင် ရေပိုမိုရရှိ သုံးစွဲနိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**

# ကျပ်တစ်သောင်းတန်၊ ငါးထောင်တန်နှင့် တစ်ထောင်တန် ငွေစက္ကူအတုများ ဘိုကလေးမြို့နယ်၌ ဖမ်းမိ

**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အဝင် နတ်ချောင်းတံတားထိပ်၌ ငွေစက္ကူအတုများ ကိုင်ဆောင်လာသူတစ်ဦးအား မေ ၂၄ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေအရ ဘိုကလေးမြို့မရဲစခန်းတွင် အမှုဖွင့်ထားသော အမှုမှကွင်းဆက်တရားခံဖြစ်သူ ဘုတလင်မြို့နယ်နေ ကျော်ကျော်မင်း(ခ) သိန်းဇော်ဦး(၄၀ နှစ်)အား ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက နတ်ချောင်းတံတားထိပ်၌ စစ်ဆေးစဉ် ထက်အောင်ကျော် ခရီးသည်တင်ယာဉ်ပေါ်၌ လိုက်ပါလာသည့် ကျော်ကျော်မင်းအား ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ပိုက်ဆံအိတ်နှင့် ကျောပိုးအိတ်အတွင်းမှ တစ်ထောင်ကျပ်တန် အတု ၃၃ ရွက်၊ ၅၀၀၀ ကျပ်တန်အတု ၆၅ ရွက်နှင့် ၁၀၀၀၀ ကျပ်တန်အတု ၂၁ ရွက်တို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ကျော်မင်းအား အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်လှိုင်သင်း**

# အိမ်ခြံဝင်းမြေဖို့ရန် တောင်ကုန်းမြေတူးစဉ် မြေပြို၍ သုံးဦးသေဆုံး

**ငပုတော မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ရေကျော်ကြီးရွာ အလကကျောင်းအနီးရှိ တောင်ကုန်းမြေကို တူးဖော်စဉ် မြေပြိုကျသဖြင့် လူသုံးဦးသေဆုံးမှု မေ ၂၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနေ ဒေါ်ငွေးကြည်၏ နေအိမ်ခြံဝင်းအတွင်း မြေဖို့ရန်အတွက် ဒေါ်ငွေးကြည်နှင့် တစ်ရွာတည်းနေသူများဖြစ်သော ဒေါ်နန်းပန်းထွေး(၅၂ နှစ်)၊ ကိုချစ်လှိုင်ထွန်း(၃၁ နှစ်)နှင့် မောင်နွေဦး(၁၀ နှစ်)တို့က တောင်ကုန်းမြေကိုတူးစဉ် မြေပြိုကျ၍ ဒေါ်ငွေးကြည်၊ ဒေါ်နန်းပန်းထွေးနှင့် မောင်နွေဦးတို့မှာ နေရာတွင် သေဆုံးခဲ့ကြကြောင်း သိရသည်။ ကိုချစ်လှိုင်ထွန်းမှာ ပြင်ပဒဏ်ရာမရရှိသော်လည်း ခန္ဓာကိုယ်တွင် နာကျင်ဒဏ်ရာများရရှိထားသောကြောင့် ရဲတပ်ဖွဲ့က ဆေးစာရေးသားကာ ငပုတောမြို့နယ်ဆေးရုံသို့ တင်ပို့ပေးထားကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က သေမှုသေခင်းဖွင့်ပြီး ဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယဉ်ကျေးလိမ္မာသင်တန်း ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေပြီးပြန်လာစဉ် ယာဉ်တိမ်းမှောက်

**မအီ မေ ၂၄**

ရခိုင်ပြည်နယ် မအီမြို့ အထကကျောင်းတွင် ဖွင့်လှစ်ပို့ချနေသည့် ယဉ်ကျေးလိမ္မာသင်တန်းစာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား ကျောင်းသူ ၂၁ ဦးကို တင်ဆောင်လာသည့်ယာဉ် တိမ်းမှောက်မှု မေ ၂၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများကို တင်ဆောင်ပြီး မအီမြို့မှ ကင်းခြေကျေးရွာသို့ ပြန်လာသည့် မော်တော်ယာဉ်သည် ကျောက်ဖြူ-ရန်ကုန်ကားလမ်းပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ နွားကိုဝင်တိုက်မိ၍ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် အသက် ၁၄ နှစ်အရွယ် ကျောင်းသူတစ်ဦးနှင့် အသက် ၁၁ နှစ်အရွယ် ကျောင်းသား တစ်ဦးတို့မှာ ဖူးရောင်ဒဏ်ရာများရရှိ၍ အမ်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးထားကြောင်း သိရသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# မကွေးမြို့၌ e-Government လုပ်ငန်း အထောက်အကူပြု သင်တန်းဆင်း

**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ဖွင့်လှစ်ခဲ့သော e-Government လုပ်ငန်းအထောက်အကူပြုသင်တန်း အမှတ်စဉ်(၂/၂၀၁၈)၏ သင်တန်းဆင်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ မေ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်း၊ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကွန်ပျူတာပညာရှင်များ၊ သင်တန်းသား သင်တန်းသူများနှင့် e-Government အကြံပေးပညာရှင်များ တက်ရောက်ခဲ့ပြီး ဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းသား သင်တန်းသူ ၆၀ အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မကွေးမြို့ဆားရှေကင်းရပ်ကွက် အမှတ်(၁) လမ်းရှိ e-Government သင်တန်းကျောင်း၌ မတ် ၁၂ ရက်မှ မေ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ဌာနဆိုင်ရာပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်သင်ကြားခဲ့ကြောင်း၊ ယခင်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သင်တန်းအမှတ်စဉ် (၁/၂၀၁၈) တွင်လည်း သင်တန်းသား သင်တန်းသူ ၆၀ အား မွေးထုတ်ပေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများနှင့် ပြည်သူများ အသိပညာ ဗဟုသုတတိုးတက်စေရေးနှင့် ပြည်သူဗဟိုပြု ဝန်ဆောင်မှုလုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် e-Government စနစ်ကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ပြီး e-Government စနစ်ရှိပါက ဒေသ၏ စီမံအုပ်ချုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှု၊ ပြည်သူ့ဝန်ဆောင်ပေးမှု ကိစ္စရပ်များတွင် ပို၍ တိုးတက်မြန်ဆန် မှန်ကန်လာမည်ဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## မီးလောင်မှုဖြစ်ပွားသည့် အိမ်ထောင်စုနှစ်စုအား ထောက်ပံ့

**မိတ္ထီလာ မေ ၂၇**

မိတ္ထီလာမြို့နယ်၌ ဆိုလာပြားဖြင့် ဘက်ထရီအိုးအားသွင်းစဉ် အပူလွန်ကဲပြီး မီးလောင်မှု မေ ၁၉ ရက်က ဖြစ်ပွားခဲ့သဖြင့် အိမ်ထောင်စုနှစ်စု မီးဘေးသင့်ခဲ့ရာ အဆိုပါ အိမ်ထောင်စုနှစ်စုအား မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မေ ၂၅ ရက်က ပေးအပ်ခဲ့သည်။

ဝန်ဇင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်ကေခိုင်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးသူဇာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးသူဇာက ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးလောင်မှုဖြစ်ပွားခဲ့သည့် အိမ်ရှင် ဦးသိန်းမင်းထိုက်အား မိတ္ထီလာခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ်တစ်သိန်းနှင့် ကျပ် ၃၇၀၀၀ ကျော် တန်ဖိုးရှိ ၁၆ မျိုးပါ ထောက်ပံ့ပစ္စည်းမျိုးစုံကို ပေးအပ်ခဲ့ကာ နေအိမ်ခေါင်းရင်းထရံ မီးလောင်သွားသည့် အိမ်ရှင် ဦးကျော်ဆန်းအား ဝန်ဇင်းရပ်ကွက် နယ်မြေ(၁၀)မှ ဦးမြင့်အောင် မိသားစုက ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## စစ်ကိုင်းမြို့၌ ဝါးအခြေခံလက်မှုထည်သင်တန်းဖွင့်

**စစ်ကိုင်း မေ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဝါးအခြေခံလက်မှုထည်သင်တန်း အမှတ်စဉ်(၁ / ၂၀၁၈)ကို စစ်ကိုင်းမြို့ရှိ ကမ္ဘောဇ ပရဟိတ အမှတ်(၁၈) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ မေ ၂၃ ရက်မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝါးအခြေခံလက်မှုထည် သင်တန်းသည် အခမဲ့သင်တန်းဖြစ်ပြီး သင်ထောက်ကူပစ္စည်းများ အခမဲ့ပေး၍ နေ့တွက်ပါပေးကာ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ အလားတူသင်တန်းကို ပြီးခဲ့သည့်နှစ်က ချောင်းဦးနှင့် ဝန်းသိုဒေသများတွင် ဖွင့်လှစ်သင်ကြားပြီးစီးခဲ့ကြောင်း သိရသည်။

"ဝါးကို အရွယ်အစား ထုထည်တူ ဝါးနှီးပြုလုပ်နည်းကို အဓိက အခြေခံထားပြီး သင်ကြားပေးနေပါတယ်၊ ဝါးနှီးပြုလုပ်ခြင်း အခြေခံပညာကို ပြုလုပ်နိုင်ပြီဆိုရင်တော့ ဝါးနဲ့ပြုလုပ်တဲ့ ခွတ်ပုံပေါင်လုပ်နည်း၊ ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက် စတဲ့ပစ္စည်းမျိုးစုံ ထည့်နိုင်တဲ့ ခြင်းတောင်းအငယ်ရက်လုပ်ခြင်း၊ ခြင်းအလုနဲ့ အသုံးပြုနိုင်တဲ့ လျှပ်စစ်မီးသီး ခြင်းအလုရက်လုပ်နည်း၊ ဝါးတိုင်ကပ်နာရီရက်လုပ်နည်းတွေကို အဆင့်ဆင့် တတ်မြောက်သွားအောင် သင်ကြားပေးမှာဖြစ်ပါတယ်၊ ဝါးအခြေခံပညာသင်တန်းကနေ အောင်မြင်ပြီးသူတချို့ကလည်း အိမ်တွင်းလက်မှုပညာနဲ့ ဝင်ငွေရှာနိုင်ကြပြီလို့ သိရပါတယ်"ဟု သင်တန်းနည်းပြ လက်ထောက်အင်ဂျင်နီယာဌာနမှ ကိုလင်းဖြိုးအောင်က ပြောသည်။

ယခုဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည်နည်းပညာသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၂၃ ရက်မှ မေ ၇ ရက်အထိဖြစ်ကာ အိမ်တွင်းလက်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေး စစ်ဆေး

**စစ်ကိုင်း မေ ၂၇**

စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ကြိုတင်ဆောင်ရွက်ထားရန် ပြည်သူများအား မြို့နယ်မီးသတ်ဦးစီးဌာနက လိုက်လံအသိပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဇာနည်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပိုးတန်းရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နယ်မြေမှူးများနှင့်အတူ ပိုးတန်းရပ်ကွက်အတွင်းရှိ နေအိမ်များ၊ စားသောက်ဆိုင်များ စက်သုံးဆီရောင်းချသည့်ဆိုင်များတွင် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်များ စနစ်တကျ ထားရှိရန်နှင့် နေအိမ်များတွင် သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းပေါက်ပြဲနေခြင်းမရှိအောင် မေ ၂၅ ရက်က လိုက်လံစစ်ဆေးကာ လိုအပ်ချက်များကို အိမ်ရှင်များအား မှာကြားခဲ့သည်။

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့ပေါ် ရပ်ကွက် ၂၃ ခုစလုံးတွင် မီးဘေးတားဆီးရေးလုပ်ငန်းများ ကြိုတင်လုပ်ဆောင်ထားကြရန် ပြည်သူများအား အသိပေးနှိုးဆော်ထားပြီးဖြစ်ကာ တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းများကိုလည်း လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝ၆၆**

# မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး၌ အသည်းရောင်အသားဝါ (စီပိုး) ကုသမှု စတင်ရန် ဆွေးနွေး



**မြစ်ကြီးနား မေ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ အသည်းရောင် အသားဝါ (စီ)ပိုး လူနာများအား ကုသမှု စတင်တော့မည်ဖြစ်ကြောင်း အသိပေးဆွေးနွေးပွဲနှင့် ရောဂါကုသမှုနှင့် စပ်လျဉ်းသည့် သင်တန်းကို အဆိုပါ ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မေ ၂၅ ရက်က ပြုလုပ်ခဲ့ကြသည်။

အသိပေးဆွေးနွေးပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကချင်ပြည်နယ်အတွင်း အသည်းရောင်အသားဝါရောဂါ(စီပိုး) ကုသမှုလုပ်ငန်းအတွက် မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးကို New Treatment Center အဖြစ် တိုးချဲ့ထည့်သွင်းပြီး စီပိုးကူးစက်ခံရသူ လူနာများအား ရောဂါအဆင့်အလိုက် ရွေးချယ်၍ မကြာမီလပိုင်းအတွင်း စတင်ကုသပေးသွားတော့မည်ဖြစ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများကိုယ်စား အထူးဝမ်းမြောက်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ အသိပေးဆွေးနွေးပွဲတွင် မြစ်ကြီးနားဆေးရုံ အုပ်ကြီး ဒေါက်တာဘုန်းမော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးမှ အသည်းရောဂါဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းနိုင်က အသည်းရောင်အသားဝါရောဂါ ကုသရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အသည်းရောင်အသားဝါ ကာကွယ်ထိန်းချုပ်ရေးစီမံချက် မန်နေဂျာ ဒေါက်တာခင်စန္ဒာအောင်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော အမျိုးသားအသည်းရောင်အသားဝါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

အသိပေးဆွေးနွေးပွဲအပြီးတွင် ရောဂါကုသမှုနှင့် စပ်လျဉ်းသည့် သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းတွင် အသည်းရောင်အသားဝါရောဂါနှင့် ပတ်သက်၍ သိသင့်သည်များ၊ နောက်ဆုံးပေါ်ဆေးဝါးများ ကိုင်တွယ်သုံးစွဲ၍ ကုသမည့်နည်းလမ်းများနှင့် စာရင်းဇယားရေးသွင်း ကောက်ယူမှုလုပ်ငန်းများကို ရန်ကုန်နှင့် မန္တလေးရှိပြည်သူ့ဆေးရုံကြီးများနှင့် အထူးကုဆေးရုံကြီးများမှ အသည်းရောဂါဆေးကုဌာန ပါမောက္ခဌာနမှူးများက သင်ကြားပို့ချပြီး နှစ်ရက်ကြာသည့် အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိ ဆေးရုံများမှ သမားတော်ကြီးများ၊ ရောဂါဗေဒဆရာဝန်ကြီး၊ လက်ထောက်ဆရာဝန်များနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ သူနာပြုများ အပါအဝင် စုစုပေါင်း ၄၁ ဦး တက်ရောက်ကြောင်း သိရသည်။

ကချင်ပြည်နယ်အနေဖြင့် မြစ်ကြီးနားမြို့တွင် အသည်းရောင်အသားဝါရောဂါ စီပိုးဖြစ်ပွားမှုမှာ လေးရာခိုင်နှုန်းဝန်းကျင်နှင့် ဘီပိုးဖြစ်ပွားမှုမှာ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် မူးယစ်ဆေးဝါးကို သွေးကြောထဲ ထိုးသွင်းသူများအကြား စီပိုးကူးစက်မှုမှာ မြင့်မားလျက်ရှိကြောင်း ပြည်သူလူထုအတွင်း အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ပြုစုထားသည့် ရောဂါဖြစ်ပွားမှု စစ်တမ်းများအရ သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဖာလိန်ဒေသခံများ၏ ဒီရေတောပြန်လည်ထူထောင်ခြင်း အတွေ့အကြုံများ အစီရင်ခံစာမိတ်ဆက်

**ရေး မေ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ် ဖာလိန်ဒေသမှ ဒေသခံများ၏ ဒီရေတော ပြန်လည်ထူထောင်ခြင်း အတွေ့အကြုံများ အစီရင်ခံစာမိတ်ဆက်ပွဲကို မေ ၂၅ ရက်က အံ့ဒင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဒီရေတော ပြန်လည်ထူထောင်ခြင်း အတွေ့အကြုံများ အစီအရင်ခံစာ စာအုပ်ကို မြန်မာဘာသာဖြင့် အုပ်ရေ ၁၀၀၀ ထုတ်ဝေကြောင်း၊ ၂၀၁၇ ခုနှစ်မှစ၍ ဒေသခံများက စုပေါင်း မှတ်တမ်းတင်ကာ သုံးလကြာအချိန်ယူပြီးမှ ထုတ်ဝေခြင်းဖြစ်ကြောင်း၊ မေ ၂၅ ရက်မှစ၍ စာအုပ်ကို လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စာနယ်ဇင်းသမားများထံ အခမဲ့ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဒေသခံ မွန်လူငယ်အဖွဲ့ထံမှ သိရသည်။

ရေးမြို့နယ် အံ့ဒင်ဒေသတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို ကန့်ကွက်သည့် အနေဖြင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ပိုမိုကောင်းမွန်လာစေရန် ထိန်းသိမ်းခြင်းအဖြစ် ဒေသခံ မွန်သံဃာတော်များ၏ ဦးဆောင်မှုဖြင့် လူငယ်များ စုပေါင်းပြီး ဒီရေတောများကို စတင်စိုက်ပျိုးခဲ့ရာ ထိုလုပ်ဆောင်မှုများကို မှတ်တမ်းတင်ပြီး စာအုပ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။




လက်ရှိအချိန်တွင် အံ့ဒင်ကျေးရွာအုပ်စုအတွင်း ဒီရေတောကေပေါင်း ၁၀၀၀ ခန့် ရှိနေပြီး စိုက်ကေ ၁၉၀ ကို ဒေသခံများ စုပေါင်းစိုက်ပျိုး ပြုစုထားဆဲဖြစ်ကြောင်း၊ ထပ်မံ၍ ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း သစ်တောဦးစီးဌာနက ဒီရေတောစိုက်ခင်း ဧက ၂၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိထံမှ သိရသည်။

**နေမျိုးထွန်း(ရေး)**

## ထိုင်း-မြန်မာ နယ်စပ် မောတောင်ဂိတ်ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေး

**မြိတ် မေ ၂၇**

ထိုင်း-မြန်မာ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မောတောင်မြို့ နယ်စပ်ဂိတ်၌ နယ်စပ်ဖြတ်ကျော် နိုင်ငံသားများ၊ ထိုင်းနိုင်ငံသားများနှင့်



ကုန်စည်များ ဖြတ်သန်းသွားလာရာတွင် ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်း ရှိ မရှိကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ မေ ၂၅ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မောတောင်နယ်စပ်ဂိတ်တွင် နိုင်ငံသားများနှင့် နိုင်ငံခြားသားများ ဖြတ်သန်းသွားလာရာ၌ ဥပဒေနှင့်အညီ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်၊ ကုန်စည်များ ဖြတ်သန်းဝင်ရောက်မှုများတွင် စစ်ဆေးလျက်ရှိသည့် အစီအမံများ စသည်တို့ကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်းတို့ ဦးဆောင်သည့်အဖွဲ့က စစ်ဆေးခဲ့ကြပြီး တာဝန်ကျဝန်ထမ်းများအား ဥပဒေနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မောတောင်နယ်စပ်ဂိတ်သည် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင် စင်ခွန်းဂိတ်နှင့် ဆက်စပ်နေသော နယ်စပ်ဂိတ်ဖြစ်ပြီး မြန်မာနိုင်ငံသားများ၊ ထိုင်းနိုင်ငံသားများ ဖြတ်သန်းသွားလာလျက်ရှိကြသလို ကုန်စည်များလည်း ဖြတ်သန်းသယ်ပို့လျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မောတောင်နယ်စပ်ဂိတ်မှ ဖြတ်သွားမှုမှာ မြန်မာနိုင်ငံသား အဝင် ၉၄၀၀၀ ကျော်နှင့် အထွက် ၉၄၀၀၀ ကျော်ခန့်ရှိပြီး ထိုင်းနိုင်ငံသား အဝင် ၉၀၀၀ ကျော်နှင့် အထွက် ၉၀၀၀ ကျော်ခန့် ရှိခဲ့ကြောင်း အဆိုပါနယ်စပ်ဂိတ် တာဝန်ရှိသူများထံမှ သိရသည်။

**ခိုင်ထူး(မြိတ်)**

# ရှေးဟောင်းမြို့တော်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို အီတလီနိုင်ငံ ဖလောရင့်စ်တက္ကသိုလ်နှင့် ပူးပေါင်းရေးဆွဲ

**မန္တလေး ဧပြီ ၂၇**

မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍအောင်မြင်ဖြစ်ထွန်း၍ အမျိုးသားအကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အပါအဝင် ရှေးဟောင်းမြို့တော်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို အီတလီနိုင်ငံ ဖလောရင့်စ်တက္ကသိုလ်နှင့် ပူးပေါင်းရေးဆွဲကာ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်) ဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

အဆိုပါ စီမံချက်ကို ၂၀၁၆ ခုနှစ်က ရေးဆွဲပြီးစီး၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ တစ်နှစ်ကျော်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များပေါများရာ ထင်ရှားသည့် ရှေးဟောင်းမြို့တော်များဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ အမရပူရ၊ အင်းဝနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မင်းကွန်းဒေသများပါဝင်သည့် မြို့တော်ငါးမြို့တွင် ခရီးသွားများကို ဆွဲဆောင်နိုင်စေရန် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီစီမံကိန်းကို ရေတို၊ ရေလတ်နဲ့ ရေရှည်ဆိုပြီး အပိုင်းသုံးပိုင်းနဲ့ ဆောင်ရွက်နေပါတယ်၊ လက်ရှိမှာ ခရီးစဉ်တွေကို ပိုမိုကာကွယ်ထိန်းသိမ်းရင်းနဲ့ လမ်းပန်းဆက်သွယ်ရေးတွေ အဆင်ပြေအောင် ဆောင်ရွက်နေပါတယ်၊ မန္တလေးမှာဆိုရင် ခရီးသွားတွေ အဆင်ပြေအောင် သိပ္ပံလမ်းရဲ့ အပြင်ဘက်မှာ စက်ဘီးသီးသန့်သွားနိုင်အောင် လမ်းတွေ စီစဉ်ထားပါတယ်၊ ရှေးဟောင်းမြို့တော်တွေမှာပါတဲ့ ယူနက်စကိုအသိမှတ်ပြုတဲ့ သီးခြားဇုန်လေးတွေ လုပ်ဖို့ အစီအစဉ်တွေရှိတယ်၊ အခြေခံအဆောက်အအုံတွေ ပြည့်မီအောင် ဆောင်ရွက်နေတာတွေလည်း ရှိတယ်၊ မင်းကွန်းဘက်မှာဆိုရင်လည်း ရေယာဉ်တွေ ဆိုက်ကပ်ဖို့ ဆိပ်ခံတံတားတွေ လုပ်ပေးထားပါတယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း သဘောတရားအရ ခရီးသွားဧည့်သည်များမှ ဒေသ၏ ရိုးရာအမွေအနှစ်များ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ကိုက်ညီစွာပြုမူပြောဆိုနိုင်ကြစေရန် အသိပညာပေးစာအုပ်များ ဖြန့်ဝေပေးထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားများသာမက ပြည်တွင်းခရီးသွားဝင်ရောက်မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် နှစ်သိန်းကျော်နှင့် ပြည်တွင်းခရီးသွား သုံးသိန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။



**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဒေသခံများနှင့်တွေ့ဆုံ

**သုဝဏ္ဏဝတီ ဧပြီ ၂၇**

NCA စာချုပ်တွင် အဖွဲ့အစည်းပေါင်း ၁၀ ဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ အဆိုပါစာချုပ်သည် တစ်ဖက်ဖက်မှ တစ်ဖတ်သတ် အသာစီးဆွဲယူ၍ စာချုပ်ချုပ်ဆိုထားသည် မဟုတ်ကြောင်း မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး တံတားဦးကျေးရွာအုပ်စု နန်းတောင်းကြီးကျေးရွာ တံတားဦးကျောင်းသစ်သောဘိတာရာမဓမ္မာရုံ ဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၂၄ ရက်က ကျင်းပသည့် ပြည်သူလူထုတွေ့ဆုံပွဲတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောသည်။

ကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူလူထုတွေ့ဆုံပွဲ အခမ်းအနား၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-s) ၏ ဒုဥက္ကဋ္ဌ (၂) ဖြစ်သူ ဒေါက်တာ မိယဉ်ချမ်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ယခုကဲ့သို့ ပြောကြားခဲ့ပြီး JMC အတွင်းရေးမှူး (၁) KNU တပ်မဟာ (၁) မှ ဗိုလ်မှူး စောကျော်မြင့်က အဖွဲ့၏ ရည်ရွယ်ချက်များဖြစ်သည့် ပဋိပက္ခများလျှော့ချရေး၊ ပစ်ခတ်တိုက်ခိုက်မှုကို ထိမ်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူလူထုကို အကာအကွယ်ပေးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရေးအချက်များအပြင် အခြေခံမူများနှင့်အညီ အင်အားသုံးဖြေရှင်းခြင်း မရှိစေရေးအတွက် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ တာဝန်များအား ပြည်သူများအား ရှင်းလင်းပြောကြားသည် ။

ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများက ဝိုင်းဝန်းကူညီကြရန် ပြောကြားသည်။ အရပ်သားကိုယ်စားလှယ် ဒေါက်တာ မင်းနွယ်အေးက တန်းတူညီမျှရေးကို အခြေခံ၍ ဖက်ဒရယ်စနစ်ကို ထူထောင်ရာတွင် အပစ်အခတ်ရပ်စဲရေးသည် အဓိကကျကြောင်း၊ ထို့အပြင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဘာသာရေးများအတွက် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားနေတဲ့ ဒေသအတွင်း နှစ်ဖက်တပ်များ ပဋိပက္ခများမဖြစ်အောင် စောင့်ကြည့်ရေးကော်မတီအဖွဲ့အနေနှင့် သိသင့်သိထိုက်သည့် အရာများနှင့် စောင့်ထိမ်းလိုက်နာရမည့် အချက်များကို ပြည်သူလူထုသို့ အသိပေးတင်ပြရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

JMC အဖွဲ့ဝင်ဖြစ်သူ နော်ဆာထူးက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုင်ကြားမှုများအား ပြည်ထောင်စုအဆင့်ထိ တင်ပြ၍ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးဖြစ်စဉ်အား ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန် ပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်အတွင်း JMC-s (Mon) အဖွဲ့ကို ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ ပြည်သူလူထုနှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်မှာ (၁၅) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ခွန် (ဝင်းပ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**သီပေါ ဧပြီ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၅ ရက်က ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင်အနေဖြင့်လည်း မိုးမိတ်နှင့် မဘိမ်းမြို့နယ်အတွင်းရှိ ကျေးရွာများအနက် စီမံကိန်းရွေးချယ်ရာတွင် အခြေခံရမည့်မူများနှင့် ကိုက်ညီသည့် ကျေးရွာများကို စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နှစ်ယူနစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၉ ယူနစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၀ ယူနစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရှစ်ယူနစ် စုစုပေါင်း ၄၇ ယူနစ်ဖြင့် ဒေသခံ ၅၉၀၉ ဦးအတွက် ရန်ပုံငွေထုတ်ချေးငွေကျပ် သန်းပေါင်း ၁၀၆၄ အထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့သည်။

**စိုင်း (သီပေါ)**



မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားချက်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ကြီးကြပ်မှုဖြင့် ပေါင်မြို့နယ် ကျုံကကျေးရွာအုပ်ချုပ်ရေးရုံးရှေ့၌ ဧပြီ ၂၅ ရက်က မူခင်းအသိပညာပေးယာဉ်ဖြင့် မုတ္တမရဲစခန်းမှူး ရဲအုပ်အောင်မင်းကြည်နှင့် တာဝန်ရှိသူများက ဟောပြောခဲ့စဉ်။

နန္ဒကျော်စွာ

# မိုးရာသီကာလ ရေဘေးအန္တရာယ် ကာကွယ်ရန်အတွက် တာတမံများ အချိန်မီတည်ဆောက်ပြီးစီး

**မအူပင် ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်မြို့သည် ဧရာဝတီမြစ်-တိုးမြစ်နှင့် ပန်တပွတ်မြစ်တို့ ဝန်းရံလျက်ရှိသော မအူပင်ကျွန်းပေါ်တွင် တည်ရှိသည့် မြို့နယ်ဖြစ်သည်။

မအူပင်မြို့နယ်အတွင်းရှိ တာတမံများ ကာလကြာရှည်မှုကြောင့် သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရန် တာကြံ့ခိုင်မှု မရှိသဖြင့် မအူပင်တံတားအထက်ပိုင်း တလုပ်လပ်အနောက်ကျေးရွာအနီး တိုးမြစ်အရှေ့ဘက်ကမ်းတွင် သဲသောင်များ ကျယ်ပြန့်စွာ ပို့ချလာသည့်အတွက် မြစ်အနောက်ဘက်ကမ်းတွင် မြစ်ရေတိုက်စားပြီး ကမ်းပြို၊ ကမ်းစားမှုများဖြစ်ပေါ်လာသဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း တိုးမြစ်အနောက်ဘက်ကမ်း တည်ဆောက်ကာကွယ်ထားသည့် တာတမံ အလျား ပေ ၂၀၀ ခန့် မြစ်ရေတိုက်စားမှုနှင့်အတူ ထိခိုက်ပျက်စီးခဲ့ရသည်။ လာမည့် မိုးရာသီကာလတွင် မြစ်ရေတိုက်စားမှုခံရပါက တာတမံကြိုးပေါက်ပြီး ပြည်သူများ သဘာဝရေဘေးအန္တရာယ် မဖြစ်စေရန်အတွက် မူလတာတမံ၏နောက်မှ နောက်ထပ်တာတမံ ပန်းတာအသစ်တစ်ခုနှင့် ဖြတ်တာခြောက်ခု စုစုပေါင်း တာတမံ ခုနစ်ခုကို မိုးရာသီမရောက်ခင် ရေဘေးအန္တရာယ် ကာကွယ်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိတ်အေး၏ ပြောကြားချက်အရ သိရသည်။



ထိုကဲ့သို့ တာတမံများ အချိန်မီပြီးအောင် ကြိုးစားတည်ဆောက်ပေးခဲ့မှုကြောင့် လာမည့်မိုးရာသီကာလ တိုးမြစ်ရေမြင့်တက်ချိန်တွင် မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ရေဘေးအန္တရာယ် ကျရောက်မှုမှ ကာကွယ်ပေးနိုင်ပြီး စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ရာ ပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**အောင်ခိုင် (မအူပင်)၊ ဝဏ္ဏနိုင် (ညောင်တုန်း)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၊ နာတာရှည်ရောဂါခံစားနေရသူများ နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## “နာဂစ်လွန်ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာစေရေးဆီသို့”

နာဂစ်မုန်တိုင်းကျရောက်ခဲ့သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူ လူထုအသိပညာပေးအစီအစဉ်များကို အောက်ပါအတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးအပ်ပါသည်-

**နေ့ရက်** - ၂-၅-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)
**အချိန်** - ၉း၃၀နာရီမှ ၁၅း၀၀နာရီထိ
**နေရာ** - မြို့တော်ခန်းမ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

## ပြည်နယ်ပညာရေးမှူးရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကျောင်း/ရုံး အဆောက်အအုံများဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) အခြေခံပညာကျောင်း/ရုံးများ - ရှမ်းပြည်နယ်(တောင်ပိုင်း) -၂၆၀ ကျောင်း
ရှမ်းပြည်နယ်(မြောက်ပိုင်း) -၂၀၂ ကျောင်း
ရှမ်းပြည်နယ်(အရှေ့ပိုင်း) - ၅၂ ကျောင်း
၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**ရောင်းချမည့်နေရာ** - ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး (မြောက်ပိုင်း) (အရှေ့ပိုင်း) ပညာရေးမှူးရုံးခွဲများ
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၉-၅-၂၀၁၈၊ အချိန် ၁၆း၀၀ နာရီ
၄။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများသည် တာဝန်ယူဆောက်လုပ်သည့်ကျောင်းများအတွက် အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ခုံအရေအတွက်အား ဌာနမှ သတ်မှတ်ထားသောဈေးနှုန်းဖြင့် ပြုလုပ်ပေးရမည်။
၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း-လားရှိုး/အရှေ့ပိုင်း-ကျိုင်းတုံ) ပြည်နယ်ပညာရေးမှူးရုံးခွဲများတွင် နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ သာကေတစက်မှုဇုန်၊ အမှတ်(၂၄) မြမာလာလမ်း၊ မြေဧရိယာ (၁၂၅'×၁၀၀') ပေါ်ရှိ (၈၀'×၈၀'×၂၅') အဆောက်အအုံတစ်လုံးနှင့် မြေကွက်လွတ်ဧရိယာ ၅၆၆.၇၀၉ စတုရန်းမီတာတို့ကို တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၅နှစ်သက်တမ်းစာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။
(ဂ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၄-၂၀၁၈ရက်မှ ၂၉-၅-၂၀၁၈ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀ နာရီထိ
(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၃၁-၅-၂၀၁၈ရက် ၁၂း၀၀နာရီ
(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၅-၂၀၁၈ရက် မွန်းလွဲ ၁း၀၀နာရီ
(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(ဆ) **Deposit ပေးသွင်းနိုင်သည့်ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင်ဖော်ပြထားပြီးဖြစ်ပါသည်။
(ဇ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဈ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်
၂။ အဆိုပါအဆောက်အအုံနှင့် မြေကွက်လွတ်ဧရိယာ ၅၆၆.၇၀၉ စတုရန်းမီတာတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မန္တလေးမြို့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ်မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်/ကောလိပ်များ၏ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ပါဝင်စားသော ကုမ္ပဏီများအားအိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က)တည်ဆောက်ရေးလုပ်ငန်းများ - (၃၃)ခု
၂။ **တင်ဒါလျှောက်လွှာပုံစံများ** - ၃၀-၄-၂၀၁၈ရက်
**စတင်ရောင်းချမည့်ရက်အချိန်** နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၅-၂၀၁၈ရက် နံနက် ၉း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်းလာရောက်စုံစမ်းနိုင်ပါသည်။
(က) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်း ၃၀၊ ၇၀× ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၀၂၈၃၊ ၀၂-၃၉၁၈၆

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (ဧပြီလမှစက်တင်ဘာလ)အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-
(က) အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် အရှည် ၄၀၀၀ ပေအား သံကူကွန်ကရစ်ဖြင့် ကျောက်တုံးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း
(ခ) အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် အရှည် ၈၂၀၀ပေ၊ အကျယ် ၁၆ပေ၊ ၁၀ လက်မထု၊ ၁ ပေ ၆ လက်မအကျယ် ရေမြောင်း ၂ ဖက်နှင့် ကတ်တုံးအပါအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း
၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ တင်ဒါအဆိုပြုလွှာကို ၂၅-၄-၂၀၁၈ ရက်မှစတင်ဝယ်ယူနိုင်ပြီး ၂၄-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့တင်သွင်းရန်၊ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင် Profile များကိုပါ တင်ပြရမည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**(က) ဖုန်း-၀၉-၄၃၀၇၉၂၆၈**
**(ခ) ဖုန်း-၀၉-၄၃၀၇၉၂၇၅**
**(ဂ) ဖုန်း-၀၉-၉၇၀၈၀၁၉၄၆**
**(ဃ) ဖုန်း-၀၉-၄၉၈၇၃၄၄၇**

**တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅)နှင့် နေပြည်တော်ထိန်းသိမ်းရေး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလ)အတွင်း တာဝန်ယူဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများနှင့် ဘိလပ်မြေသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)၊ ငွေစာရင်းဌာနစိတ်နှင့် ဖုန်း-၀၉-၇၉၉၂၂၀၃၆၇၊ ၀၉-၇၉၇၉၀၈၇၇၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် ပစ္စည်းတန်ဖိုးအပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)၊ ငွေစာရင်းဌာနစိတ်၊ ဘဲကုန်းဆည်မြောင်းဝင်း၊ ပျဉ်းမနားမြို့တွင် ဝယ်ယူနိုင်ပါသည်။
၃။ (က) **တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၃၀-၄-၂၀၁၈ ရက် (ရုံးချိန်အတွင်း)
**(Profile အထောက်အထားများတင်ပြရမည်။)**
(ခ) **လျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၄-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၅-၂၀၁၈ရက် နံနက် ၁၀နာရီ
(ဃ) **တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံးဝင်း (ဓမ္မာရုံ)၊ ဘဲကုန်းဝင်း၊ တည်ဆောက်ရေး(၅)၊ ပျဉ်းမနားမြို့၊

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ် (၂/၂၀၁၈)

၁။ တရားရေးဝန်ထမ်းအဆင့်(၄) ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၁၉-၅-၂၀၁၈ ရက် (စနေနေ့)နှင့် ၂၀-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့)များတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့လျှောက်လွှာတင်သွင်းခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အောက်ပါအစီအစဉ်အတိုင်း ရုံးချိန်အတွင်း ဖြေဆိုမည့်သူကိုယ်တိုင် လာရောက်ထုတ်ယူရမည်-

| | စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေရာ | ထုတ်ယူရမည့် နေ့ရက် |
| --- | --- | --- |
| ကချင်၊ကယား၊ချင်း စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း | တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး | ၁၇-၅-၂၀၁၈ မှ ၁၈-၅-၂၀၁၈ ထိ |
| ကရင်၊ တနင်္သာရီ၊ပဲခူး မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ | တိုင်းဒေသကြီးတရားရေး ဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး | ၁၇-၅-၂၀၁၈ မှ ၁၈-၅-၂၀၁၈ ထိ |

(စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ပြသရမည်ဖြစ်ပါသည်။)
၃။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ ဥပဒေ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ် (၄)ခု ဖြေဆိုရမည်ဖြစ်ပြီး တစ်ဘာသာလျှင် ၂ နာရီ မေးခွန်းဖြေဆိုရမည်ဖြစ်သည်။
၄။ ခုံအမှတ်စာရင်း၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၁၇-၅-၂၀၁၈ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံးတို့တွင် ကြော်ငြာထားပါမည်။
**မှတ်ချက်။** (စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို စာပိုဒ် ၂ ပါ သတ်မှတ်ရက်များအတွင်း လာရောက်ထုတ်ယူရန်ဖြစ်သည်။ သတ်မှတ်ရက်ကျော်လွန်ပါက ထုတ်ပေးမည်မဟုတ်ပါ။)

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ထိ ပဉ္စမနှစ်ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမနှစ်အင်ဂျင်နီယာဘွဲ့စာမေးပွဲများ၊ ဘွဲ့လွန်ဒီပလိုမာ(အချိန်ပြည့်၊ အချိန်ပိုင်း) စာမေးပွဲများနှင့် မဟာအင်ဂျင်နီယာဘွဲ့စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။
၂။ **ကျင်းပမည့်ရက်** - ၂၆-၅-၂၀၁၈ရက် (စနေနေ့)
**ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
**ကျင်းပမည့်အချိန်** - နံနက် ၈း၀၀နာရီ
**အစမ်းလေ့ကျင့်မည့်ရက်** - ၂၅-၅-၂၀၁၈ရက် (သောကြာနေ့)
**အစမ်းလေ့ကျင့်မည့်အချိန်** - နံနက် ၈း၀၀နာရီ
၃။ ဘွဲ့လျှောက်လွှာပုံစံများကို နှစ်လအတွင်း ရိုက်ကူးထားသော (၂"×၁½") အရွယ်ဓာတ်ပုံသုံးပုံနှင့် မှတ်ပုံတင်မိတ္တူ (၁) စုံပူးတွဲ၍ ၄-၅-၂၀၁၈ရက် နောက်ဆုံးထားပြီး ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင်ရယူဖြည့်စွက်လျှောက်ထားနိုင်ပါသည်။
၄။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ပေးသွင်းရပါမည်။
၅။ ဘွဲ့ဝတ်စုံထောက်ခံစာများကို ၂၁-၅-၂၀၁၈ရက်မှ ၂၂-၅-၂၀၁၈ရက်ထိ ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။
၆။ ဘွဲ့တက်ရောက်ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့) အနောက်တိုင်းဝတ်စုံအပြည့် (ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီသော မြန်မာထဘီ၊ အင်္ကျီနှင့်တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ရပါမည်။
၇။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၉-၄၅၅၀၇၇၉၀၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**မှူးမှူးဝင်းရှိန်**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန**

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
| --- | --- | --- |
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှဖွင့်လှစ်သော Travle Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁)အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ(သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုနှင့် Opera System သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအောင်နှင့် ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် Laundry သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများ |
| ၅။ | အစားအစာနှင့်အဖျော်ယမကာကျွေးမွေးရေးနှင့် Bartending Stewarding | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများသင်တန်း(အဆင့် ၁) |
| ၆။ | အနောက်တိုင်းအစားအစာနှင့်မုန့်ထုတ်လုပ်ရေးသင်တန်း(အဆင့် ၁) (European Food Production & Bakery) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ |
| ၈။ | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း အဆင့်(၂)၊ စာရင်းကိုင်(စီမံ/ဘဏ္ဍာ) Supervisor(Admin/Accts) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)အိပ်ခန်းထိန်းမှူး၊(အခန်းဌာနကြီး)F.O Supervisor(Front Office) Housekeeping Supervisor (Housekeeping) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည် |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂)စားသောက်ခန်းမှူး(အစားအစာဌာနကြီး)F&B Supervisor (F&B Service)Kitchen Supervisor (F&B Production) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရပါမည်။ |

**သင်တန်းကာလ။** ၁၀-၄-၂၀၁၈မှ ၂၂-၆-၂၀၁၈
**သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်**
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိသင်တန်းဌာနတွင်ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၅၃၃၃၉၄၈၃၆၊ ၀၁-၃၉၄၈၄၀**
Facebook Page:Hotel and Tourism Training Center-Kandawgyi
Email:infocentre.httc@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၃၂၅)၊ ဧရိယာ ၀ဒသမ၀၈၂၈ကေရှိ ဦးအေးဝင်း(ဘ) ဦးငွေမောင် ၉/လဝန(နိုင်)၀၈၂၅၄၄ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တင်ဆန်းနွယ်(ဘ)ဦးအေးဝင်း ၉/လဝန(နိုင်)၁၂၁၄၇၇မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိ စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်ယူသူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ လက္ကာကျေးရွာနေ (ဘ)ဦးမောင်လှကျော် ၁၁/မဥန(နိုင်) ၀၄၆၉၃၂၏သမီး မအေးမူချေ၏ အမည်မှန်မှာ မအေးမူ ၁၁/မဥန(နိုင်)၀၉၈၃၆၃ ဖြစ်ပါကြောင်း။

**မအေးမူ**

## မိဘအမည်မှန်

မြောက်ဦးမြို့၊ အထက၊ နဝမတန်းမှ မောင်မင်းဟိန်းနိုင်၏ မိဘအမည်မှန်မှာ ဦးမောင်ထွန်းစိန် ၁၁/မဥန(နိုင်) ၀၅၆၀၀၉ နှင့် ဒေါ်ခင်ဝင်းရီ ၁၁/ရသတ(နိုင်) ၀၅၄၂၄၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်နေ ဦးအောင်ကျော်နိုင်-ဒေါ်ရီရီစိုးတို့၏သား မောင်သူရမြင့်အောင်အား မောင်သက်လှိုင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ဟိုပင်မြို့၊ အထက(စက်ကုန်း)၊ သတ္တမတန်းမှ မောင်အောင်သီဟန်အား မောင်အောင်မင်းသန့်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့နယ်၊ ပွင့်ဖြူကျေးရွာမှ မောင်မြင့်ထွန်းဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၅-၂၀၀၀ ဖြစ်ပါသည်။

## မိဘအမည်မှန်

မြောက်ဥက္ကလာ၊ ဝေဘာဂီ (၅) ရပ်ကွက်၊ အထက(၇) အဋ္ဌမတန်း (A) မှ မောင်ညီဇော်ဖုန်း၏ မိဘအမည်မှန်မှာ ဦးကျော်သီဟ-ဒေါ်ခင်နွေနိုင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မကွေးတိုင်းတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ လေးပင်၊ အလကမှ အဋ္ဌမတန်းအောင်မြင်ခဲ့သော မောင်ထွန်းဝဏ္ဏနှင့် သတ္တမတန်းအောင်မြင်ခဲ့သော မောင်ကျော်ဇင်ထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းတင်အောင် ၈/မဘန(နိုင်)၀၈၃၄၁၂ ဖြစ်ပါကြောင်း။

**ဦးသန်းတင်အောင်**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ လေးပင်၊ အလကမှ သတ္တမတန်းအောင်မြင်ခဲ့သော မနန္ဒာဝေ၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်ဦး ၈/မဘန(နိုင်)၀၉၀၀၉၀ နှင့် မိခင်အမည်မှန်မှာ ဒေါ်ခင်စန္ဒာထွန်း ၈/မဘန(နိုင်)၀၈၃၃၆၆ ဖြစ်ပါကြောင်း။

**ဦးရန်နိုင်ဦး-ဒေါ်ခင်စန္ဒာထွန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၊ မြေကွက်အမှတ်-၄၃/ခ၊ မြေကွက်တည်နေရာအမှတ် (၄၃/ခ)၊ အနော်မာ(၂)လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးထွန်းမြင့် ၁၂/ဥကတ(နိုင်)၁၂၃၀၉၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြင့်သည် ၃-၆-၂၀၁၄ရက် တွင်ကွယ်လွန်သဖြင့် ဒေါ်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၆၄၃၈၄မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီး/မယားတစ်ယောက်မျှမရှိကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်တရားရုံးတွင် ကျိန်ဆိုထားသော ကျမ်းကျိန်လွှာအမှတ်-၂၀၉၄/၁၇ (၂၅-၁၀-၁၇)၊ သေစာရင်းနှင့်ဦးထွန်းမြင့်အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၆)ထပ်တိုက်တစ်လုံးရှိပြီး ပထမထပ်တွင် လျှောက်ထားသူကိုယ်တိုင် နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဒေါ်ကြည်ဝင်း ၁၂/ဥကတ(နိုင်)၀၆၄၃၈၄၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၇

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချိုနှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပြည်ထောင်စုသမ္မတ

စာမျက်နှာ ၅ ကော်လံ ၁ ❀




ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့်အဖွဲ့ ရုရှားနိုင်ငံ ဆိုချီမြို့၌ ကျင်းပသော (၉)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ တက်ရောက်




ဆိုချီမြို့၌ ကျင်းပသော (၉)ကြိမ်မြောက် လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့။

နေပြည်တော် မေ ၂၇

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် ဦးသောင်းထွန်း ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့်အဖွဲ့ဝင်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ မေ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိသည့် (၉)ကြိမ် မြောက် လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။**

အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ၌ နိုင်ငံတကာတွင် ဖြစ်ပွားနေသော မတည်ငြိမ်မှုများအား ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်း၊ နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းများ၏ ပြောင်းလဲလာသော နည်းဗျူဟာများအပေါ် ပြန်လည်တုံ့ပြန် နိုင်ရေးဆွေးနွေးကြခြင်း၊ သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများအား ဆွေးနွေးကြခြင်းနှင့် နိုင်ငံတကာတည်ငြိမ် အေးချမ်းမှုကို ပျက်ပြားစေသည့် မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှုများ တိုက်ဖျက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည့် အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အား မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားနိုင်ငံ ဗဟို လုံခြုံရေးဌာန ဒုတိယအကြီးအကဲတို့ သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၉)ကြိမ်မြောက် လုံခြုံရေး ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၆ ရက်အထိ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ ယူ-၂၁ အသင်း ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် နိုင်ပွဲစရ

ဘရူနိုင်း မေ ၂၇

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဘရူနိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်း ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။ ဒုတိယနေ့တွင် မြန်မာ ယူ-၂၁ အသင်း အနိုင်ရခဲ့သလို အိမ်ရှင်ဘရူနိုင်းအသင်းသည် နာမည်ကြီးထိုင်းအသင်းကို အနိုင်ကစားခဲ့သည်။

ဒုတိယနေ့တွင် မြန်မာ ယူ-၂၁ အသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည်

စာမျက်နှာ ၅ ကော်လံ ၁ ❂

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၇

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ နောက် ၄၈ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်။ မိုး/ဇလ




အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၂၆၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




၁၇-၂-၂၀၁၈ ရက်က ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဲခူးတိုင်းဒေသကြီးရှိ စီးပွားရေးကျွန်းစိုက်ခင်း ကေ ၁၀၀၀ အား ကြည့်ရှုစစ်ဆေးစဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း

## ပြည်သူ့လူမှုစီးပွား ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

■ မဟန်နီ ■

**နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ပါသည်။**

**ထို့သို့ ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းများတိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

**သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် အခန်းကဏ္ဍ တိုးတက်ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှ သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ် ရပ်ဆိုင်းထားသည့် အတွက် သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ ဆင်များအား ဆင်စခန်း လေးခုဖွင့်လှစ်၍ စီးပွားရေး ခရီးသွား လုပ်ငန်းအဖြစ် ပြည်သူများအပန်းဖြေနိုင်ရန် စီစဉ်ထားရှိ**

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက "စီးပွားရေးနဲ့ ပတ်သက်လို့ နိုင်ငံတော်ကနေ မူဝါဒတွေ ချမှတ်ဆောင်ရွက်နေတာတွေ ရှိပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာလည်း လယ်ယာကဏ္ဍတွေ၊ စက်မှုလက်မှု အသေးစားလုပ်ငန်းတွေ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေပါတယ်၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေတာလည်း ရှိပါတယ်၊ (၂)နှစ်တာကာလအတွင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်"ဟု ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် လမ်း၊ တံတားများ ကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိပြီး ပဲခူး-သနပ်ပင် လမ်းမကြီး အကြီးစားပြင်ဆင်မှုကို ပြီးခဲ့သည့် နှစ်နှစ်တာအတွင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်သူများသွားလာရေး အဆင်ပြေစေရန် အတွက် ရွှေကျင်ချောင်းတံတားကို စတင်တည်ဆောက်နေပြီး လာမည့် ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ တည်ဆောက်ဆဲ တံတားများလည်း ရှိကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

"လမ်း၊တံတားနဲ့ ပတ်သက်လို့ ပဲခူး-သနပ်ပင် လမ်းမကြီးကို အကြီးစားပြင်ဆင်မှုတွေ လုပ်ဆောင်ပြီးသွားပါပြီ၊ အဲဒီအတွက် ပြည်သူတွေ စိတ်ချမ်းသာမယ်လို့ မျှော်လင့်မိပါတယ်၊ တံတားနဲ့ ပတ်သက်လို့ ရွှေကျင်ချောင်းတံတားကို စတင်တည်ဆောက်နေပြီး လာမယ့် ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်မှာဖြစ်ပါတယ်၊ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ စစ်တောင်းမြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်နေတာရှိသလို ကျန်တဲ့တည်ဆောက်ဆဲ တံတားတွေလည်း ရှိပါတယ်"ဟု ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြောကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးစိုးမင်းက "အဓိကလမ်းပန်းဆက်သွယ်ရေး တိုးတက်လာတာကို တွေ့ရပါတယ်၊ ပဲခူး-သနပ်ပင် လမ်းနဲ့ ပဲခူးမြို့တွင်းလမ်းတွေမှာ ချဲ့ထွင်ပြုပြင်နေတာကို တွေ့ရတာ အားရစရာကောင်းတယ်၊

*အချပ်ပို(ခ)သို့*




ပဲခူးတိုင်းဒေသကြီးရှိ ခပေါင်းရေလှောင်ဆည်အား တွေ့ရစဉ်။



ရွှေကျင်ဆည်တမံ၏ ရေပေးဝေနေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့ ကြည့်ရှုစဉ်။

*အချပ်ပို(က)မှ*

ကျွန်တော်တို့ကျေးရွာမှာ အရင်ကလမ်းတွေ ဆိုးပါတယ်၊ မိုးတွင်းအချိန် ဗွက်ထဲရေထဲသွားခဲ့ရပြီး အခု အစိုးရလက်ထက်မှာ ကွန်ကရစ်လမ်းတွေခင်းပေးတော့ အများကြီး အဆင်ပြေတယ်၊ လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးပါ တိုးတက်ကောင်းမွန်လာပါတယ်”ဟု ပြောသည်။

**ကျေးလက်ဒေသဖွံ့ဖြိုး**

အလားတူ ကလိုင်းကျေးရွာမှ ဒေသခံ ဦးထွန်းမြင့်ကလည်း “ကျွန်တော်တို့ဆီမှာ အရင်က ရေလမ်းကို အားကိုးပြီး သွားလာနေကြရတယ်၊ လမ်းတွေ၊ တံတားတွေ အခုအစိုးရက ဆောက်ပေးပြီဆိုတော့ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့ အတိုင်းမသိ ဝမ်းသာတယ်၊ အရင်က သစ်သားတံတားတွေကို အခုကွန်ကရစ်အဆင့် တိုးမြှင့်ပြီးတော့ ဆောက်လုပ်ပေးတဲ့အတွက် အင်မတန်ကျေနပ်စရာကောင်းပါတယ်၊ ကျေးလက်ဒေသတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေတဲ့အတွက် ပြည်သူလူထုကိုယ်စား အများကြီး ဝမ်းသာပါတယ်”ဟု ပြောကြားသည်။

**စံချိန်စံညွှန်းမီအောင် ဆောင်ရွက်**

“အရင်တုန်းက လမ်းတွေက မြေသားလမ်းပဲဆိုတော့ သွားလာရေးအတွက် အခက်အခဲရှိတယ်။ နောက်ကွန်ကရစ်လမ်းကျလာတော့ ကျွန်တော်တို့အားလုံး ဝမ်းသာကြတယ်၊ ကွန်ကရစ်လမ်းခင်းတာနဲ့ ပတ်သက်ပြီး အထက်အရာရှိတွေက ကျွန်တော်တို့ကို ၇ လက်မ ၁၀ ပေဆိုပြီး စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ခိုင်းပါတယ်၊ နိုင်ငံတော်ကနေပြီးတော့ အရည်အသွေးမီအောင် ငွေကုန်ခံပေမယ့် ကုမ္ပဏီပိုင်းဆိုင်ရာ ပြည့်ဝမှုရှိ၊ မရှိ သုံးသပ်စစ်ဆေးပေးဖို့လိုမယ်လို့ ကျွန်တော်ထင်တယ်”ဟု လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ပါဝင်သည့် လမ်းကြီးကြပ်ရေးခေါင်းဆောင် ဦးပြည့်ဖြိုးအောင်က အကြံပြုပြောကြားသည်။

**အကောင်အထည်ဖော်**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လမ်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် ကွန်ကရစ်လမ်း ၂၇ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၁၀၃ မိုင် ၂ ဖာလုံ၊ ကျေးလက်လမ်းများဖြစ်သော မြေသား၊ ကျောက်ချော ၂၆၈ မိုင် ၄ ဖာလုံ၊ တံတားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် ကွန်ကရစ်တံတား ၅၉၅ စင်း၊ သစ်သားတံတား ၄၁ စင်း ၊ရေပြွန်တံတား ၅၄ စင်းတို့အား တည်ဆောက်ပေးနိုင်ခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရန် တိုက်ခန်း ၅၀၅ ခန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စနစ်တကျသုံးစွဲလာ**

“ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးနဲ့ ပတ်သက်ပြီး လက်ရှိရရှိတဲ့ ဘတ်ဂျက်တွေကို စနစ်တကျ သုံးစွဲလာနိုင်တဲ့အတွက် မြို့တိုင်း၊ မြို့တိုင်းမှာ အမှိုက်သိမ်းတဲ့ ယာဉ်တွေကို ပိုမိုဖြန့်ဝေပေးလာနိုင်တယ်၊ ရေစီးရေလာကောင်းအောင် တူးတဲ့ စက်ယန္တရားတွေနဲ့တူးပြီး ဆောင်ရွက်နိုင်ခဲ့တယ်၊ အမှိုက်ချေဖျက်စက်ကိုလည်း ပဲခူးမြို့မှာ စတင်သုံးစွဲနေပါပြီ၊ ပဲခူးမြို့တစ်မြို့လုံးနီးပါး မီးလင်းစေဖို့ စီမံချက်ချဆောင်ရွက်ပါတယ်၊ အဲဒါကတော့ ရန်ကုန်ကနေလာမယ်ဆိုရင် ညောင်အင်းလမ်းဆုံကနေ စပြီးတောက်လျှောက် နေပြည်တော်မှာ တပ်ဆင်ထားတဲ့ လမ်းမီးတိုင် ဒီဇိုင်းအတိုင်း ဘတ်ဂျက်ပိုလျှံငွေကနေပြီး တပ်ဆင်ထားတာဖြစ်ပါတယ်”ဟုလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်တိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များအတွက် ၇၅၁၅ ဘီလီယံကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရပြီး လယ်ယာကဏ္ဍအတွက် ၂ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း သုံးစွဲရန် ရည်မှန်းထားကြောင်း သိရသည်။

**ထုတ်လုပ်မှုကဏ္ဍ ပိုသုံး**

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက “စီမံကိန်းလုပ်တဲ့အခါမှာ အဓိကကတော့ တိုင်းဒေသကြီးမှာ ကဏ္ဍကြီး သုံးရပ်ရှိပါတယ်၊ အဲဒီမှာ လယ်ယာ၊ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍသုံးရပ်ရှိပြီး မျှတအောင်သုံးရပါတယ်၊ အဓိက ဘတ်ဂျက်ကို သုံးတဲ့အခါမှာ နှစ်ပိုင်းရှိတယ်၊ တစ်ခုကတော့ စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး ဘယ်လောက်သုံးမှာလဲ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လောက်သုံးမှာလဲ၊ ဒီလိုအပိုင်းမှာ ပြည်ထောင်စုရဲ့မူအရ စီမံခန့်ခွဲမှုအပိုင်းမှာ လျှော့သုံးပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထုတ်လုပ်မှုကဏ္ဍကို ပိုသုံးရတယ်ဆိုတာရှိတယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်အောင် ရည်မှန်းလုပ်ဆောင်ခဲ့ပြီး လုပ်တဲ့အခါမှာ သုံးစွဲမှုက ဘီလီယံပေါင်း ၆၆၀၀ ကျော် သုံးစွဲလိုက်တဲ့အတွက်ကြောင့် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁ ရာခိုင်နှုန်း အောင်မြင်မှုရရှိတာကို တွေ့ရပါတယ်။

“ဒါကြောင့် ဒီအောင်မြင်မှုရာခိုင်နှုန်းဟာ ၂၀၁၆-၂၀၁၇ မှာ ရာခိုင်နှုန်းပြည့်မီတယ်လို့ ပြောလို့ရပါတယ်၊ ဒီလိုပဲ ၂၀၁၇-၂၀၁၈ ခုနှစ် ရောက်လာတဲ့အခါ တိုင်းဒေသကြီးရဲ့ တိုးတက်မှုနှုန်းကို တွက်လိုက်တဲ့အခါမှာ ၇၅၁၅ ဘီလီယံကျော်သုံးဖို့ မှန်းထားတယ်၊ မှန်းထားတဲ့အတိုင်း ဆောင်ရွက်ပြီး သုံးစွဲနိုင်ခဲ့တာ တွေ့ရပါတယ်။

**ကဏ္ဍတိုင်း ဟန်ချက်ညီဖွံ့ဖြိုး**

“ဒီ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် လယ်ယာကဏ္ဍကြီးမှာ ၂ ဒသမ ၉ ရာခိုင်နှုန်း သုံးစွဲနိုင်ခဲ့တယ်၊ စက်မှုကဏ္ဍကြီးမှာ ၈ ဒသမ ၉ ရာခိုင်နှုန်း သုံးစွဲနိုင်ခဲ့တယ်၊ အခြားဆောင်ရွက်မှုတွေမှာ ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး မှန်းထားတဲ့အတိုင်းလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ မတ်လ ၃၁ ရက်မှာကုန်တဲ့ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ စုစုပေါင်း ၁၅၈ ဘီလီယံသုံးစွဲတာ ဖြစ်ပါတယ်၊ လာမယ့် ဘတ်ဂျက်မှာလည်း ဒီလိုပဲသုံးစွဲဖို့ အစီအစဉ်ရှိပါတယ်၊ ကဏ္ဍတိုင်းကို ဟန်ချက်ညီဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်”ဟု ပြောကြားသည်။

*အချပ်ပို(ဂ)သို့*




ဖြူးချောင်းဘက်စုံရေလှောင်တမံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

**တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ကွက်ငယ်တောင်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် အကူအညီများရရှိအောင် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် လူထုဗဟိုပြုလေ့လာရေးဌာနများကို တစ်မြို့နယ်လျှင် တစ်ခုစီဖြင့် စုစုပေါင်း ၂၈ ခု ဖွင့်လှစ်နိုင်ခဲ့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ






တောင်ငူမြို့၌ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(ခ)မှ*

**လူထုဗဟိုပြု လေ့လာရေးဌာနများဖွင့်**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ကွက်ငယ်တောင်သူများအတွက် နိုင်ငံတကာ အဖွဲ့အစည်းများမှ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် အကူအညီများရရှိအောင် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် လူထုဗဟိုပြု လေ့လာရေးဌာနများကို တစ်မြို့နယ်လျှင် တစ်ခုစီဖြင့် စုစုပေါင်း ၂၈ ခု ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**စံပြစက်မှုလယ်ယာဖော်ထုတ်**

တောင်သူလယ်သမားများအတွက် လိုအပ်သော မျိုးစေ့ထုတ်စိုက်ကွက်များကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မင်းလှမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့တွင် မျိုးစေ့သန့်စင်စက် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းနှင့် စံပြစက်မှုလယ်ယာဧက ၂၀၀၀ ကို ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"နွေရာသီအချိန် ကျွန်တော်တို့ရွာ သောက်သုံးရေ၊ စိုက်ပျိုးရေးရေ အတော်ခက်ခဲတယ်၊ အခုအစိုးရတက်လာတဲ့အခါမှာ ချောင်းတူးပြီး မိုးယွန်းကြီးက လွှတ်တဲ့ရေကို ရေမှတ်ပြည့်အောင်လုပ်ပေးတယ်၊ စိုက်ပျိုးရေးအတွက် အဆင်ပြေလာကြတယ်၊ သောက်သုံးရေအတွက် ရေကန်တူးဖော်စီမံပေးတဲ့ အတွက်အဆင်ပြေတယ်၊ လမ်းတွေလည်း အဆင်ပြေလာတယ်"ဟု မုက္ကလကျေးရွာမှ ဒေသခံဦးဝင်းနိုင်က ပြောကြားသည်။

**လျှပ်စစ်မြစ်ရေတင် ၃၈ ခု ဖျက်သိမ်း**

နိုင်ငံတော်အတွက် ထိရောက်မှုမရှိသော လျှပ်စစ်မြစ်ရေတင် ၃၈ ခုအား ဖျက်သိမ်းနိုင်ခဲ့ပြီး လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းပေါင်း ၂၃၆ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစောင့်ရှောက်**

ကျန်းမာရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိရာ နှစ်နှစ်တာကာလအတွင်း အခမဲ့မျက်စိစမ်းသပ်ခြင်း၊ မျက်မှန်များပေးခြင်းနှင့် ခွဲစိတ်ကုသခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းရင်းဆေးရုံဖွင့်**

ပဲခူးမြို့တွင် တိုင်းရင်းဆေးရုံ ဖွင့်လှစ်နိုင်ခဲ့ပြီး ရေတာရှည်မြို့နယ်တွင်လည်း မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျန်းမာရေးနဲ့ ပတ်သက်ပြီး ရေတာရှည်မြို့နယ်မှာ မျက်စိအထူးကု ဆရာဝန်ကြီးတွေက တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံက ထောက်ပံ့ငွေ အဖွဲ့တွေနဲ့ ပူးပေါင်းပြီး အခမဲ့မျက်စိစမ်းသပ်ခြင်း၊ မျက်မှန်များပေးခြင်းနဲ့ ခွဲစိတ်ကုသခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုတွေကို တိုင်းဒေသကြီး အစိုးရအစီအစဉ်နဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ပဲခူးမြို့မှာ တိုင်းရင်းဆေးရုံတစ်ရုံကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သလို ရေတာရှည်မြို့နယ်မှာ မကြာခင် ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

**အခက်အခဲတွေကို တင်ပြ**

"ပဲခူးတိုင်းဒေသကြီး အစိုးရကလည်း ကျန်းမာရေးကဏ္ဍမှာ စိတ်ဝင်စားမှု အားကောင်းတယ်၊ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့အခက်အခဲတွေကို တင်ပြလို့ရှိရင် တိုင်းဒေသကြီးအစိုးရအနေနဲ့ သေချာဆောင်ရွက်ပေးတယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ကနေတစ်ဆင့် တိုင်းဒေသကြီး အစိုးရထောက်ခံချက်နဲ့ နေပြည်တော်က ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန ရုံးချုပ်ကို တင်ပြမယ့်ဟာတွေရှိတယ်ဆိုရင်လည်း စနစ်တကျ လုပ်ပေးနိုင်တယ်၊ အဲဒီတော့ တိုင်းဒေသကြီးအစိုးရရဲ့ ကျန်းမာရေးကဏ္ဍအပေါ်မှာ စိတ်ဝင်စားမှု၊ ကူညီဆောင်ရွက်ပေးမှုနဲ့ ကြီးကြပ်မှုတွေဟာ အားကောင်းတယ်လို့ ပြောလိုပါတယ်"ဟု ပဲခူးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်အောင် က ပြောကြားသည်။

**ပြန်လည်ပြုပြင်**

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကမ္ဘောဇသာဒီ နန်းတော်နေရာနှင့် ကျုံးနေရာများကို အထူးအနေဖြင့် ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

"ပဲခူးမြို့ဟာ သမိုင်းဝင်မြို့လည်း ဖြစ်ပါတယ်၊ ဒါ့ကြောင့် ကမ္ဘာလှည့်ခရီးသွားတွေအတွက် ကမ္ဘောဇသာဒီနန်းတော်နေရာ၊ ကျုံးတွေနေရာ အထူးပြုပြီး ပြန်လည်ပြုပြင်နေပါတယ်၊ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ သံဃာအပါး ၁၈၀၀ အတွက် ဆွမ်းဆန်စိမ်း လှူဒါန်းတယ်၊ ပြီးတော့ နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်အတွင်းမှာ တစ်ကြိမ်တစ်ခါမှ မလုပ်ခဲ့ဖူးတဲ့ အစိုးရစာချတန်း စာအောင်သံဃာ ၂၁၁၀ အတွက် အဓိကထားပြီးတော့ လှူဒါန်းတယ်၊ အဲဒီပွဲဟာ ရွှေမော်ဓောစေတီတော်ကြီးကို အနေကဇာတင်ခြင်းနဲ့ ပြည်သူလူထု ပူးပေါင်းပြီး လှူဒါန်းတဲ့ပွဲလည်း ဖြစ်ပါတယ်၊ အဓိကရည်ရွယ်ချက်က ပူးပေါင်းပြီးဆောင်ရွက်တတ်တဲ့ အလေ့အထလေးတွေ ဖြစ်အောင်လို့ပါ။

**အဓိကထား ဆောင်ရွက်ပေးနိုင်**

"တိုင်းရင်းသားတွေအတွက်လည်း စာပေနဲ့ ယဉ်ကျေးမှုဆိုင်ရာတွေကို ထောက်ပံ့တယ်၊ တိုင်းရင်းသား ဆရာ၊ ဆရာမတွေကို ခန့်ထားနိုင်အောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ အထူးသဖြင့် တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေမှာ လမ်းနဲ့ ပတ်သက်တာတွေ၊ ကျန်းမာရေး ဆောင်ရွက်ချက်တွေပေးနိုင်အောင် အဓိကထား ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ လူမှုရေးနှင့် ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ တိုင်းဒေသကြီးကနေ ရေဘေး၊ လေဘေးနဲ့ ရခိုင်ပြည်နယ်အတွက် ကူညီဆောင်ရွက်မှုတွေလည်း ဆောင်ရွက်ခဲ့တယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

**ပြည်သူများအပန်းဖြေနိုင်**

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်အခန်းကဏ္ဍ တိုးတက်ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှ သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ်ရပ်ဆိုင်းထားသည့်အတွက် သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ ဆင်များအား ဆင်စခန်း လေးခုဖွင့်လှစ်၍ စီးပွားရေးခရီးသွားလုပ်ငန်းအဖြစ် ပြည်သူများအပန်းဖြေနိုင်ရန် စီစဉ်ထားရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

**စနစ်တကျ စီမံခန့်ခွဲ**

အဖွဲ့ပိုင်စိုက်ခင်း ၆၂၃၅ ဧက၊ ရေဝေရေလဲဧက ၁၅၀၊ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဖမ်းဆီးရရှိခဲ့သော တရားမဝင်သစ်တန် ၆၀၀၀ နီးပါးကို ဒေသဖွံ့ဖြိုးရေးအတွက် စနစ်တကျ စီမံခန့်ခွဲပေးနိုင်ခဲ့ကြောင်း သိရသည်။

*အချပ်ပို(ဃ)သို့*



မြစ်ကျိုး ၃၃ ကေဗွီအေ ဓာတ်အားခွဲရုံ၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။




ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်သို့ ဒုတိယအကြိမ် ဖြန့်ဝေပေးမည့် စည်ပင်စက်ယန္တရားများကို တွေ့ရစဉ်။

*အချပ်ပို(ဂ)မှ*

ပြည်သူကို ဝန်ဆောင်မှုပေးနိုင်ရန် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) များ ဖွင့်လှစ်ထားရှိခဲ့ကာ လုပ်ငန်းများ မြန်ဆန်အဆင်ပြေစေရန် ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဌာနနှင့် ပြည်သူ အချိန်နှင့် တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် UNDP နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အသိပညာပေးဟောပြော**

ပဲခူးတိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးဟောပြောပွဲ အကြိမ်ပေါင်း ၁၄၀ ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူ့အကျိုးအတွက် လွှတ်တော်မှလည်း ဖော်ဆောင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် နှစ်နှစ်တာကာလအတွင်း ဥပဒေခြောက်ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**စည်ပင်သာယာရေးဥပဒေ**

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က "လွှတ်တော်ရဲ့အဓိကတာဝန်ကတော့ ဥပဒေပြုရေးတာဝန် ဖြစ်ပါတယ်၊ ဥပဒေပြုရေးတာဝန် ဆောင်ရွက်တဲ့အပြင် ပြည်သူများ ကိုယ်စားပြုရေးတာဝန်တွေ၊ အပြန်အလှန် ထိန်းကျောင်းရေးတာဝန်တွေလည်း ဆောင်ရွက်တဲ့အတွက် ဒီ(၂)နှစ်တာကာလအတွင်းမှာ ဥပဒေခြောက်ခု တင်သွင်းနိုင်ခဲ့ပြီးတော့ ဒီအထဲမှာ အားရစရာအကောင်းဆုံးကတော့ ၂၀၁၆ ခုနှစ်မှာ တင်သွင်းနိုင်ခဲ့တဲ့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပဲ ဖြစ်ပါတယ်။

"ဒီလိုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့တဲ့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတွေကို ပြည်သူတွေကိုယ်တိုင် ရွေးချယ်တင်မြှောက်ပြီးတော့ ပြည်သူတွေရဲ့ မြို့ပြဘဝတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည် ဖော်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

**ဥပဒေရေးဆွဲနိုင်ရေး ကြိုးပမ်း**

"လွှတ်တော်ဆိုတာက ဒီမိုကရေစီကူးပြောင်းရေးမှာ ပြည်သူတွေရဲ့လက်တွေ့ဘဝနဲ့ ကိုက်ညီတဲ့၊ ခေတ်နဲ့ ဆီလျော်တဲ့ဥပဒေတွေကို ရေးဆွဲနိုင်ရေး စတင်ဆောင်ရွက်ရာမှာ တာဝန်ရှိတဲ့အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဥပဒေကြမ်း၊ ပဲခူးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ၊ ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေး ဥပဒေတွေကို ရေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

"ဒါ့ပြင် ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက်လည်း ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေကသက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွေမှာ ပြည်သူကို ကိုယ်စားပြုပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်**

ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် လမ်းများ တိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်မှုနှင့်အတူ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**စီးပွားရေးနဲ့ ပတ်သက်လို့ နိုင်ငံတော်ကနေ မူဝါဒတွေ ချမှတ်ဆောင်ရွက်နေတာတွေ ရှိပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာလည်း လယ်ယာကဏ္ဍတွေ၊ စက်မှု လက်မှု အသေးစားလုပ်ငန်းတွေ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေပါတယ်၊ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေတာလည်းရှိ**



သွားလာမှု အဆင်ပြေစေရန်အတွက် မင်းလှ-စိန်ကန့်လန့်လမ်း ကတ္တရာခင်းကျင်းနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

# ငြိမ်းချမ်းရေး ဦးစားပေးဆောင်ရွက်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည့် ကရင်ပြည်နယ်အစိုးရအဖွဲ့

ရှင်မင်း



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ မြန်မာ - ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအား ကြည့်ရှုစစ်ဆေးစဉ်။

**ကရင်ပြည်နယ်ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မှုနှင့်အတူ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် DKBA၊ KNU၊ KNU/ KNLA-PC တို့နှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်များကို လည်းကောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ကိုလည်းကောင်း လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးခရီးလမ်းကို အတူတကွလျှောက်လှမ်းလျက်ရှိပါသည်။

### တိုင်ပင်ညှိနှိုင်း ဆောင်ရွက်

"ကရင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးတယ်၊ ဒါ့ကြောင့် ကရင်ပြည်နယ်ရဲ့ နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်တွေကို ပြည်သူကို တင်ပြရရင် ငြိမ်းချမ်းရေးဖြစ်စဉ်တွေကိုပဲ ဦးစားပေးတင်ပြရမှာဖြစ်ပါတယ်၊ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးကို ကရင်ပြည်နယ် ဘားအံမြို့မှာ ဖွင့်လှစ်နိုင်ခဲ့တယ်၊ ဒီရုံးကို အဖွဲ့ဝင် ၁၆ ဦးနဲ့ ပါဝင်ဖွဲ့စည်းထားပါတယ်၊ အစည်းအဝေးတွေကို လစဉ်ပုံမှန် ကျင်းပခဲ့ပြီးတော့ တိုင်းရင်းသားတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးစတဲ့ကဏ္ဍအားလုံးကို တိုင်ပင်ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။

"ပြီးတော့ ကရင်ပြည်နယ် ဖာပွန်မြို့မှာ မြို့နယ်အနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ဒီလိုပဲ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို ပူးပေါင်းတိုင်ပင်ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်ပါတယ်" ဟု ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြောကြားသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိစေရန်နှင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုစာပေပွဲတော်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

### လမ်းပန်းဆက်သွယ်ရေး

ကရင်ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဦးတည်လုပ်ဆောင်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒူ-ဇာသပြင်လမ်းနှင့် မုဒုံ-မြဝတီလမ်း မြို့တွင်းအပိုင်း ကွန်ကရစ်လမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ပြင် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်ရှိ အနန်းကွင်းတံတားအရှည် ပေ ၅၀၀၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်ရှိ ဇမိချောင်းတံတားအရှည်



၁၃-၁-၂၀၁၈ ရက်က ကရင်ပြည်နယ် ဘားအံခရိုင် လူမှုအခြေပြု ဗဟိုဌာနကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ပေ ၃၃၀ နှင့် မုဒုံ-မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်ချောင်းတံတားအရှည် ပေ ၃၀၀ တို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။

"ဒုတိယဦးစားပေးက လမ်းပန်းဆက်သွယ်ရေးဖြစ်ပါတယ်၊ ကြာအင်းဆိပ်ကြီး-ချောင်းဆုံ (ဘုရားသုံးဆူ) ကွန်ကရစ်လမ်းမိုင် ၄၁ မိုင်ကို ဒီနှစ်မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်၊ တိုင်းရင်းသားတွေအတွက် ဆက်သွယ်ရေး အထူးကောင်းမွန်သွားတဲ့လမ်းဖြစ်ပါတယ်၊ တံတားပေါင်း ၁၄ စင်းကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်၊ ဒီလိုပဲပြည်နယ်အတွင်း လမ်းတွေများစွာကိုလည်း ဖောက်လုပ်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြောသည်။ *အချပ်ပို (စ) သို့*

**"ကရင်ပြည်နယ်အတွက် လျှပ်စစ်မီးဟာ ဦးစားပေးတစ်ခုဖြစ်ပါတယ်၊ အရင်က ကရင်ပြည်နယ်ရဲ့ မြို့နယ်ခုနစ်မြို့နယ်မှာ လေးမြို့နယ်သာ လျှပ်စစ်မီးရရှိပါတယ်၊ သုံးမြို့နယ်က လျှပ်စစ်မီးမရဘူး၊ အခုဆိုရင် ကြာအင်းဆိပ်ကြီးနဲ့ ကော့ကရိတ်ကို ၂၄ နာရီမီးရအောင် ဆောင်ရွက်ပြီးဖြစ်"**



မြဝတီမြို့ သုဝဏ္ဏသျှံလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ၇-၁-၂၀၁၈ ရက်က ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*အချပ်ပို (င) မှ*

"အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်မှုက အတိုင်းအတာတစ်ခုအထိ အောင်မြင်တယ်၊ တိုးတက်လာတာကို တွေ့ရတယ်၊ ကရင်ပြည်နယ်ကို လာတဲ့သူတိုင်းလည်း တွေ့မြင်သိရှိကြမှာပါ၊ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာတော့ ခရီးသွားကဏ္ဍတိုးလာတယ်၊ ဒါကလည်း အမှန်တကယ်တိုးတက်လာတာပါ" ဟု ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးစောဟန်ရည်က ပြောသည်။

**လျှပ်စစ်ဓာတ်အားရရှိရေး ဦးစားပေး**

ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသား ၁၅ သိန်းကျော် မှီတင်းနေထိုင်ရာ ကရင်ပြည်နယ်သည် ခရိုင် လေးခရိုင်၊ မြို့နယ် ခုနစ်မြို့နယ်၊ မြို့ ၁၁ မြို့၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၉၇ ရွာ ဖွဲ့စည်းတည်ရှိနေပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့သည်။

ယခင်က ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်အနက် လေးမြို့နယ်သာ လျှပ်စစ်မီးရရှိခဲ့သည်။ နှစ်နှစ်တာကာလအတွင်း မြို့နယ် နှစ်မြို့နယ် လျှပ်စစ်မီးရရှိအောင် ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသည့် ဖာပွန်မြို့နယ် လျှပ်စစ်မီးရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကရင်ပြည်နယ်အတွက် လျှပ်စစ်မီးဟာ ဦးစားပေးတစ်ခုဖြစ်ပါတယ်၊ အရင်က ကရင်ပြည်နယ်ရဲ့ မြို့နယ်ခုနစ်မြို့နယ်မှာ လေးမြို့နယ်သာ လျှပ်စစ်မီးရရှိပါတယ်၊ သုံးမြို့နယ်က လျှပ်စစ်မီးမရဘူး၊ အခုဆိုရင် ကြာအင်းဆိပ်ကြီးနဲ့ ကော့ကရိတ်ကို ၂၄ နာရီ မီးရအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်၊ ဖာပွန်မြို့နယ် တစ်ခုပဲ ကျန်ရှိနေပါတယ်၊ ကျေးရွာအနေနဲ့လည်း အရင်ကျေးရွာ ၇၀၀ အထိ ဆောင်ရွက်ထားတယ်၊ အခုနှစ်နှစ်တာအတွင်းမှာ ၂၁၃ ရွာကို ဆောင်ရွက်ပေးနိုင်တဲ့အတွက် ကျေးရွာပေါင်း ၉၀၀ ကျော် လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါတယ်၊ လျှပ်စစ်မီးရရှိရေးဟာ ကျွန်မတို့ ပြည်နယ်အတွက် အခြေခံလိုအပ်ချက် ဖြစ်တဲ့အတွက် တစ်ပြည်နယ်လုံး လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိအောင်ဆောင်ရွက်နေမှုအပေါ် ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင် က "၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ပေးပါတယ်၊ ကရင်ပြည်နယ်မှာ လျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးတစ်ရုံ တည်ဆောက်နိုင်ရေးကိုလည်း ရည်မှန်းပြီး ကြိုးစားဆောင်ရွက်နေပါတယ်၊ ဂျပန်နိုင်ငံ USC နည်းပညာနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်သွားမှာဖြစ်ပါတယ်၊ အထိုက်အလျောက်အောင်မြင်မှုရရှိခဲ့ပါတယ်၊ ဓာတ်အားစနစ် မရောက်ရှိသေးတဲ့ နေရာတွေကိုလည်း ဆိုလာစနစ်နဲ့ ဓာတ်အားပေးနိုင်အောင်လည်း ကြိုးစားခဲ့ပါတယ်၊ အသေးစားရေအားလျှပ်စစ်ဆောင်ရွက်နေပါတယ်။

"ဘားအံမြို့ပေါ်မှာလည်း ဓာတ်အားလိုင်းသန့်ရှင်းရေးတွေ၊ လမ်းမီးမလင်းတာတွေ လင်းအောင်လည်း ဆောင်ရွက်ခဲ့ပါတယ်၊ ကော့ကရိတ်မြို့နယ်မှာ မြို့သာယာလှပရေးအတွက် လမ်းမီးတွေကို ဆောင်ရွက်နိုင်ခဲ့တယ်။

"လာမယ့်ငါးနှစ်မှာ ပြည်နယ်အတွင်း ကျေးရွာအားလုံး မီးရရှိအောင် ဆောင်ရွက်မယ်၊ လျှပ်စစ်ဓာတ်အား မရရှိသေးတဲ့ ကျေးရွာဆိုရင်လည်း ဆိုလာနဲ့ပေးနိုင်အောင်၊ ရေအား လျှပ်စစ်နဲ့ ပေးနိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

**အကုန်အကျခံဆောင်ရွက်**

ပြည်နယ်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် နှစ်နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဘားအံမြို့တွင်း လမ်းများတွင် မီးပွိုင့်နှင့် အချက်ပြမီးများ တပ်ဆင်ခြင်း၊ မြဝတီမြို့ရှိ အာဇာနည်ကျောင်းတိုက်ကွင်း ဘက်စုံဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းတို့အတွက် ငွေကျပ်သန်း ၁၆၄၀ ကျော် အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘားအံမြို့ မြို့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဘားအံမြို့တွင်း လမ်းများတွင် မီးပွိုင့်များနှင့် မီးတိုင်များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

***အချပ်ပို (ဆ) သို့***



ကရင်ပြည်နယ်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ်ထူထောင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကျန်းမာရေးဌာနမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့၊ ပြည်နယ်လူမှုကယ်ဆယ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ ဆွေးနွေးကြစဉ်။



ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ နွေစပါးရက် ၉၀ မျိုး ပျိုးသက်နုကောက်ကွက်ကြဲစနစ် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာဖြင့် စိုက်ပျိုးနည်းကို ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာ စံပြလယ်ကွက်၌ ပြုလုပ်စဉ်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘားအံမြို့နယ် ထောင်ဝိကျေးရွာနှင့် တရုတ်လှကျေးရွာတွင် မြေနိမ့်လွင်ပြင်ဒေသသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစဉ်။

*အချပ်ပို (စ) မှ*

ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နှစ်နှစ်တာကာလအတွင်း အမှန်တကယ်ရေရှားပါးသည့် နေရာများအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ဘားအံမြို့နယ်တွင် ၂၂ တွင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် ၁၄ တွင်း၊ ကော့ကရိတ်မြို့နယ်တွင် ခုနစ်တွင်း စုစုပေါင်း ၄၃ တွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စက်ရေတွင်းတွေ တူးပေး**

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက "သောက်သုံးရေ ရရှိအောင်လည်း စက်ရေတွင်းတွေ တူးပေးတယ်၊ တူးပြီးတော့လည်း ရေကိုသောက်သုံးဖို့ သင့်၊ မသင့်ကို ရန်ကုန်ကိုပို့ပြီး စစ်ဆေးပေးနိုင်ခဲ့ပါတယ်၊ ပြည်သူတွေ သောက်သုံးရေကို သုံးစွဲတဲ့အခါ ရောဂါဘယကင်းစေဖို့နဲ့ ရေဝယ်ရတဲ့ဒုက္ခတွေ ကင်းစေချင်လို့ဖြစ်ပါတယ်" ဟု ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်နယ်အစိုးရ ဦးစားပေးဆောင်ရွက်သည့် ကဏ္ဍတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို ထပ်မံတိုးချဲ့နိုင်ခဲ့ကာ နှစ်နှစ်အတွင်း ဧက ၁၄၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

နှစ်နှစ်တာအတွင်း ပလပ်မြေ ၁၀၇၇ ဧက၊ မြေရိုင်း ၄၂၈ ဧက၊ တောရိုင်းမြေ ၂၉၃၃ ဧကကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"စိုက်ပျိုးရေးကဏ္ဍမှာ တချို့နေရာတွေက စိုက်ပျိုးရေမရတာ၊ တချို့နေရာတွေက ရေကြီးရေလျှံလို့ မစိုက်ပျိုးရတာတွေရှိပါတယ်၊ ဒီဟာနဲ့ပတ်သက်ပြီး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်၊ သောက်သုံးရေနဲ့ စိုက်ပျိုးရေပေးဝေတာကို ဒီကာလအတွင်းမှာ လုပ်ငန်း ၂၀ ဆောင်ရွက်နိုင်ခဲ့ပြီးတော့ အကျိုးပြုဧက ၃၈၀၀ ဖြစ်ပါတယ်၊ ရေဘေးကာကွယ်ရေးလုပ်ငန်း ၂၁ ခုကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လယ်ဧက ၇၃၁၅ ဧကကို အကျိုးပြုပေးနိုင်ခဲ့ပါတယ်။

**မွေးမြူရေးစရိတ်ကူညီထောက်ပံ့**

"မွေးမြူရေးကဏ္ဍအနေနဲ့လည်း ကျွန်တော်တို့ပြည်နယ်မှာ ယခင်ထက် ၆ ရာခိုင်နှုန်း တိုးတက်မွေးမြူလာတယ်၊ ပြည်နယ်အတွင်းမှာ ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာတဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်၊ ဒီအဖွဲ့အစည်းတွေအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးစရိတ်ကူညီထောက်ပံ့ပေးတာရှိပါတယ်၊ ထောက်ပံ့ပေးမှုက ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ငွေကျပ်သန်း ၂၀၀ ဖြစ်ပါတယ်" ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျပ်သန်း ၁၆၉ ဒသမ ၁၀ ကျပ်သန်းဖြင့် မြဝတီမြို့ အမှတ် (၅) ရပ်ကွက် သံတံတားကွေ့အနီး သောင်ရင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၈၂ ဒသမ ၁၅ ကျပ်သန်းဖြင့် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ (ရှမ်းစု) သောင်ရင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၅၈ ဒသမ ၃ သန်းဖြင့် ဝေါလေမြိုင်အနီး ဝေါလေကားလမ်း ဂေါ်လီချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၂၀၆ ဒသမ ၇၈ သန်းဖြင့် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာသံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျပ်သန်း ၃၂၈ ဒသမ ၄၆ သန်းဖြင့် မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ သောင်ရင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ဝေါလေမြိုင်မြို့အမှတ် ၁ ရပ်ကွက် ဂေါ်လီချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဘားအံမြို့နယ် ဂျိုင်းကျေးရွာ ဂျိုင်းမြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဘားအံမြို့နယ် တရုတ်လှကျေးရွာ သံလွင်မြစ်ကမ်းပြိုလုပ်ငန်းမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းအနေဖြင့် ဟိုတယ်နှင့်တည်းခိုရိပ်သာ စုစုပေါင်း ၃၀ ရှိပြီး နှစ်နှစ်တာအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှု တိုးတက်များပြားလာခဲ့ကြောင်း သိရသည်။

"ကရင်ပြည်နယ်မှာ သဘာဝက ပေးထားတဲ့ လှပတဲ့နေရာတွေ အများကြီးရှိပါတယ်၊ သဘာဝ ထုံးကျောက်ဂူတွေ များတယ်၊ ရေတံခွန်တွေလည်းရှိတယ်၊ ဒါကြောင့် ပြည်တွင်းပြည်ပခရီးသွားတွေ လာကြတယ်၊ ခရီးသွားလုပ်ငန်း တိုးတက်လာတယ်၊ တိုးတက်လာတာနဲ့အညီ သင့်တော်လျော်တဲ့ တည်းခိုနေထိုင်ရေးအတွက် အလုံး ၃၀ လောက် ထပ်မံပြီး ခွင့်ပြုချက်ရထားပါပြီ၊ နောက်ထပ်ငါးလုံး ရရှိဖို့အတွက်လည်း ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံထားပါတယ်၊ ဘားအံမြို့ ကမ်းနားလမ်းလေးနှစ်စီမံကိန်းကိုလည်း ဆောင်ရွက်နေတယ်၊ မကြာခင်မှာ ကရင်ပြည်နယ်ရဲ့ အမှတ်အသားတစ်ခုအနေနဲ့ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်၊ ဒါ့အပြင် JICA ချေးငွေနဲ့ ဘားအံမြို့ကို လွှမ်းခြုံပြီး ရေပေးဝေနိုင်အောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်"ဟု ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ပြောသည်။

*အချပ်ပို(ဇ)သို့*



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် မူလတောင်သူများနှင့် သက်ဆိုင်သူများထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များ လွှဲပြောင်းပေးအပ်စဉ်။

**"စိုက်ပျိုးရေးကဏ္ဍသည် ပြည်နယ်အစိုးရ ဦးစားပေးဆောင်ရွက်သည့် ကဏ္ဍတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း စိုက်ပျိုးမြေဧက ၈၀၀ ကျော်ကို ထပ်မံတိုးချဲ့နိုင်ခဲ့ကာ နှစ်နှစ်အတွင်း ဧက ၁၄၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့"**



(၂၆)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ကောက်သစ်စားပွဲကို ဘားအံမြို့နယ် တောင်ကလေးကျေးရွာရှိ ဖလုံပညာသဝေါင်ကွင်း၌ ကျင်းပစဉ်။

*အချပ်ပို(ဆ)မှ*

ပြည်နယ်အစိုးရအဖွဲ့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအပေါ် ဥပဒေသုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစထွန်းအောင်က "ပညာရေးကဏ္ဍမှာ ဆရာ ဆရာမတွေ တိုးလာအောင်၊ ကျောင်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးတယ်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးတွေလည်း အဆင်ပြေလာတယ်၊ ကျေးရွာအထိ မရောက်သေးတာရှိတယ်၊ ဒီအတွက်တော့ ပြည်နယ်အစိုးရကို ဆောင်ရွက်ပေးစေချင်ပါတယ်၊ ကျန်းမာရေးကဏ္ဍမှာလည်း နှစ်နှစ်အတွင်း တိုးတက်အောင် ဆောင်ရွက်နေတာတွေ့ရပါတယ်"ဟု ပြောသည်။

**ငြိမ်းချမ်းရေးအသီးအပွင့်**

အလားတူ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးမြထွန်းက "ပြည်နယ်အစိုးရက တာဝန်ယူတဲ့ နှစ်နှစ်တာအတွင်း တိုးတက်မှုကို တွေ့ရတယ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းလာတော့ ပြည်နယ်ရဲ့စီးပွားရေးတိုးတက်လာတယ်၊ ငြိမ်းချမ်းရေး အသီးအပွင့်တွေလို့လည်း ပြောလို့ရပါတယ်၊ ငြိမ်းချမ်းတော့ ကျန်တဲ့စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အားလုံးတိုးတက်ကောင်းမွန်လာတယ်"ဟု ပြောသည်။

နယ်စပ်ကုန်စည်စီးဆင်းမှု လျင်မြန်စေရန်အတွက် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)ကို ၂၀၁၅ ခုနှစ် ဩဂုတ်လမှ စတင်တည်ဆောက်ခဲ့ရာ တံတားတည်ဆောက်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးတော့မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် မေလတွင် ဖွင့်လှစ်ကာ စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် ဘားအံမြို့ သံလွင်မြစ်ကမ်း၏ အလှ

"မြဝတီကုန်သွယ်ရေးဇုန်မှာ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာအောင် ကုန်သွယ်မှု Merge System နဲ့ ဆောင်ရွက်နိုင်ဖို့ စီစဉ်နေတယ်၊ ဒီလိုဆောင်ရွက်နိုင်ဖို့ ကုန်သည်နဲ့ ဝန်ထမ်းတွေကို သင်တန်းတွေလည်း ပေးနေပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ကျန်းမာရေးကဏ္ဍဆောင်ရွက်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀ ကို တိုးချဲ့ဖွင့်လှစ်ပေးကာ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပညာရေးကဏ္ဍ ဆောင်ရွက်မှုအနေဖြင့် နှစ်နှစ်တာအတွင်း အခြေခံပညာအဆင့် ကျောင်း ၁၅၃ ကျောင်းကို အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းတို့ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆရာ၊ ဆရာမများလည်း ထပ်မံခန့်ထား ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နေထိုင်ရေးကိစ္စ အဆင်ပြေစေရန် နှစ်နှစ်တာအတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဘားအံမြို့တွင် အခန်း ၇၉ ခန်း၊ ကော့ကရိတ်မြို့တွင် အခန်း ၃၆ ခန်း၊ မြဝတီမြို့တွင် အခန်း ၂၅ ခန်း၊ ဖာပွန်မြို့တွင် အခန်း ၁၂ ခန်း၊ သံတောင်ကြီးမြို့တွင် အခန်း ၁၂ ခန်း၊ ဘုရားသုံးဆူမြို့တွင် အခန်း ၁၂ ခန်း၊ လိပ်သိုမြို့တွင် အခန်း ၁၂ ခန်း စုစုပေါင်း ၁၈၈ ခန်း တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။

**လူထုဗဟိုပြုစင်တာ**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကရင်ပြည်နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းကာ လူထုဗဟိုပြုစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ ကွန်ပျူတာသင်တန်း စသည်ဖြင့် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

ငြိမ်းချမ်းမှုရှိမှ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပြည်နယ်အစိုးရသည် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးလမ်းကို အတူတကွ လျှောက်လှမ်းကာ ပြည်နယ်အတွင်း ကဏ္ဍတိုင်းဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြအပ်ပါသည်။




၁၀-၂-၂၀၁၈ ရက်က ဘားအံမြို့၌ ကျင်းပသည့် ကရင်ပြည်နယ် တိုင်းရင်းသားများ ရိုးရာစာပေယဉ်ကျေးမှုပွဲတော်တွင် ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။

**"ငြိမ်းချမ်းမှုရှိမှ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပြည်နယ်အစိုးရသည် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ငြိမ်းချမ်းရေးလမ်းကို အတူတကွ လျှောက်လှမ်းကာ ပြည်နယ်အတွင်း ကဏ္ဍတိုင်းဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိ"**



ကရင်ပြည်နယ် ဘားအံမြို့၌ ဖွင့်လှစ်ထားသည့် မြန်မာတစ်နိုင်ငံလုံးတွင် တစ်ခုတည်းသာရှိသော ပိုးချည်သင်တန်းကို တွေ့ရစဉ်။